# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (12-8-2015) (၈၂၉၀)


## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၄/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)**

'w , 0e|u; ce t ywm0eay;jci;

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်စိုးအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ စဉ်ဆက်မပြတ် ပေးပို့ထောက်ပံ့သွားမည်

စာမျက်နှာ - ၃



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ပြည်သူများအတွက် ပေးပို့မည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၁**

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# ဒုတိယနာဂစ် မဖြစ်စေဖို့ရာ

ဆုနှင်းလဲ့

မြန်မာနိုင်ငံတစ်ဝန်း မုတ်သုံမိုးအားကောင်းမှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုတွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများနှင့် ကြုံတွေ့ခဲ့ရပြီး အချို့နေရာများတွင် ယခုထက်တိုင် ရေကြီးရေလျှံမှုများနှင့် စိုးရိမ်နေရဆဲအနေအထားတွင် ရှိနေသေးသည်။ လက်ရှိကာလတွင် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်ဖြစ်၍ အရေးပေါ်လိုအပ်နေသော စားနပ်ရိက္ခာ၊ ဆန်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးများ၊ သောက်သုံးရေများကို နိုင်ငံတော်အပါအဝင် ဘာသာရေး၊ လူမှုရေး အဖွဲ့အစည်းများအားလုံး၊ ပရဟိတအဖွဲ့အစည်းများအားလုံးအပြင် တစ်နိုင်တစ်ပိုင်ဖြင့် ပြည်သူလူထုတစ်ရပ်လုံးကလည်း တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာအကူအညီများ ဝင်ရောက်လာပြီဖြစ်သလို အမြို့မြို့အနယ်နယ်တိုင်းတွင်လည်း အလှူခံစခန်းများ၊ တစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့လိုက် အလှူခံများထွက်ကာ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✳







ကြေးမုံ စာတည်းရှုထောင့် ၁၂-၈-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ကြုံကြိုက်ခဲ့သည့် မြတ်ဒါန

အာဇာနည်ဟူသည် စွန့်နိုင်ခဲသောအရာဟူသမျှ စွန့်လွှတ်စွန့်စားသူဖြစ်သည်။ အသက်ကိုစွန့်လွှတ်ခြင်း၊ စည်းစိမ်ဥစ္စာဟူသမျှကို စွန့်လွှတ်ခြင်း၊ ရာထူးဌာနန္တရနှင့် မိသားစုကိုပါစွန့်လွှတ်ခြင်း စသည့်ထူးကဲသည့်စွန့်လွှတ်ခြင်းများစွာတို့ကို မြတ်သောပါရမီဖြည့်ကျင့်သူ ဘုရား၊ ရဟန္တာတို့သာ ပြုနိုင်ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၌ သဘာဝဘေးကြုံတွေ့နေရသော အချိန်ကာလတွင် လူသာမန်တို့သည်လည်း ပြုနိုင်သည့်စွန့်လွှတ်မှုများကို ပြုလုပ်လာကြသည်ကို တွေ့ရသည်။ ယင်းမှာ ဒုက္ခရောက်နေကြသူများအား ကယ်ဆယ်စောင့်ရှောက်ပေးမှုများနှင့်အတူ လှူဒါန်းစောင့်ရှောက်မှုပေးကြသူများ ဖြစ်သည်။ အလှူဒါနပြုကြသူများသည် လူတန်းစားအလွှာစုံမှ စေတနာသုံးတန်ပြဋ္ဌာန်း၍ လှူဒါန်းကြသူများဖြစ်သည်။

မိမိတို့ပိုင်ဆိုင်ကြသော စည်းစိမ်ဥစ္စာများအနက်မှ သဒ္ဓါတရားအနည်းအများအလျောက် ပေးအပ်လှူဒါန်းကြသည်။ စည်းစိမ်ဥစ္စာများသူများကများသည့်အလျောက်၊ စည်းစိမ်ဥစ္စာနည်းသူများက နည်းသည့်အလျောက် အနည်းအများလှူဒါန်းကြသည်။ ယင်းသည် မြန်မာတို့၏ အလှူဒါနပေးကမ်းချီးမြှောက်မှုအရာ၌ စေတနာထက်သန်ခြင်း၊ ရက်ရောခြင်း ပြယုဂ်များပင်ဖြစ်သည်။ ဘာသာတရားကို အခြေခံသည့် ကောင်းမွန်သော အစဉ်အလာများလည်း ဖြစ်သည်။

ဒါနဟုဆိုရာ၌ ဒါနတစ်မျိုးတည်းမဟုတ်ချေ။ မင်္ဂလာတရား လေးပါးဝင် အကျိုးအကြောင်းများလည်း စုံလင်ပါသည်။ ရှေးကနှုတ်တိုက်ချထားလေ့ရှိသော "သုံးတန်စေတနာ ဖြူစင်လန်းလို့၊ ပေးကမ်းဝေမျှလှူနိုင်စေ။ ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ။ ဆွေမျိုးတွေကို ပစ်မထားနဲ့၊ သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။ သန့်စင်ပြစ်မျိုး လူထုအကျိုး၊ သယ်ပိုးဆောင်ရွက်လေ။ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ"ဟူသည့် သံပေါက်အတိုင်း ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။

အလှူဒါနပြုကြရာ၌ အညံ့စားအလှူ၊ အလတ်စားအလှူ၊ အမြတ်စားအလှူ သုံးမျိုးရှိရာ ကောင်းမွန်ထက်သန်သောဆန္ဒ၊ ဝီရိယ၊ စိတ်နေစိတ်ထား၊ တွေးခေါ် မြော်မြင်မှုတို့ဖြင့် ပြုလုပ်သောအလှူ၊ မိမိသုံးစွဲသော ပစ္စည်းဝတ္ထုထက် သာလွန်မွန်မြတ်သောပစ္စည်းကို ပေးလှူသောအလှူ၊ ဒါနအကျိုးကို မမျှော်ကိုးဘဲ သူတော်ကောင်းတို့၏ အလုပ်ဟု နားလည်၍ပြုလုပ်သောအလှူ၊ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် နိဗ္ဗာန်ချမ်းသာကို ရည်သန်ဆုတောင်းပြုလုပ်သောအလှူ၊ သတ္တဝါအပေါင်းတို့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် ဘုရားလောင်းတို့ ကျင့်ဆောင်ဆည်းပူး ပေးလှူသောအလှူဟူသည့် အမြတ်စားအလှူဖြစ်အောင် အားထုတ်ကြဖို့လိုပါသည်။

ထိုသို့လှူဒါန်းကြရာ၌ အလှူခံပုဂ္ဂိုလ် ၁၄ မျိုးရှိသည့်အနက် အနိမ့်ဆုံးဖြစ်သည့် တိရစ္ဆာန်၊ သီလမရှိသော ပုထုဇဉ်၊ သီလရှိသောပုထုဇဉ်တို့ကို ယခုအခါလှူဒါန်းနေရသည်ဖြစ်ရာ အနိမ့်ဆုံးဖြစ်သော်လည်း အမြတ်ဆုံးဖြစ်နေသည်ကို သိရှိကြလျှင် ဝမ်းမြောက်ပီတိဖြစ်ကြပေလိမ့်မည်။ တိရစ္ဆာန်အားလှူက ဘဝတစ်ရာ၊ သီလမရှိသူအားလှူက ဘဝတစ်ထောင်၊ သီလရှိသောသူအားလှူက ဘဝတစ်သိန်းစသည်ဖြင့် အလှူ၏အကျိုးကို ထိုက်မည်ဖြစ်ရာ ယခုအများနှင့်ဆိုင်ရာအချိန်အခါ၌ အယုတ်၊ အလတ်၊ အမြတ်မရွေးအများအားလှူဒါန်းရသော အကျိုးအားကြောင့် ဘဝအသချေ ကောင်းကျိုးချမ်းသာများ ရရှိနိုင်ပေသည်။

ဤနေရာတွင် အမြတ်စားအလှူဖြစ်ရန်အတွက် ယခုလည်း ကောင်း၊ နောင်လည်း ကောင်းမည့် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ဩဝါဒဖြစ်သော "ပကာသန မပါကြဘဲ၊ ဒါနစုစု ကောင်းအောင်ပြုလော့၊ တစ်ခုဒါန ပါရုံမျှဖြင့် သံသရာကြီး လမ်းခရီးကား၊ ဘယ်နည်းနှင့်မျှ မဖြောင့်ကြဘူး၊ သီလအကျင့်လုံအောင်ကျင့်လျက်၊ အသင့်မေတ္တာ၊ ကရုဏာနှင့် သစ္စာခန္တီ၊ စိတ်လည်းရှည်၍ ကိုယ်စီစိတ်မှု၊ ကောင်းအောင်ပြုမှ ယခုလည်းကောင်း၊ နောင်လည်း ကောင်းလိမ့်" အဆိုအမိန့်အတိုင်း ပကာသန မဖက်ဘဲ ကောင်းသောစိတ်ထားဖြင့် လှူဒါန်းဒါနပြုကြမှသာ အမြတ်စားအလှူဖြစ်ပေလိမ့်မည်။

သို့ဖြစ်ရာ မျက်မှောက်ကာလ၌ နိုင်ငံတစ်ဝန်းရှိ လူသတ္တဝါများ ဘေးဒုက္ခကျရောက်နေသော အချိန်ကာလ၌ အချိန်အခါသင့်ဒါနပြုကြရာဝယ် ဖြူစင်သောစိတ်ထား၊ မွန်မြတ်သောစေတနာဖြင့် အမြတ်စားအလှူဒါန ပြုလုပ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။



## ပုဂံရှေးဟောင်းစေတီအမှတ် (၁၇၅၂) ပြိုကျပျက်စီး

**နေပြည်တော် ဩဂုတ် ၁၁**

ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ဩဂုတ် ၁၀ ရက်က ပုဂံယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းစေတီပုထိုးများ၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေ အနေကိုလည်းကောင်း၊ ကြိုတင်ကာကွယ်ရေး အစီအမံများနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း၊ ရှေးဟောင်းအဆောက်အအုံအမှတ်(၁၇၅၂)သို့ သွားရောက်ပြီး ပြိုကျပျက်စီးမှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးတို့သည် ရှေးဟောင်းအဆောက်အအုံ အမှတ်(၁၇၅၂) ပျက်စီးမှုအခြေအနေကို ထပ်မံ၍ အသေးစိတ်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက ပြိုကျပျက်စီးနေသည့် အစိတ်အပိုင်း၊ သဲ၊ ခဲ၊ အုတ် ကျိုးများကို စနစ်တကျ ရှင်းလင်းဖယ်ရှားထားရန်နှင့် ယခုစေတီသည် ၂၀၀၃ ခုနှစ်က ပုဂ္ဂလိကစေတနာရှင်များ၏ ဘုရားတည်ဆောက်လှူဒါန်းလိုမှုကို လက်ခံရာမှ ပုဂ္ဂလိကတည်ဆောက်လိုသူ တို့ကို ကန်ထရိုက်လွှဲသဖြင့် နည်းပညာအားနည်းမှုများ ဖြစ်သည်ကို တွေ့ရကြောင်း၊ ယခုလို မိုးဆက်လက်ရွာနေပါက အလားတူ အားနည်းဖြစ်စဉ်မျိုး ဖြစ်လာနိုင်သဖြင့် တန်ခိုးကြီး အထင်ကရစေတီများ၊ လိုဏ်ဂူဘုရားကြီးများ၏ မိုးရေအန္တရာယ် လုံခြုံမှုကို လိုက်လံစစ်ဆေးရန် လိုကြောင်း ဇုန်တာဝန်ခံအား မှာကြားသည်။

မိုးရေကြောင့် စွတ်စိုမှုများသည့် ရေပိတ်လှောင်နှင့် ရေထွက်ပေါက် အားနည်းသည့်စေတီကြီးများ၊ လိုဏ်ဂူဘုရားများအတွင်းသို့ အများပြည်သူဝင်ထွက်နေခြင်းကို ဂေါပကအဖွဲ့နှင့် ဝိုင်းဝန်းထိန်းသိမ်းရန်နှင့် ဘုရားပုထိုးပေါ်သို့ အများပြည်သူတက်ရောက်ခြင်းမပြုရန် မှာကြားသည်။

**(သတင်းစဉ်)**




# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။


### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၁**

| | |
|---|---|
| **ရန်ကုန် ရွှေဈေး** | ၇၃၃၂၀၀ - ၇၃၄၂၀၀ |
| **မန္တလေး ရွှေဈေး** | ၇၃၃၃၀၀ - ၇၃၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၃၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၆၃.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၉၉.၀၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅.၂၁၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၁၄.၃၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉.၃၇၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၉၉၁.၈၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၆.၇၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၇.၇၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | =၈၉၄.၆၈.၀၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။


ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ



# ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ စဉ်ဆက်မပြတ် ပေးပို့ထောက်ပံ့သွားမည်

**နေပြည်တော်  ဩဂုတ်  ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဒေါက်တာကံဇော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေး ဧက(၅၀၀) စံပြစိုက်ခင်းသိုလှောင်ရုံများ၌ ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် 4TV နွေးထွေးသော ကမ်းလက်များအစီအစဉ်တို့မှ ထောက်ပံ့လှူဒါန်းမည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ စုစည်းထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

အဆိုပါ ပေးပို့လှူဒါန်းသွားမည့် ပစ္စည်းများမှာ ပြည်ထောင်စုအစိုးရအဖွဲ့မှ အိမ်သုံးပစ္စည်း(၃၆)မျိုးပါ ပလတ်စတစ်ပုံးကြီး (၅၀၀၀)၊ 4TV နွေးထွေးသော ကမ်းလက်များ အစီအစဉ်မှ အိမ်သုံးပစ္စည်း (၃၃) မျိုးပါ ပလတ်စတစ် ပုံးကြီး ၁၀၀၀၊ အိမ်သုံးပစ္စည်း ၁၉ မျိုးပါ ပလတ်စတစ်ပုံးအသေး ၁၀၀၀ နှင့် တစ်လီတာဝင် ရေသန့်ဘူး ခြောက်ဘူးပါကတ် ၄၀၀ တို့ဖြစ်ရာ ၎င်းပစ္စည်းများကို ချင်းပြည်နယ် ဟားခါးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် တမူးမြို့၊ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့၊ ရခိုင်ပြည်နယ် မင်းပြားမြို့နှင့် မြောက်ဦးမြို့များရှိ ရေဘေးသင့်ပြည်သူများထံ တိုက်ရိုက်ပို့ဆောင်ထောက်ပံ့ လှူဒါန်းပေးသွားမည်ဖြစ်ပြီး ကျန်ရေဘေးသင့်ဒေသများသို့လည်း စဉ်ဆက်မပြတ် ပေးပို့ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



4TV နွေးထွေးသော ကမ်းလက်များအစီအစဉ်တို့မှ ထောက်ပံ့လှူဒါန်းမည့် ပစ္စည်းများကို တွေ့ရစဉ်။

# ရေဘေးသင့်ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများကို သင့်တင့်သောဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်စေရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်

**ရန်ကုန်  ဩဂုတ်  ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရေဘေးသင့်ဒေသများတွင် အခြေခံစားသောက်ကုန်ပစ္စည်းများကို သင့်တင့်သော ဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်စေရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက မြန်မာနိုင်ငံ ကုန်စည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသည် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရေဘေးသင့်ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများကို သင့်တင့်သော ဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်စေရန်အတွက် ညှိနှိုင်းခြင်းဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်အသင်းမှ သိရသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ရေဘေးသင့်ပြည်သူများ စားဝတ်နေရေးအတွက် လက်လီစနစ်ဖြင့် ဝယ်ယူလိုသူများအား ပြန်လည်ဖြန့်ဝေပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများ ပူးပေါင်းကာကော်မတီတစ်ရပ် ဖွဲ့စည်း၍ ဆောင်ရွက်သွားနိုင်ရေးကို ဆွေးနွေးခဲ့ပြီး ပင်လယ်ကမ်းရိုးတန်း ရေကြောင်းအသင်းနှင့် ကုန်သေတ္တာတင် မော်တော်ယာဉ်အသင်းများမှ ရေဘေးသင့်ဒေသများသို့ ပို့ဆောင်မည့် စားသောက်ကုန်ပစ္စည်းများအား ဈေးနှုန်းသက်သာစွာ သယ်ယူပို့ဆောင်နိုင်စေရေးအတွက်လည်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်းခဲ့ပြီး ရေဘေးသင့်ပြည်သူများ စားဝတ်နေရေးအတွက် အခြေခံစားသောက်ကုန် ဈေးနှုန်းတည်ငြိမ်မှုရှိရေး၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဆန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် ဆန်စပါးကုန်သည်များအသင်းမှ မြန်မာနိုင်ငံရှိ ရေဘေးသင့်ဒေသပေါင်း ၁၉ ခုသို့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် လက်ကားဖြန့်ဝေနိုင်ရေး၊ ဆီလုပ်ငန်းရှင်များအသင်း၊ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ဆားလုပ်ငန်းရှင်များအသင်းတို့ကလည်း ပဲအမျိုးမျိုး၊ ဆီ၊ ဆားနှင့် အခြေခံစားသောက်ကုန်များအား လက်ကားဖြန့်ဝေသွားရေးတို့နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးသို့ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သည်စက်မှုအသင်းချုပ်နှင့် သက်ဆိုင်ရာ ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ညွန့်ကိုကို(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဩဂုတ် ၁၈ ရက် ပြန်လည်ကျင်းပမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ်(၂/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)**
**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်ထုတ်ပြန်ခြင်း**

၁။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်(တနင်္လာနေ့)တွင် ပြုလုပ်ရန် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတစ်ဝန်း ဒေသအတော်များများ၌ သဘာဝဘေးအန္တရာယ်ကျရောက်မှု အခြေအနေများအရ ရွှေ့ဆိုင်းပါကြောင်းနှင့် ပြန်လည်ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း ဤရုံး၏ ၃-၈-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ်(၁/၂၀၁၅)ဖြင့် အသိပေးထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ သက်ဆိုင်ရာအဖွဲ့အစည်းများက ကယ်ဆယ်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ လွှတ်တော်အနေဖြင့်လည်း ဆောင်ရွက်ရမည့် ဥပဒေကြမ်းများအပါအဝင် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ အချိန်မီဆက်လက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၃။ သို့ပါ၍ ခေတ္တရွှေ့ဆိုင်းထားသည့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီခွဲအချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး တက်ရောက်ပါရန် ဖိတ်ကြားပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**(ပုံ) သူရရွှေမန်း**
**နာယက**

# ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဩဂုတ် ၁၈ ရက် ပြန်လည်ကျင်းပမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ်(၃/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)**
**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်ထုတ်ပြန်ခြင်း**

၁။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်(တနင်္လာနေ့)တွင် ပြုလုပ်ရန် ကြေညာထားသည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတစ်ဝန်း ဒေသအတော်များများ၌ သဘာဝဘေးအန္တရာယ်ကျရောက်မှု အခြေအနေများအရ ရွှေ့ဆိုင်းပါကြောင်းနှင့် ပြန်လည်ကျင်းပမည့် နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း ဤရုံး၏ ၃-၈-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၂/၂၀၁၅)ဖြင့် အသိပေးထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ သက်ဆိုင်ရာအဖွဲ့အစည်းများက ကယ်ဆယ်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ လွှတ်တော်အနေဖြင့်လည်း ဆောင်ရွက်ရမည့် ဥပဒေကြမ်းများအပါအဝင် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ အချိန်မီဆက်လက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၃။ သို့ပါ၍ ခေတ္တရွှေ့ဆိုင်းထားသည့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီအချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး တက်ရောက်ပါရန် ဖိတ်ကြားပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**(ပုံ) သူရရွှေမန်း**
**ဥက္ကဋ္ဌ**

# အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဩဂုတ် ၁၈ ရက် ပြန်လည်ကျင်းပမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ်(၄/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)**
**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပရန် ခေါ်ယူခြင်း**

အမျိုးသားလွှတ်တော်၏ ၃-၈-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၃/၂၀၁၅)ဖြင့် ရွှေ့ဆိုင်းထားသည့် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ)ခင်အောင်မြင့်**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

## ပြည်တွင်းရေးရာ

◆ **ကျောဖုံးမှ**

အမှုဆောင် အရာရှိချုပ် မစ္စ လင်းကော့ခ်၊ Thailand၊ Myanmar၊ Laos and Cambodia, Citi Bank ဌာနေကိုယ်စားလှယ် မစ္စတာ ဒယ်ရမ် ဘာကလီတို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ မစ္စ လင်းကော့ခ် နှင့် မစ္စတာ ဒယ်ရမ် ဘာကလီ တို့က မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်ချက် လုပ်ပိုင်ခွင့်စာလွှာ၌ လက်မှတ်ရေးထိုးကြသည်။

ထိုသို့မြန်မာနိုင်ငံအတွက် ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်နိုင်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်၌ ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းလာနိုင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုပိုမိုရရှိလာနိုင်ကြောင်း၊ နောင်တစ်ချိန်တွင် အဆင့်တိုးတက်လာသည်နှင့် အတိုးနှုန်းသက်သာသည့် နိုင်ငံတကာ ချေးငွေများ လွယ်ကူစွာရရှိနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတကာအရင်းအနှီးဈေးကွက်မှတစ်ဆင့် နိုင်ငံတကာ ချေးငွေသက်သေခံလက်မှတ်များရောင်းချပြီး အရင်းအနှီးများရယူနိုင်မည့် အခွင့်အလမ်းများ ရရှိလာနိုင်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတကာ ချေးငွေသက်သေခံလက်မှတ်များ ရောင်းချရန် စီစဉ်ထားခြင်း မရှိသေးသော်လည်း နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုရရှိရန်နှင့် နိုင်ငံတကာဈေးကွက်၌ ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းလာစေရန် အဓိကရည်ရွယ်ကြောင်း၊ လက်မှတ်ရေးထိုးခဲ့သည့် လုပ်ပိုင်ခွင့်စာလွှာအရ အဆိုပါဘဏ်နှစ်ခုအနေဖြင့် မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာအဆင့် သတ်မှတ်ရန် လိုအပ်သောပြင်ဆင်မှုများပြုလုပ်ရာတွင် အကြံဉာဏ်များပေးခြင်း၊ နိုင်ငံတကာအဆင့်သတ်မှတ်သည့် အေဂျင်စီများက အသုံးပြုသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပဏာမအဆင့်သတ်မှတ်မှုဆောင်ရွက်ခြင်း၊ အဆင့်သတ်မှတ်သည့် အေဂျင်စီများနှင့် အစပျိုးဆွေးနွေးခြင်း၊ အဆင့်သတ်မှတ်ရေးလုပ်ငန်းစဉ်အတွက် အချိန်ဇယားနှင့် အစီအစဉ်အသေးစိတ်ပြုစုရာတွင် အကြံဉာဏ်ပေးခြင်း စသည့်ကိစ္စများကို အဓိကအကြံပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




**ဒုတိယသမ္မတ ဦးညဏ်ထွန်း မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်ချက် သတ်မှတ်နိုင်ရန် လုပ်ပိုင်ခွင့်စာလွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

✳ **ရှေ့ဖုံးမှ**

ရေဘေးအတွက် ကူညီရန် အလှူငွေများ ယနေ့ထက်တိုင် ကောက်ခံကူညီမှုများလည်းရှိနေသည်။ လက်ရှိအချိန်တွင် နေရာအချို့မှလွဲ၍ စိုးရိမ်ရေအမှတ်များ ပြန်လည်ကျဆင်းသွားပြီဖြစ်သလို လမ်းများပြန်လည်ပြုပြင်ခြင်း၊ တံတားများ ပြန်လည်ပြုပြင်ခြင်းနှင့် နေအိမ်များ၊ ကျောင်းများ ပြန်လည်ပြုပြင်ခြင်းများအပါအဝင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများပြီးနောက် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကိုအရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရမည် ဖြစ်သည်။

လိုအပ်သော စားနပ်ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများကို လိုအပ်သည့်နေရာတိုင်းတွင် အများပြည်သူအပါအဝင် ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက နိုင်ငံတော်နှင့်အတူ ပါဝင်ကူညီဖြည့်စွက်နိုင်ကြသော်လည်း ဒေသပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုမူ နိုင်ငံတော်မှသာ တာဝန်ယူ ဆောင်ရွက်နိုင်မည်ပင်ဖြစ်သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် ကြီးမားကျယ်ပြန့်လှပြီး နိုင်ငံတော်မှ ဝန်ကြီးဌာနအသီးသီး၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူအသီးသီးတို့၏ ဆောင်ရွက်မှုများသာ ပိုမိုထိရောက် နိုင်မည်ဖြစ်ကြောင်း ပရဟိတဆောင်ရွက်နေသူများနှင့် လူမှုရေးအသင်းအဖွဲ့များတွင် ဆောင်ရွက်နေသူများက ပြောသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ဒေသတစ်ခု ထိခိုက်ပျက်စီးသွားခြင်းသည် များစွာဆုံးရှုံး နစ်နာမှုများ ကြုံတွေ့ခဲ့ရသလို ထိုဒေသ ပြန်လည်ဖွံ့ဖြိုးရေး သာမက ယခင်ရှိရင်းစွဲထက် ပိုမိုဖွံ့ဖြိုးတိုးတက်သွားအောင် ဆောင်ရွက်နိုင်ခြင်းဟူသော အခွင့်အလမ်းကိုလည်း ရရှိစေမည်ဖြစ်သောကြောင့် နိုင်ငံတော်၏အားဖြင့် ဆောင်ရွက်ခြင်းကသာ အထိရောက်ဆုံးဟု ဆိုကြသည်။ ဥပမာအားဖြင့် ဆူနာမီရေလှိုင်းကြောင့် အင်ဒိုနီးရှားအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြား ထိခိုက်ပျက်စီးမှုများ နှင့်ကြုံတွေ့ခဲ့ရာတွင် နိုင်ငံတကာအကူအညီများနှင့် သက်ဆိုင်ရာနိုင်ငံတို့၏ ကြိုးစားဆောင်ရွက်မှုတို့ဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ၌ ဆူနာမီဒဏ်မခံရမီ မူလအနေအထားထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့် အနေအထားများသို့ရောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည်မှာ အတုယူဖွယ်ကောင်းလှသည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှု အလွန်နည်းပါးပြီး ဖြစ်ပေါ်ပါကလည်း ပျက်စီးဆုံးရှုံးမှုများပြားလွန်းခြင်းကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ အသိပညာဗဟုသုတများ ကြွယ်ဝရန်၊ ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားနေချိန်တွင်ဆောင်ရွက်ခြင်းများ၊ အရေးပေါ်ကယ်ဆယ်ခြင်း၊ ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ခြင်းများ ဆောင်ရွက်ရာတွင် စီမံကိန်းချမှတ်ဆောင်ရွက်မှု အလွန်အားနည်းကြောင်းနှင့် သဘာဝဘေးအန္တရာယ်များနှင့် ဆက်စပ်နေသည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းများ အားနည်းကြောင်း ပညာရှင်တို့က သုံးသပ်သည်။ နှစ်စဉ်မုန်တိုင်းများစွာနှင့် ကြုံတွေ့နေရသော နိုင်ငံတို့တွင်ယင်းနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်မှု၊ ပြင်ဆင်မှု၊ အရေးပေါ်ကယ်ဆယ်မှု၊ ပြန်လည်ထူထောင်မှုများကို ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ကြသည်။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကြုံတွေ့မှု အလွန်နည်းပါးသော်လည်း ၂၀၀၈ ခုနှစ်က ကြုံတွေ့ခဲ့ရသည့် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့မှုတွင် လူဦးရေသိန်းကျော်သေဆုံးပျက်စီးခဲ့ရသည်။ အိုးအိမ်ပိုင်ဆိုင်မှုများစွာ ဆုံးရှုံးခဲ့ရပြီး မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးသည် မုန်တိုင်းဒဏ်ကို အကြီးအကျယ်ခံစားခဲ့ရသည်။ ကြိုတင်သတင်းထုတ်ပြန်ခြင်း၊ အရေးပေါ် ကူညီကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် အတွေ့အကြုံနည်းပါးလွန်းသည့်အတွက် ထိခိုက်မှုများပြားလွန်းခဲ့သည်။ ထိုစဉ်ကလည်း နိုင်ငံတော်အပါအဝင် ပုဂ္ဂလိကမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အဖွဲ့အစည်းများ၊ တစ်နိုင်တစ်ပိုင်စုဖွဲ့မှုတို့ဖြင့် အများပြည်သူအပေါင်းကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့်အပြင် နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း မုန်တိုင်းဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်ပေးခဲ့ကြသည်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြသော်လည်း နောက်ဆုံးရလဒ်မှာ မုန်တိုင်းဒဏ်ခံဒေသများတွင် နေထိုင်သူများ မွေးရပ်ဒေသများကိုစွန့်ခွာကာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့အခြေချလာခြင်းဟူသော အကျိုးဆက်များစွာရှိခဲ့သည်။ မိဘဆွေမျိုးသားချင်းများ သေဆုံးပျောက်ကွယ်ခဲ့ရသည့် ဒေသများကိုစွန့်ခွာကာ၊ မူရင်းဒေသတို့တွင် အသက်မွေးဝမ်းကျောင်းပြုမှုများကို စွန့်ခွာကာ ဘဝအတွက်မျှော်လင့် ချက်ရှိနိုင်မည်ဟုထင်သော ရန်ကုန်မြို့တော်ကြီးသို့ ပြောင်းရွှေ့အခြေချ အသက်မွေးဝမ်းကျောင်း ပြုလာကြသည်။

နာဂစ်မုန်တိုင်းအပြီးတွင် ရန်ကုန်မြို့၌ အလုပ်လုပ်ကိုင်သော ကလေး လူကြီးမျိုးစုံကို တွေ့မြင်ရမည်ဖြစ်သလို အမျိုးသမီးငယ်များသည်လည်း ရရာအလုပ်လုပ်ကိုင်ခြင်း၊ အချို့မှာလည်း လူကုန်ကူးခံရသည့် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရခြင်းများလည်း ရှိခဲ့သည်ဟု သိရသည်။ ရန်ကုန်သည် စီးပွားရေးမြို့တော်ဖြစ်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများရှိနေပြီး ကြုံသလိုရသလိုနေထိုင်၍ ဘဝကို ဆက်လက်ရပ်တည်ကြရန်သာရှိတော့သည်။ မူရင်းဒေသသည် နေချင်စရာမကောင်းတော့သည့်အပြင် အချို့မှာ ရွာလုံးကျွတ် ပျောက်ကွယ်သွားခြင်း၊ ကြီးမားသော စိတ်ဒဏ်ရာများ ရရှိခံစားခဲ့ရခြင်းအပြင် ဖွံ့ဖြိုးမှုအားနည်းသော မူလဒေသကို စွန့်ခွာရန်အပြင် ဘာမှမရှိတော့ပေ။ ရန်ကုန်မြို့၏ ရရာနေရာတွင် ဖြစ်သလိုနေထိုင်ခြင်းသည် ၂၀၀၈ နာဂစ်မုန်တိုင်းအပြီး ပိုမိုများပြားလာခဲ့ခြင်းပင်ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသော ဒေသတစ်ခု ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် များစွာကျယ်ပြန့်အရေးပါပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစစအရာရာတွင် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန်သာမက မူလထက် ပိုမိုတိုးတက်ကောင်းမွန်သော အနေအထားများကို ဖန်တီးပေးနိုင်ရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေသော ဒေသများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သော်ငြားသဘာဝဘေးအန္တရာယ်ကြောင့် ကူညီကယ်ဆယ်ရင်း၊ ပြန်လည်ထူထောင်ရင်းဖြင့် နဂိုမူလထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် အခြေအနေကောင်းများလည်း ရရှိလာနိုင်မည်ဟု ကျွမ်းကျင်သူများကဆိုသည်။

နိုင်ငံတော်၏အားဖြင့်မရနိုင်လျှင် နိုင်ငံတကာမှ အကူအညီများကို ရယူရမည်ဖြစ်သည်။ အခြားသော ပရဟိတအဖွဲ့အစည်းများနှင့် အများပြည်သူ၏ ပူးပေါင်းပါဝင်ကူညီမှုကိုလည်း ရယူရမည် ဖြစ်သည်။ ယင်းမှသာ ဆုံးရှုံးနစ်နာမှုများစွာကို ပြန်လည်ကုစားနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း ဒေသခံများက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခြင်းဖြင့် ဒေသလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ပင်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဗဟုသုတ အသိအမြင်ကျယ်ပြန့်လာအောင် ဆောင်ရွက်ရန် လိုအပ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်ခြင်းကိုလည်း နိုင်ငံတော်ကဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်သည်။ မဖွံ့ဖြိုးသေးသောဒေသတွင် ထင်းမီးဖိုအသုံးပြုမှုအပါအဝင် စီးပွားဖြစ်ထင်းခုတ်သည်အထိ သဘာဝပတ်ဝန်းကျင်သည် အရေးပါလှသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကြောင့် ဘေးအန္တရာယ်များ ဖြစ်ပွားသည့်အခါ ဆုံးရှုံးမှုတန်ဖိုးသည် ပိုမိုကြီးမားလွန်းလှသည်။

ထို့အတူ သဘာဝ ဘေးအန္တရာယ်ကြီးများ ကြုံတွေ့ပြီးသောအခါများတွင်လည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများသည် ပိုမိုအရေးပါသည်ဖြစ်ရာ ယခု ရေဘေးအန္တရာယ်နှင့် မြေပြိုမှုများ ကြုံတွေ့ခဲ့ရသော ဒေသများ နာဂစ်ဒဏ်ခံဒေသများကဲ့သို့ မဖြစ်ပေါ်စေရန်မှာ အားလုံးတွင်တာဝန်ရှိပါသည်။

နာဂစ်ကဲ့သို့ပင် ယခုရေဘေးတွင် လယ်ယာမြေများစွာ ပျက်စီးဆုံးရှုံးခဲ့သည်။ လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ဒေသ၏ အဓိကစီးပွားရေး အရင်းအမြစ်ကို ပြန်လည်ထူထောင်ပေးရန်မှာ အရေးကြီးလှသည်။ နာဂစ်မုန်တိုင်းအပြီးတွင် ဝိသမလောဘသားကိုယ်ကျိုးရှာ စီးပွားရေးသမားများ ပိုမိုချမ်းသာသွားခဲ့မှုများရှိခဲ့ပြီး မုန်တိုင်းဒဏ်ခံဒေသများတွင် နေထိုင်သူများမှာမူ မွေးရပ်ကိုစွန့်ခွာ၍ လမ်းဘေးတွင် ကျူးကျော်တဲများ ထိုးကာ နေထိုင်မှုများ ပိုမိုများပြားလာသည်ဖြစ်ရာ ယခု ရေဘေးအန္တရာယ်နှင့် မြေပြိုမှုများကြုံတွေ့ခဲ့ရသော ဒေသများတွင် ထိရောက်သော ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ နဂိုမူလထက် ပိုမိုဖွံ့ဖြိုးတိုးတက်သော အခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်းဖြင့် နာဂစ်လို အဖြစ်မျိုး ထပ်မံမဖြစ်ပေါ်ရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရသည်။

❖ ❖ ❖

❍ **ကလေးမှ**

ရေယာဉ်တွေလည်း ကူညီပြီး အခမဲ့တင်ဆောင်နေကြတာတွေ တွေ့ရတော့ ငါတို့လည်း တတ်နိုင်တဲ့ဘက်ကနေ ရေဘေးသင့်ပြည်သူတွေအတွက် အခမဲ့ကူညီမယ်ဆိုပြီး စိတ်ကူးမိရာကနေ မန္တလေးကို ကုန်တင်ဖို့ ရောက်နေတဲ့ မိသားစုပိုင် ဇက်ရေယာဉ်ကို မုံရွာကို လှမ်းခေါ်ပြီး အခုလို မုံရွာဆိပ်ကမ်းကနေ ကလေးဝအရောက် ကုန်တင်ဇက်ရေယာဉ်တစ်စင်း အခမဲ့ကူညီဖြစ်တာပါ။ ကိုယ်ချင်းစာပါတယ်။ သူတို့လေးတွေ တအားလိုအပ်နေမယ့် အနယ်အနယ်အရပ်ရပ်က စေတနာရှင်တွေ လှူဒါန်းတဲ့ ဆန်နဲ့ အခြားပစ္စည်းတွေ ပို့ဆောင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်”ဟု ပြောကြားခဲ့သည်။

အဆိုပါရေဘေးသင့်ဒေသများသို့ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်နိုင်ရေးအတွက် ကုန်တင်ရေယာဉ်ပေါ် အရောက် တင်ဆောင်ရာတွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အခြားလူမှုကူညီရေးအသင်းအဖွဲ့များက လုပ်အားပါဝင် ကူညီဆောင်ရွက်ခဲ့ကြသည့်အပြင် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီမှလည်း ဆန်အိတ်များနှင့် အပါချီ ဘိလပ်မြေအိတ် ၁၀၀၀ ကိုလည်းကောင်း၊ ကမ္ဘောဇဘဏ် အနာဂတ်အလင်းတန်းများ ဖောင်ဒေးရှင်း (အောက်မြန်မာပြည်)မှလည်း ဆန်၊ ဆီ၊ ဆား၊ မိုးကာလိပ်(ကြီး)၊ အဝတ်အထည်အိတ်၊ စောင်၊ ခြင်ထောင်များအပြင် အခြားပရဟိတအဖွဲ့များ၏ လှူဒါန်းပစ္စည်းများပါတင်ဆောင်လာသည့် (၂၂)ဘီး မော်တော်ယာဉ်နှစ်စီးဖြင့် လည်းကောင်း လာရောက်လှူဒါန်းကြကြောင်းသိရသည်။

အဆိုပါတော်ဝင်စတားရေယာဉ်ပေါ်တွင် ဆန်အိတ်များ၊ အခြားစားသောက်ကုန်ပစ္စည်းများ၊ ရေသန့်ဘူးများ၊ ဘိလပ်မြေအိတ်များ၊ ထွန်စက်များ၊ တပ်မတော် အင်ဂျင်နီယာတပ်ရင်းမှ လမ်းပြင် မြေညှိစက် နှစ်စီး၊ မီးစက်ကြီးတစ်လုံးနှင့် အခြားပစ္စည်းစုံ ပီနံအိတ်များ၊ ဂျပ်ဖာများ တင်ဆောင်ပြီး ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက မုံရွာဆိပ်ကမ်းမှ ကလေးဝမြို့သို့ ထွက်ခွာသွားကြောင်းနှင့် ထပ်မံရောက်ရှိလာသည့်ပစ္စည်းများကိုလည်း ရေဘေးသင့်ဒေသများသို့ အမြန်ရောက်ရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို ပြည်ဝင်ဗီဇာ နှစ်ပတ်အကြာ အပြန်အလှန်ကင်းလွတ်ခွင့်ပြု

**ရန်ကုန်  ဩဂုတ်  ၁၁**

မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို ပြည်ဝင်ဗီဇာနှစ်ပတ်အကြာ အပြန်အလှန် ကင်းလွတ်ခွင့်ပြုပေးနေပြီဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(လေဆိပ်တာဝန်ခံ အရာရှိ) ဦးမောင်မောင်က ပြောသည်။

"အခုလို နှစ်ပတ်ကြာ ဗီဇာကင်းလွတ်ခွင့်ပြုလိုက်တဲ့အတွက် လေ့လာရေးခရီးနဲ့ ဈေးဝယ်ထွက်မယ့်သူတွေအတွက် အဆင်ပြေမယ်ထင်ပါတယ်။ ဗီဇာကင်းလွတ်ခွင့်ပေးလိုက်တဲ့အတွက် နှစ်နိုင်ငံခရီးသွားလာရေး လုပ်ငန်းတွေလည်း တိုးတက်လာနိုင်တယ်။ နှစ်ပတ်ကျော်နေမယ့် သူတွေအနေနဲ့ကတော့ အရင်အတိုင်းပဲ ဗီဇာလိုပါတယ်။ အရင်တုန်းက အထူးနိုင်ငံကူးလက်မှတ်တွေသာ ဗီဇာမလိုဘဲသွားလို့ ရတာပါ။ အခုတော့ သက်ဆိုင်ရာ လေဆိပ်တွေကတစ်ဆင့် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူတွေကို ၁၄ ရက်အကြာ ဗီဇာမလိုဘဲ အပြန်အလှန် ဝင်ထွက်ခွင့်ပြုပေးနေပါပြီ"ဟု ၎င်းက ပြောသည်။

အဆိုပါနှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့်ကို ဇူလိုင် ၂၈ ရက်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ပူးတွဲကော်မရှင် အစည်းအဝေးတွင် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဩဂုတ် ၁၁ ရက်မှ စတင်၍ ခွင့်ပြုပေးနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ခွင့်ပြုမှုအပေါ် ထိုင်းနိုင်ငံသို့သွားရောက်မည့် ချောင်းဆုံမြို့နယ်မှ ကိုညဏ်စိုးကလည်း "အခုလို ဗီဇာကင်းလွတ်ခွင့်ပေးတာ အများကြီးကောင်းတယ်။ ဗီဇာကိစ္စနဲ့ ပတ်သက်ပြီး လုပ်စရာမလိုတော့ဘူး။ ငွေကုန်သက်သာသွားတာထက် အလွယ်တကူသွားလို့ရတာကြောင့် ပိုအဆင်ပြေတယ်။ တကယ်ဆိုရင် တရားဝင်နယ်စပ်ဂိတ်တွေမှာလည်း ဗီဇာကင်းလွတ်ခွင့် ပေးသင့်တယ်။ အာဆီယံနိုင်ငံအချင်းချင်း ဗီဇာမလိုဘဲ သွားလို့ရနိုင်တဲ့အဆင့်အထိ ဆက်လက်ဆောင်ရွက်သင့်ပါတယ်" ဟုပြောသည်။




ဇူလိုင်လအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံသား ၄၅၅၃၃ ဦးနှင့် နိုင်ငံခြားသား ၆၂၄၁၆ ဦး ထွက်ခွာခဲ့ပြီး မြန်မာနိုင်ငံသား ၄၃၉၈၀ နှင့် နိုင်ငံခြားသား ၆၃၈၉၆ ဦးတို့ ထိုင်းနိုင်ငံမှတစ်ဆင့် ရောက်ရှိလာခဲ့ရာ ထိုင်းနိုင်ငံသား ၁၀၈၁၆ ဦး ပါဝင်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံသား ၅၇၃၂၈၂ ဦး၊ နိုင်ငံခြားသား ၈၈၀၈၃၈ ဦး ထိုင်းနိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီး မြန်မာနိုင်ငံသား ၅၈၇၈၀၄ ဦး၊ နိုင်ငံခြားသား ၈၇၂၈၇၅ ဦး ပြန်လည်ဝင်ရောက်ခဲ့ကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- ဇော်ကြီး(ပဏီတ)**



**မြောက်ဦးမြို့နယ်ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် အခြေခံပညာကျောင်းများကို ဇူလိုင် ၃၀ ရက်မှစ၍ ပိတ်ထားခဲ့ရာ ဩဂုတ် ၁၀ ရက်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ကာ စာသင်ကြားလျက်ရှိသည်ကို ကြက်ဈေး အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ တွေ့ရစဉ်။**

(ဓာတ်ပုံ-ငွေးအောင်)



**ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် ကုလားတန်မြစ်လက်တက်အတွင်း ရာသီဥတုကောင်းမွန်နေသဖြင့် မြောက်ဦးမြို့နယ်ရှိ ရေလုပ်သားတစ်ဦး ဝမ်းစာရှာဖွေစဉ်။**

(ဓာတ်ပုံ-ငွေးအောင်)

# လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော်  ဩဂုတ်  ၁၁**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၁၁ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀၆ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၈ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂၉၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၆၈၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၄၅၄ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၃၅ ဦး စုစုပေါင်း ၄၅၆၉ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၈၀ နှင့် တစ်သီးပုဂ္ဂလ ၁၆၈ ဦးတို့မှ အမည်စာရင်း တင်သွင်းခဲ့ကြကြောင်းသိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်အား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

**နေပြည်တော်  ဩဂုတ်  ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မနက်ဖြန်ညနေထိ ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိ ခန့်မှန်းချက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိခန့်မှန်းချက်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိခန့်မှန်းချက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# လူလိုသိသူ လူကိုရွေးပါ

ဆောင်းပါး
မျိုးသာထက်



အစိုးရအာဘော်ဟု ပြည်သူအများ သိထားသည့် အစိုးရသတင်းစာ (၀ါ) ပြည်သူ့ဘဏ္ဍာငွေဖြင့် ထုတ်ဝေနေသော သတင်းစာများသည် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲထုတ်ဝေနေသည်ကို တွေ့ရသည်။ လက်ရှိ ပြန်ကြားရေးဝန်ကြီးလက်ထက်တွင် ခပ်ရဲရဲလုပ်ဆောင်လာခြင်းလည်းဖြစ်သည်။ ဝန်ကြီးသည် သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူဖြစ်ပြီး မီဒီယာပါးဝသူလည်းဖြစ်သဖြင့် သတင်းစာကို ပြောင်းလဲပုံဖော်ခွင့်ကိုပြုခဲ့သူဖြစ်သည်။ ဝန်ကြီးတိုက်တွန်းမှုဖြင့် ကျွန်တော်လည်း ဆောင်းပါးတချို့ကို အစိုးရသတင်းစာသို့ ရေးပို့ဖြစ်ခဲ့သည်။ ယခုလည်း အကြောင်းပေါ်သဖြင့် ရေးရပါသည်။

ဤတွင် ဆောင်းပါးခေါင်းစဉ်နှင့်ပတ်သက်၍ စတင်ရှင်းရန် လိုသည်။ အစိုးရသတင်းစာများ ပုံပြောင်းနေသဖြင့် နာမည်ကျော်စာရေးဆရာများ ဝင်ရေးကြသည်။ လွတ်လပ်စွာရေးနိုင်သော်လည်း သူတို့က စာရေးသားမှုအတတ်ပညာဖြင့် လှပစွာရေးသည်။ ဝေဖန်သည်။ ကျွန်တော်လည်း သဘောကျသည်။

ကျွန်တော်က သတင်းစာဆရာဖြစ်သဖြင့် တဲ့တိုးပြောသည်။ သတင်းစာဖတ်သူများ ကျွန်တော့်ဆောင်းပါးကို မဖြစ်မနေဖတ်စေရန် ခေါင်းစဉ်ကို ပြင်းပြင်းပေးသည်။ ခေါင်းစဉ်ဖတ်လိုက်သည်နှင့် "ဘာလဲဟ" ဖြစ်စေရန် ကျွန်တော် အားထုတ်သည်။ ဒါသည်ပင် သတင်းစာ အတတ်ပညာတစ်ပိုင်းဖြစ်သည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ တနင်္ဂနွေတွင်ကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာထားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုအနက်မှ ၁၂ ခုတွင် ရေကြီးရေလျှံခဲ့ပြီး ယခုအခါ အချို့ဒေသများတွင် ရေကျသွားခဲ့သော်လည်း ပြန်လည်ထူထောင်ရေးကိစ္စများ များစွာလုပ်ဆောင်ရန် ကျန်သေးသည်။ တောင်သူလယ်သမားများ အချိန်မီ ထွန်ယက်စိုက်ပျိုးရဦးမည်။ ပြန်လည်ထူထောင်ရေးကို အစိုးရက အများဆုံးပံ့ပိုးဆောင်ရွက်ရမည်ဖြစ်ပြီး အစိုးရနှင့်နီးစပ်သော လုပ်ငန်းရှင်ကြီးများ၊ စေတနာရှင်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ အလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများက ကူညီကြရန်လိုသည်။ ကူညီဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရသည်။ ပြန်လည်ထူထောင်ရေးအတွက် အချိန်ယူရမည်ဖြစ်သော်လည်း ရွေးကောက်ပွဲရက်ကို မရွှေ့ပါဟု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြောသည်။

သို့ဆိုလျှင် မိုးထဲရေထဲမှာပင် ရွေးကောက်ပွဲဝင်မည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများ မဲဆွယ်ကြပေတော့မည်။

မဲဆွယ်စည်းရုံးရေးကာလကို အကြမ်းဖျင်းအားဖြင့် ရွေးကောက်ပွဲရက်မတိုင်မီ နှစ်လဖြစ်သည်ဟု နားလည်ထားကြသည်။ ယခုရက်ပိုင်းသည် ရွေးကောက်ပွဲအတွက် တရားဝင်မဲဆွယ်စည်းရုံးရေးကာလ မဟုတ်သေးပါ။ သို့သော် မဲဆွယ်မှုများသည် မသိမသာမှသည် သိသိသာသာအထိ စတင်နေကြပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ခဲ့သော ကိုမန်ဆိုင်ကလုန်းမုန်တိုင်းက ဇူလိုင်လကုန်ပိုင်းတွင် မြန်မာကို အဖျားခတ်လိုက်သောအခါ မူလက ကောင်းနေသောမိုးကို ရေပိုတိုးစေလိုက်သဖြင့် ဩဂုတ် ၁၀ အထိ သိရသမျှ လူတစ်သန်းနီးပါး ရေဘေးဒဏ်ထိထားပြီး သေဆုံးသူဦးရေ ၁၀၀ ခန့်ရှိခဲ့သည်။

**လူလိုသိသူ**

လွှတ်တော်အရပ်ရပ်ရွေးကောက်ပွဲများတွင် ပါဝင်အရွေးခံကြမည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများသည် မည်သို့သော ကိုယ်စားလှယ်လောင်းများ ဖြစ်သင့်ပါသလဲ။ ပထမအကြိမ် လွှတ်တော်သက်တမ်းမှာလည်း ကုန်လုနီးဖြစ်လာချိန်တွင် ပြည်သူများသည် ငါးနှစ်တာအတွေ့အကြုံအရ ၎င်းတို့လိုလားသည့် ပြည်သူ့ကိုယ်စားလှယ်လောင်းကို ရုပ်လုံးဖော်နိုင်ကြပြီဖြစ်သည်။ ပြည်သူများ၏ အတွေ့အကြုံများအရ ပြည်သူ့ကိုယ်စားလှယ် လွှတ်တော်အမတ်သည် ဘုရင်ကဲ့သို့ ပြည်သူနှင့် အဟပ်ကွာသူ မဟုတ်ရပါ။ အချောင်သမားကဲ့သို့ မိမိအကျိုးပဓာနထားသူ မဟုတ်ရပါ။ ပြည်သူကို မျက်နှာမမူသူ မဟုတ်ရပါ။ တိုင်းပြည်အကျိုး မကြည့်သူ မဟုတ်ရပါ။ ပြည်သူကဲ့သို့ ခံစားသူ၊ သိသူ၊ တစ်သားတည်းရှိသူ၊ ပြည်သူ့အကျိုးဆောင်ရွက်သူ ဖြစ်ရသည်။

လူကို မြန်မာအဘိဓာန်က နာမ်အနေနှင့် အဓိပ္ပာယ်သုံးခု ပြဆိုသည်။ ၁။ တွေးခေါ်ဉာဏ်ရှိသော ခြေနှစ်ချောင်းသတ္တဝါ၊ ၂။ တစ်စုံတစ်ဦး၏ ဘက်သား၊ ၃။ ယောက်ျား။ ယောက်ျားဟု အဓိပ္ပာယ်ဖွင့်ဆိုသော်လည်း မိန်းမကိုလည်း ထည့်သွင်းရမည်ဖြစ်သည်။ သာမန်လူပင် တွေးခေါ်ဉာဏ်ရှိပြီးဖြစ်ရာ ပြည်သူ့ကိုယ်စားပြု ပြည်သူ့အကျိုးဆောင်မည့် လွှတ်တော်အမတ်များက တွေးခေါ်ဉာဏ်ရှိရမည်မှာ ပြောစရာပင် မလိုသော အကြောင်းဖြစ်သည်။ စာရေးသူက ဤနေရာတွင် "တစ်စုံတစ်ဦး၏ ဘက်သား" အဓိပ္ပာယ်ကို ယူသည်။ ပြည်သူ့ကိုယ်စားလှယ်ဆိုပါမှ မည်သူ့ဘက်သား ဖြစ်ရမည်နည်း။ ပြည်သူ့ဘက်သားသာ ဖြစ်ရမည် မဟုတ်လော။ လူလိုသိသူဆိုသည်မှာ တစ်စုံတစ်ဦး၊ တစ်ဖွဲ့တစ်ပါတီအကျိုးထက် ပြည်သူ့အကျိုးကို ကြည့်သူကို ဆိုချင်သည်။ မဲဆန္ဒရှင်ပြည်သူများသည် သူတို့ဘက်က ရှိသူ၊ သူတို့ဘက်ကို ကြည့်သူ၊ လူလိုသိသူ ပြည်သူ့ကိုယ်စားလှယ်ကိုသာ အလိုရှိသင့်သည်။

မဲဆန္ဒရှင်ပြည်သူများသည် ၁၉၄၈ ဇန်နဝါရီ ၄ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရပြီးချိန်မှ စတင်ပြီး အထွေထွေရွေးကောက်ပွဲ ငါးကြိမ် ကြုံပြီးဖြစ်သည်။ ပထမသုံးကြိမ်ကို ၁၉၆၂ မတ် ၂ ဗိုလ်ချုပ်နေဝင်း အာဏာမသိမ်းခင် ကြုံခဲ့ဖူးပြီး၊ ၁၉၉၀ မှ ၂၀၁၀ ကြား ဒီဘက်ခေတ်နှစ်ပေါင်းနှစ်ဆယ်တွင် နှစ်ကြိမ်ကြုံခဲ့ပြီးဖြစ်သည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူများအတွက် ဆဋ္ဌမအကြိမ်မြောက် ကြုံတွေ့ရမည့် လွှတ်တော်အရပ်ရပ်ရွေးကောက်ပွဲများဖြစ်ပြီး အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အဓိကအတိုက်အခံပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အင်န်အယ်လ်ဒီပါတီ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် အခြားပါတီများ စသည်ဖြင့် စုစုပေါင်း ပါတီပေါင်း ၉၀ ကျော် ၁၀၀ နီးပါး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ စနစ်တကျ ဖွဲ့စည်းတည်ထောင်ထားသည့် ပါတီက အရေးကြီးသလို ပြည်သူ့ကိုယ်စားလှယ်ကောင်းများ ရရှိရေးမှာ သာ၍ပင်အရေးကြီးသည်။

ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် အစွမ်းပြအမတ်များနှင့် မည်ကာမတ္တအမတ်များကို ပြည်သူများ မျက်ဝါးထင်ထင် မြင်တွေ့၊ ထိထိရှရှကြားသိ၊ မှတ်မှတ်ရရ မှတ်သားထားကြပြီးဖြစ်သည်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်မတိုင်မီတွင် လွှတ်တော်မင်းသားကြီးဟုပင် ဆိုထိုက်သည့် သယ်န်းကျွန်းအမတ် တရားလွှတ်တော်ရှေ့နေ ဦးသိန်းညွန့်သည် လွှတ်တော်တွင်း အစွမ်းပြခဲ့သူဖြစ်သည်။ သူသည် ပြည်သူ့ဘက်တော်သားဖြစ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်အမတ် ဒေါက်တာညိုညိုသင်းသည်လည်း ရန်ကုန်ပြည်သူတို့ရင်တွင်း ရောက်ခဲ့သူ ဖြစ်သည်။ ထိုသို့သော မှတ်မှတ်ထင်ထင် အစွမ်းပြခဲ့သူ လွှတ်တော်အမတ်များ များစွာရှိပါသည်။ သူတို့လို ပြည်သူ့ကိုယ်စားလှယ် လွှတ်တော်အမတ်များကို ပြည်သူတို့ အလိုရှိကြမည်ဖြစ်သည်။

မည်သည့်ပါတီရောက်ရောက်၊ နောက်ဆုံး ပါတီနောက်ခံမရှိဘဲ တစ်သီးပုဂ္ဂလဖြစ်ပါစေ၊ ပြည်သူ့ကိုယ်စားလှယ်ကောင်းသည် ပြည်သူ့အကျိုးကို စွမ်းသမျှနှင့် အမြင့်ဆုံး ထမ်းဆောင်ကြမည်ဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူသည် သူနှင့်ထပ်တူ သို့မဟုတ် သူ့ထက်ပို၍ အားကိုးထိုက်သူ ပြည်သူ့ကိုယ်စားလှယ်ကို သူ့ကိုယ်စား လွှတ်တော်တွင်းတွင် ရှိစေချင်မည်ဖြစ်သည်။ လူအရေးကြီး မကြီး ထင်ရှားသည့် ဥပမာတစ်ခုကို ဤတွင် ရှင်းလင်းစေရန် ပေးလိုသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူများက နှစ်လိုကြသည်မှာ အားကိုးထိုက်သည့်သူ၊ သူတို့အကျိုးကို လိုလားသူ၊ သူတို့နှင့်ထပ်တူ သို့မဟုတ် သူတို့ထက်ပိုပြီး အမြော်အမြင်ရှိသူဟု သတ်မှတ်ကြ၍သာဖြစ်သည်။ လူအရေးမကြီးဟုဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူသည် အခြားလူများနှင့် အဘယ့်ကြောင့် ခြားနားကြမည်နည်း။ အတူတူပါပဲဟု ဆိုကြရုံသာ ရှိကြပါလိမ့်မည်။

**လူကိုရွေးပါ**

မဲဆန္ဒရှင်ပြည်သူများသည် မိမိတို့မဲဆန္ဒနယ်မှသည် တိုင်းပြည်နှင့် လူထုအတွက် မည်သူသည် အကောင်းဆုံး ထမ်းဆောင်နိုင်မည်နည်းဆိုသည်ကို စဉ်းစားဆုံးဖြတ်ရန် ရက်ပိုင်းသာ အချိန်ရတော့မည်။ ရွေးကောက်ပွဲရက်ကို မပြောင်းလဲပါက ရက်ပေါင်း ၉၀ ပင် မလိုတော့ပါ။ မဲဆန္ဒနယ်တစ်ခုတွင်းရှိ မဲဆန္ဒရှင်ပြည်သူတစ်ဦးသည် မိမိကိုကိုယ်စားပြုမည့် အနိမ့်ဆုံး ပြည်သူ့ကိုယ်စားလှယ်လောင်းသုံးဦးနှင့် လူနည်းစုတိုင်းရင်းသား မဲဆန္ဒရှင်ဖြစ်ပါက ကိုယ်စားလှယ်လောင်းလေးဦးကို မဲပေးရွေးချယ်ရမည်ဖြစ်သည်။

**မည်သူ့ကို ရွေးမည်လဲဟုဆိုလျှင် အထက်တွင် ဆိုခဲ့သည့်အတိုင်း မဲဆန္ဒရှင်ပြည်သူ့အကျိုး ထမ်းဆောင်မည့်သူ၊ မိမိနှင့်ထပ်တူ သို့မဟုတ် ပို၍ပင် ယုံကြည်ထိုက်သူကို ရွေးရမည်သာဖြစ်သည်။ ထိုသူ မည်သူလဲ။ မည်သူမှန်းမသိဘဲ မည်ကဲ့သို့ ကိုးစားမည်နည်း။ ယုံကြည်ရမည်နည်း။**

နိုင်ငံတကာတွင်တော့ ပြည်သူ့ကိုယ်စားလှယ်လောင်းများသည် ပြည်သူ့ထောက်ခံမှုရရန် သို့တည်းမဟုတ် မဲရရှိရန် စည်းရုံးရေးဆင်းရသည်။ ရွေးကောက်ပွဲအောင်နိုင်ရေး မဟာဗျူဟာနှင့် နည်းဗျူဟာများ ဖော်ဆောင်ရသည်။ ရွေးကောက်ပွဲရန်ပုံငွေများ ရအောင်ရှာရသည်။ ရွေးကောက်ပွဲရန်ပုံငွေကို သန့်သန့်ရှင်းရှင်းနှင့် အမှီအခိုကင်းစွာဖြင့် မြောက်မြားစွာ ရှာနိုင်သူသည် စည်းရုံးရေးကောင်းသူ (တစ်နည်း) လူထုထောက်ခံမှုများသူဟု ယေဘုယျ မှတ်ယူနိုင်သည်။ ရန်ပုံငွေများသည် ပြည်သူ့ကိုယ်စားလှယ်အဖြစ် အခွင့်အရေးရသည်နှင့် ပြန်လည်အကျိုးပြုပါမည်ဆိုသော ရန်ပုံငွေထည့်ဝင်သူနှင့် ကိုယ်စားလှယ်လောင်းကြား အမှီအခို၊ အပေးအယူပါသော ရန်ပုံငွေဆိုလျှင် မကောင်းပါ။ ထိုသို့ လုပ်ဆောင်ထားသည်ကို သိသည်နှင့် ပြည်သူ့ကိုယ်စားလှယ်လောင်း၏ ယုံကြည်ထိုက်မှုရေချိန် ကျဆင်းနိုင်သည်။ နိုင်ငံအချို့တွင် တစ်ဦးချင်း ရန်ပုံငွေ ထည့်ဝင်မှု၏ အမြင့်ဆုံးပမာဏကိုကန့်သတ်ထားခြင်းများရှိသည်။ ရန်ပုံငွေနှင့် သုံးစွဲငွေများကို စာရင်းရှင်းတမ်းထုတ်ပြန်ရသည်။

ပြည်သူ့ကိုယ်စားလှယ်လောင်းသည် သူချည်းတော်ရုံမျှဖြင့်လည်း ရွေးကောက်ပွဲအောင်နိုင်သည် မဟုတ်ပါ။ သူ့တွင် အောင်နိုင်ရေးအဖွဲ့ရှိရသည်။ အောင်နိုင်ရေးမန်နေဂျာ၊ လူထုဆက်ဆံရေးမှူး၊ ရန်ပုံငွေရှာဖွေရေးတာဝန်ခံ စသည်ဖြင့် ဆိုင်ရာအကူအဖွဲ့ဝင်များ ထားရှိရသည်။ ကိုယ်စားလှယ်လောင်းသည် လူထုတွေ့ဆုံပွဲများ၊ မီဒီယာဆက်ဆံရေး (ရွေးကောက်ပွဲဆိုင်ရာ ဒီဘိတ်များတွင် ဝင်ရောက်ပြောဆိုခြင်း၊ အင်တာဗျူးဖြေကြားခြင်း)၊ ထင်သာမြင်သာ ကြော်ငြာများနှင့် လူမှုကွန်ရက်များမှတစ်ဆင့် လူထုကြား အမြဲရှိနေစေရန် ဖန်တီးထားရှိခြင်း၊ ပြည်သူ့ကိုယ်စားလှယ်လောင်းနှင့် မဲဆန္ဒရှင်ပြည်သူများကြား ရွေးကောက်ပွဲဝင်ရောက်မည်ဟု ကြေညာပြီးချိန်မှ အရွေးခံရပြီးနောက် သက်တမ်းကုန် ထမ်းဆောင်ပြီးချိန်အထိ မပြတ်တမ်း ထိတွေ့၊ ဆက်သွယ်၊ ဖြေကြားနိုင်သော ချန်နယ် (ဆက်သွယ်ရေးလမ်းကြောင်း) ဖွင့်ထားပေးနိုင်ရမည်။

မဲဆန္ဒရှင်ပြည်သူအများစုသည် လက်ကိုင်မိုဘိုင်းလ်ဖုန်း ကိုင်လာနိုင်ပြီး လူမှုကွန်ရက်မီဒီယာဖြစ်သည့် ဖေ့စ်ဘုတ်ပေါ်တက် ဝေဖန်လေကန်နိုင်နေသော ခေတ်တွင် မြန်မာပြည်သူများသည် အစိုးရဝန်ကြီးများ၊ နိုင်ငံရေးသမားများနှင့် အပြန်အလှန် ပြောဆိုဝေဖန်နိုင်နေသော အချိန်ကာလဖြစ်နေရာ ယင်းမဲဆန္ဒရှင်ပြည်သူများမှာ မိမိတို့နှင့် မရင်းနှီး၊ မသိကျွမ်း၊ မချိတ်ဆက်ထားနိုင်သော ပြည်သူ့ကိုယ်စားလှယ်လောင်းကို ရွေးရမည်ဆိုလျှင် ဉာဏ်နည်းရာကျပါသည်။ မဲစာရင်းတွင် အမည်စာရင်းပါဝင်ပြီး မဲပေးခွင့်ရရှိစေရန် နည်းမျိုးစုံဖြင့် ကြိုးစားထားကြရသော မဲဆန္ဒရှင်ပြည်သူများ၏ တန်ဖိုးများစွာထိုက်တန်သည့် အသည်းကြားက မဲတစ်ပြားကို ပေါ့ပေါ့ပဲပဲ အလေးမထားသုံးစွဲရာရောက်နိုင်ပါသည်။

မဲဆန္ဒရှင်ပြည်သူသည် သူနှင့်ထပ်တူ ရင်ဘတ်ချင်းညီညာ၍ အားကိုးအားထားဖွယ် ချစ်ခင်နှစ်သက်လက်ခံနိုင်သူ၊ အရှုပ်အရှင်းကင်းပြီး သမိုင်းကြောင်းကောင်းသော အများအကျိုးဆောင်ရွက်မည့်သူ၊ အရွေးမခံရခင်ကတစ်မျိုး အရွေးခံရပြီးနောက် ဘယ်သို့လိုက်ကာ ဘယ်မှာ ဖမ်းရမည်ကိုပင် မသိနိုင်တော့လောက်အောင် ကင်းကွာသွားခြင်းမျိုး မဖြစ်စေဘဲ သူတို့နှင့် အစဉ်အမြဲ အတူလက်တွဲ မခွဲတမ်းချိတ်ဆက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်အစား ပါတီတစ်ခု၏ အလံ၊ အမှတ်တံဆိပ်ကိုသာ မျက်နှာမူ ရွေးချယ်ရမည်ဆိုသည်မှာ နားလည်ရခက်သလို ခေတ်လည်းမမီ၊ လက်တွေ့လည်းကျမည် မဟုတ်ပေ။ **လူသည် ပထမ၊ ပါတီအလံနှင့် အမှတ်တံဆိပ်သည် ဒုတိယဖြစ်သင့်သည်။ လူနှင့်ပါတီ ထပ်တူကျမှု မဲဆန္ဒရှင်ပြည်သူများ ကံကောင်းသည်ဟု ဆိုရချိမ့်မည်။**

ထို့ကြောင့် မဲဆန္ဒရှင်ပြည်သူ၏ အသည်းကြားက မဲတစ်ပြားသည် ခံစားချက်ပါရမည်မှန်သည်။ သို့သော် ဆင်ခြင်ဉာဏ်ကိုလည်း သုံးအပ်သည်။ မဲဆန္ဒရှင်ပြည်သူကို တစ်ခွန်းတည်း အကြံပြုခွင့် ရခဲ့မည်ဆိုပါမူ "လူလိုသိသူ လူကိုရွေးပါ" ဟု ရဲရဲတင်းတင်း ပြောချင်သည်။

**(မျိုးသာထက်သည် DVB ဒီဘိတ် ရုပ်သံအစီအစဉ် တင်ဆက်သူဖြစ်သည်။ စာတည်း)**

**မည်သူ့ကို ရွေးမည်လဲဟုဆိုလျှင် အထက်တွင် ဆိုခဲ့သည့်အတိုင်း မဲဆန္ဒရှင်ပြည်သူ့အကျိုး ထမ်းဆောင်မည့်သူ၊ မိမိနှင့်ထပ်တူ သို့မဟုတ် ပို၍ပင် ယုံကြည်ထိုက်သူကို ရွေးရမည်သာဖြစ်သည်။ ထိုသူ မည်သူလဲ။ မည်သူမှန်းမသိဘဲ မည်ကဲ့သို့ ကိုးစားမည်နည်း၊ ယုံကြည်ရမည်နည်း။**

**လူသည် ပထမ၊ ပါတီအလံနှင့် အမှတ်တံဆိပ်သည် ဒုတိယဖြစ်သင့်သည်။ လူနှင့်ပါတီ ထပ်တူကျမှု မဲဆန္ဒရှင်ပြည်သူများ ကံကောင်းသည်ဟု ဆိုရချိမ့်မည်။**

ပြန်လည်ထူထောင်ရေး

# ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်နိုင်ရေး ဆွေးနွေး



**နေပြည်တော်　ဩဂုတ်　၁၁**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဩဂုတ် ၁၀ ရက် နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဇွန်၊ ဇူလိုင်လများအတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ပြည်သူများ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနိုင်မှုများ၊ တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုများ၊ ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ အရေးပေါ်ကယ်ဆယ်ရေးအတွက် ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်မှုအခြေအနေများ၊ ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများ၏ အခြေအနေများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ဘက်မှ အရေးပေါ်ကူညီပေးမှုများ၊ မကြာမီဖွင့်လှစ်မည့် မြန်မာနိုင်ငံရှိ တစ်ခုတည်းသောဟသ်ာတမြို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း(Disaster Management Training Center)အတွက်သင်တန်းနည်းပြဆရာများ၊ နည်းပညာနှင့် အကူအညီပေးနိုင်မှုများ၊ ရေကြီးရေလျှံမှုပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးကိစ္စများအတွက် အကူအညီပေးနိုင်မှုများ၊ သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ခြင်းအပါအဝင် လုပ်ငန်းစဉ်(၈)ခုပါ မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်နှင့် စပ်လျဉ်း၍ အဖွဲ့အစည်းနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အကူအညီပေးရန် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဇက်-၁၀၈ ရေယာဉ်အား ကလေးဝမြို့သို့စေလွှတ်

**ကလေးဝ　ဩဂုတ်　၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ မော်တော်ယာဉ်နှင့် ကုန်စည်များသယ်ယူပို့ဆောင်ရာတွင် အသုံးပြုနိုင်ရန်အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ချင်းတွင်းဌာနခွဲမှ ဇက်-၁၀၈ ရေယာဉ်အား ရေယာဉ်ဝန်ထမ်း ၁၃ ဦးလိုက်ပါ၍ ဩဂုတ် ၈ ရက် နံနက် ၁၁ နာရီတွင် မုံရွာမြို့မှ ကလေးဝမြို့သို့ စေလွှတ်ခဲ့ရာ ဩဂုတ် ၁၀ ရက်တွင် မင်းကင်းမြို့သို့ ရောက်ရှိခဲ့ပြီး ဩဂုတ် ၁၁ ရက်တွင် ကလေးဝမြို့သို့ ဆက်လက်ထွက်ခွာလျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သတင်းရရှိသည်။

**(ကြေးမုံ)**

# ရေကြီးနစ်မြုပ်ပျက်စီး ရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်　ဩဂုတ်　၁၁**

မြန်မာ့မီးရထား တိုင်းအမှတ်(၂) မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ကံကြီး-ဇော်ချောင်းမိုင်(၅၂၁/၂၂-၂၃)တံတားအမှတ်(၂၈၁)အနီး ရေတိုက်စားထားသော ၂၅ ပေ နေရာအား ရေရှည်တည်မြဲမှုရှိစေရန် ကျောက်ကျင်း ၄၅ ကျင်းချခြင်း၊ တံတားအမှတ်(၂၈၂)တွင် ထပ်မံရေတိုက်စားခြင်းမှ ကာကွယ်ရန် မြစ်ကြီးနားဘက်တောင်ပံများတွင် ကျောက်ကြီးများချခြင်းနှင့် ချပ်သင်း- ကံကြီးကြားတွင် ကျောက်များပြန်ထည့်ခြင်း၊ လမ်းမပါကင်ရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

တိုင်းအမှတ်(၆)လက်ပံတန်း-သာရဝေါလမ်းပိုင်း၊ ညောင်ဝိုင်း-ခမုံဆိပ်ဘူတာကြား မိုင်(၅၈/၈-၉)ရှိ တံတားအမှတ်(၁၅) A (၃' × ၄၀') ၏ သာရဝေါဘက်ခြမ်းကမ်းကပ်ခုံ A(2) နှင့် တောင်ပံနံရံနှစ်ဖက်စလုံးရေထဲသို့ ပြိုလဲသွားခြင်း၊ ရေလယ်တိုင်အမှတ်(၂) P(2)နှင့် ကမ်းကပ်ခုံအမှတ်(၂) A (2) ကြားရှိ ရထားလမ်းသံပေါင်ထိပ် ရေထဲသို့ ပြုတ်ကျပြီး ရေလယ်တိုင်အမှတ်(၂) P(2)ဘက် တိုင်ပေါ်တင်ကျန်ခြင်းတို့ ဩဂုတ် ၁၀ ရက် နံနက် ၂ နာရီတွင် ဖြစ်ပွားခဲ့သည်။ တံတားအမှတ်(၁၅) A ၏ အောက်ခြေတွင် သဲအိတ် ၁၀၀ ချခြင်း၊ ကျောက်ကြီး ( ၆"×၉" ) (၄၉)ကျင်းချခြင်းများ ဆောင်ရွက်သည်။

တိုင်းအမှတ်(၉) မင်းဘူး-သရက်လမ်းပိုင်း၊ ကြာကန်-သရက်ကြား မိုင်(၂၈၇/၉-၁၀)တွင် အင်ဂျင်နီယာ(၃)(သံလမ်း/သရက်)နှင့် လုပ်သားခုနစ်ဦးအဖွဲ့မှ တောင်ပြိုမြေဖုံးနေခြင်းကို ရှင်းလင်းပြီး လမ်းပိုင်းအား ဩဂုတ် ၁၀ ရက် နံနက်တွင် ဖွင့်လှစ်ပြီးဖြစ်သည်။

တိုင်းအမှတ်(၉) သရက်-ဘုရားပေါ်လမ်းပိုင်း၊ ကံမ-ညောင်ကိုင်းကြား မိုင်(၂၄၂/၁-၂) နှင့် မိုင် (၂၄၀/၁၅-၁၆) တို့တွင် အင်ဂျင်နီယာ(၃) (သံလမ်း/ကံမ)နှင့် လုပ်သား ၁၂ ဦးအဖွဲ့မှ တောင်ပြိုမြေများ ရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်ခဲ့ပြီး မိုင်(၂၄၃/၅-၆)နှင့် မိုင်(၂၄၃/၁၀-၁၁)တို့တွင် မြေများဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းပြီးစီးပါက လမ်းပိုင်းအား ဩဂုတ် ၁၁ ရက် ညနေ ၆ နာရီတွင် ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ထောက်ပံ့

**နေပြည်တော်　ဩဂုတ်　၁၁**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများသို့ ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ပေးပို့ ထောက်ပံ့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းမှ တစ်ခေါက်ဖြင့် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် ဆန်အိတ်နှင့် စားသုံးဆီများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ သုံးခေါက်ဖြင့် ဆန်အိတ်၊ အဝတ်အထည်၊ ဆေးဝါးမျိုးစုံ၊ ကယ်ဆယ်ရေးပစ္စည်း၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းနှင့် ရေသန့်စက်တို့ကို လည်းကောင်း ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းသွားသဖြင့် လျှပ်စစ်မီးလိုင်း ပြန်လည်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်

**ညောင်တုန်း　ဩဂုတ်　၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် စိုးရိမ်ရေမှတ် ၂၄ ဒသမ ၅ အထက်သို့ ကျော်လွန်နေပြီး လိမ့်မှော်ရောင်အဆင့်အနေအထားသို့ ရောက်ရှိလာသောကြောင့် ရေဝင်နစ်မြုပ်သောဒေသများရှိ နေအိမ်များမှ လျှပ်စစ်မီးလိုင်းများနှင့် မီတာပုံးများလျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှ ဦးဆောင်လျက် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက စနစ်တကျဖြုတ်သိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဩဂုတ် ၁၀ ရက်မှစတင်၍ ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းခဲ့ရာ စိုးရိမ်ဖွယ်ရာမရှိသဖြင့် ရေနစ်မြုပ်နေသောဒေသများရှိ နေအိမ်များမှ ဖြုတ်သိမ်း လျှပ်စစ်မီတာများ၊ လျှပ်စစ်မီးလိုင်းများ ပြန်လည်တပ်ဆင်ပေးခြင်း၊ ဓာတ်အားပုံမှန်ပြန်လည်ဖြန့်ဖြူးရေးလုပ်ငန်းများအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးကျော်ဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ပြန်လည်တပ်ဆင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



**စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဝါးရုံခုံအုပ်စုအတွင်းရှိ ရေမကျသေးသည့် လယ်ဧက ၁၅၀၀ ကျော်ကို ရေကျသွားစေရန်နှင့် စိုက်ပျိုးရာသီအမီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဩဂုတ် ၁၀ ရက်မှစတင်ကာ စက်ယန္တရားများဖြင့် လမ်းဦးစီးဌာနက လယ်စိုက်ကွင်းများဘေးရှိ ရေမြောင်းများကိုတူးဖော်နေစဉ်။**

မြို့နယ်(ပြန်/ဆက်)

ကူညီထောက်ပံ့မှုများ



# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ညောင်တုန်းမြို့ သဲအင်းဂူဝိပဿနာကျောင်းသို့ အလှူငွေများလှူဒါန်း

**ညောင်တုန်း ဩဂုတ် ၁၁**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ဦးဆောင်သောအဖွဲ့သည် ယမန်နေ့ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် သဲအင်းဂူဝိပဿနာကျောင်း၌ ရေဘေးသင့် ပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံပြီး သဲအင်းဂူကျောင်းတိုက်ဆရာတော်အား ငွေကျပ် သိန်း ၅၀ လှူဒါန်းသည်။ ရေဘေးသင့်ပြည်သူများအတွက်လည်း ငွေကျပ် ၁၀သိန်းနှင့် လူသုံးကုန်၊ စားသောက်ကုန်နှင့် ဆေးဝါးစသည့် ငွေကျပ် ၁၀သိန်း တန်ဖိုးရှိ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ် ရေဘေးသင့်ကျေးရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**မလှိုင် ဩဂုတ် ၁၁**

မလှိုင်မြို့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်း နာယက ရှစ်မျက်နှာ ဆရာတော် ဘဒ္ဒန္တကဥ္စန ဦးဆောင်သော ဆရာဝန် ငါးဦး၊ သူနာပြု ၁၀ ဦး၊ တိုင်းရင်းဆေးအဖွဲ့ ငါးဦး၊ အထောက်အကူအဖွဲ့ ၁၅ ဦးတို့ ပါဝင်သော ဗလငါးတန်ရွှေ့လျားဆေးကုသမှုအဖွဲ့သည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ရေဘေးသင့် ကျေးရွာများဖြစ်သော ဖလံတော၊ နှောကျဉ်း၊ လက်ပံခြေပေါ် ရွာများသို့ ဩဂုတ် ၇ ရက်က အထွေထွေရောဂါဝေဒနာရှင် ၃၁၃ ဦး၊ တိုင်းရင်းဆေးကုသမှု ၁၅၈ ဦးတို့အားလည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် ရွှေလှေ၊ ထနောင်းကျင်း ကျေးရွာများမှ အထွေထွေရောဂါဝေဒနာရှင် ၄၅၀၊ တိုင်းရင်းဆေးဖြင့် လူနာ ၁၈၀ တို့အားဝမ်းပျက်ဝမ်းလျှောနှင့် အထွေထွေရောဂါများကို နှစ်ရက်ကြာကုသပေးခဲ့ကြသည်။ ထို့ပြင် ရေဘေးသင့်ပြည်သူများအား ရေသန့်ဆေးအသုံးပြု၍ ရေသန့်ပြုလုပ်နည်းကို လက်တွေ့သင်ကြားပြသပြီး ရေသန့်ဆေးထုပ် ၉၆၀၀၊ ဓာတ်ဆားထုပ် ၂၀၀၀၊ ရေသန့်ဘူး ၂၀၀၀ တို့ကို ဝေငှပေးခဲ့ကြောင်း သိရသည်။



ပွင့်ဖြူမြို့ပေါ် (၄)ရပ်ကွက်နှင့် သရက်အုပ်၊ ယောစု၊ ပိန္နဲတော၊ ရွာသစ်၊ ညောင်ကုန်းရွာတို့မှ ရေဘေးသင့် ပြည်သူများအား မလှိုင်မြို့နယ်သူ မြို့နယ်သားများက လှူဒါန်းသော ဆန်အိတ် ၁၂၀၊ ရေသန့်တစ်လီတာဘူး ကတ် ၁၅၀၀၊ ရေသန့်ဘူးကြီး ၁၀၀၊ ငါးသေတ္တာ ၄၅၀၀၊ ဖိနပ်အရံ ၄၅၀၊ ယမ်ယမ်ပုံးကြီး ၁၂ ပုံး၊ စားဆီဘူး ၅၀၊ လက်ဖက် ၁၀၀ ၊ အဝတ်အထည်(အသစ်)၇၅ထုပ်၊(အဟောင်း) အထုပ် ၄၅၀၊ စတီးပန်းကန်၊ ဇလုံ၊ ဇွန်းမျိုးစုံ ၁၅ အိတ်တို့ကို ထောက်ပံ့ကူညီပေးခဲ့သည်။ ရေဘေးသင့် ဘုန်းကြီးကျောင်း ၁၁ ကျောင်းနှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့အား ဆွမ်း၊ ဆန်၊ ထီး၊ သင်္ကန်း၊ ဖိနပ်၊ ငါးသေတ္တာ၊ ယမ်ယမ်ခေါက်ဆွဲ၊ ဓာတ်မီး၊ ဆပ်ပြာထုပ်၊ ကော်ဖီမစ်ထုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်ရှိ ရေဘေးသင့်မူလတန်းကျောင်း ငါးကျောင်း၊ အထက်တန်းကျောင်း တစ်ကျောင်းနှင့် ဓမ္မစကူးလ် တစ်ကျောင်းတို့အား ဗလာစာအုပ် ၈၄၄ ဒါဇင်၊ ဘောလ်ပင် ဒါဇင် ၆၂၀၊ ကွန်ပါ၊ ပေတံ၊ ခဲတံ အိတ်ကြီး တစ်အိတ်၊ လွယ်အိတ်အလုံး ၁၀၀၀၊ ကျောင်းစိမ်းအထည် ၃၂၀၀ တို့ကိုပါ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# ရေဘေးသင့်မိသားစုများနှင့်အတူ ပါလာသည့် ကျွဲ၊ နွားများအား အစာရေစာများ ဖြည့်တင်းပေးခြင်းနှင့် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးသင့်မိသားစုများနှင့်အတူ ကျေးရွာ ၂၁ ရွာမှ ကျွဲ၊ နွား ၁၆၉၃ ကောင် ပါလာခဲ့သည်။ ထိုကဲ့သို့ ပါလာသည့် ကျွဲ၊ နွားတိရစ္ဆာန်များအနက် ကျေးရွာရှစ်ရွာရှိ ကျွဲ၊ နွားကောင်ရေ ၁၃၂၆ ကောင်သည် မူလကျေးရွာများတွင် အစာဂိုဒေါင်များသို့ ရေဝင်ရောက်မှုရှိခြင်း၊ စားကျက်မြေများ ပျက်စီးခြင်းတို့ကြောင့် အစာရေစာခက်ခဲမှုဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့အစာရေစာ ခက်ခဲမှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းတို့က မြင်းခြံမြို့နယ်စခန်းလေးခုရှိ ကျွဲ၊နွားတိရစ္ဆာန် ၁၃၂၆ ကောင်အတွက် ဝါစေ့ခွံ ပိဿာ ၁၄၁၀၊ ဖွဲနု ပိဿာ ၁၄၂၀ နှင့် ကောက်ရိုး ရှစ်တန်ကို ဩဂုတ် ၈ ရက်မှစတင်၍ ရေဘေးရှောင်စခန်းများသို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ ညောင်ဦးခရိုင်၊ တောင်ရွာနောင်၊ ကြအိုကျွန်း၊ လက်ထုတ်ကျွန်း၊ အုန်းနဲချောင်းကျွန်း၊ သူကောင်းတည်ကျွန်းရှိ ကျေးရွာငါးရွာတို့မှ ကျွဲ၊ နွားကောင်ရေ ၂၉၂၉ ကောင်အတွက်လည်း ဝါစေ့ခွံ ပိဿာ ၁၅၉၀၊ ဖွဲနု ပိဿာ ၁၅၈၀ တို့အား ပေးပို့ခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း မြင်းခြံမြို့နယ် ကျေးရွာရှစ်ရွာရှိ ကျွဲ၊ နွားကောင်ရေ ၁၃၂၆ ကောင်အတွက် တစ်ပတ်စာ ဝါစေ့ဖတ် ၁၈၅၆၄ ပိဿာနှင့် ညောင်ဦးမြို့နယ် ကျေးရွာငါးရွာရှိ ကျွဲ၊ နွားကောင်ရေ ၂၉၂၉ ကောင်အတွက် ငါးရက်စာ ဝါစေ့ခွံ ပိဿာ ၂၉၂၉၀ ကို ဝယ်ယူပေးပို့ထောက်ပံ့ခဲ့သည်။

တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ရေဘေးသင့်မိသားစုများနှင့်အတူ ပါလာသည့် မြင်းခြံမြို့နယ်မှ ကျွဲ၊ နွားတိရစ္ဆာန် အကောင် ១၅၄၀၊ ညောင်ဦးမြို့နယ်မှ ကျွဲ၊ နွား အကောင် ၁၃၇၀ တို့အား လည်ချောင်းကွဲ၊ ဒေါင့်သန်းရောဂါကာကွယ်ဆေးများကို ရေဘေးရှောင်စခန်းများအလိုက် လိုက်လံထိုးနှံပေးခဲ့သည်။

ကျွဲ၊ နွားများ အစာရေစာပြတ်လပ်မှုနှင့် ကာကွယ်ဆေး ထိုးနှံခြင်းများအပေါ် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက ပြောကြားရာတွင် “အဓိကကတော့ မြစ်ရေဝင်တဲ့ဒေသတွေက ကိုင်းလုပ်ငန်းတွေ လုပ်ကိုင်ရပြီး ကျွဲ၊ နွားတွေနဲ့သာ ထွန်ယက်ရတယ်။ ထွန်စက်ကိရိယာတွေ မရှိဘူး။ ယခုလို ရေဘေးသင့်တဲ့ တိရစ္ဆာန်တွေပါ ရွှေ့ပြောင်းလာရတယ်။ လူတွေက နားခိုစခန်းတွေရှိတယ်။ နီးစပ်ရာ အိမ်တွေမှာလည်း တည်းခိုလို့ရတယ်။ တိရစ္ဆာန်တွေကျတော့ တော်တော် ဒုက္ခရောက်တယ်။ မိုးထဲရေထဲမှာ နေရတဲ့အတွက် ရောဂါဖြစ်ဖို့တော်တော်များတယ်။ အစာရေစာကလည်း ကျွဲစာ၊ နွားစာ မပါလာတဲ့အတွက် ခက်ခဲတယ်။ မြစ်ရေမြင့်တက်လာတဲ့အတွက် ရှိတဲ့ဂိုဒေါင်တွေလည်း ပျက်စီးနိုင်တယ်။ သဘာဝမြက်ခင်းတွေလည်း နစ်တွေဖုံးတော့ အစာရေစာ ခက်ခဲတဲ့အတွက် မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းတို့နဲ့ ညှိနှိုင်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ အခုလို ကွင်းဆင်းဆောင်ရွက်ပေးတာဖြစ်ပါတယ်”ဟု ပြောကြားသည်။ **ကျော်ဇင်(မုံရွာ)**



# ရေဘေးသင့်ဒေသများရှိ ဆေးရုံဆေးခန်းများ ပြန်လည်ဖွင့်လှစ်မှုနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

မြန်မာနိုင်ငံတစ်ဝန်းတွင် သဘာဝဘေးဒဏ် ကျရောက်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့မှ ခရိုင်/မြို့နယ် ဆေးရုံ ခြောက်ခု၊ တိုက်နယ်ဆေးရုံ ၁၀ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၇ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၁၈ ခုတို့မှ အဆောက်အအုံ၊ ဆေးနှင့် ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ဩဂုတ် ၁၀ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေဘေးသင့်ဒေသများသို့ ကလိုရင်းရေသန့်ဆေးမှုန့် Bleachine Powder ၅၀ ကီလိုဂရမ်ပုံး ၂၃၂ ပုံး၊ ဆေးစိမ်ခြင်ထောင် ၃၄၃၀၊ ရေသန့်ဆေးထုပ် ၁၄၄၀၀၊ ကလိုရင်းဆေးပြား ၂၈၈၀၀၊ DHF Test Kit ၃၀ နှင့် အိမ်သာခွက် ၉၂၀၀ တို့ ဖြန့်ခွဲပို့ဆောင်ထားရှိပြီး ရေဝင်ရောက်သည့်ဆေးရုံများ ပြန်လည်ဖွင့်လှစ်ကာ လုပ်ငန်းများဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသရုံးခွဲတို့နှင့် ဆက်သွယ်ပြီး ရေတို/ရေရှည် ထောက်ပံ့နိုင်ရန် ညှိနှိုင်းဆွေးနွေးခြင်း၊ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများစုဆောင်းပို့ဆောင်ခြင်းများအပြင် ရေဘေးသင့်ဒေသများဖြစ်သော ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့နယ်တို့တွင်လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် လည်းကောင်း၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် ဘုတလင်မြို့နယ်တို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်နှင့် ငါးသိုင်းချောင်း မြို့နယ်တို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် လည်းကောင်း ဗဟိုအဆင့် ကွင်းဆင်းမှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ဒေသများရှိ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးရုံများသို့ လူ၊ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအလိုက် လှူဒါန်းလျက်ရှိကြရာ ချင်းပြည်နယ် ဟားခါးပြည်သူ့ဆေးရုံကြီးတွင် ကမ္ဘောဇကုမ္ပဏီလီမိတက်က အတွင်းလူနာများအတွက် ငွေကျပ်သိန်း ၅၀ နှင့် ဆေးရုံဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၅၀ ပေါင်း ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနသို့ မြွေဆိပ်ဖြေဆေးနှင့် ဆန်အိတ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနသို့ အမေရိကန်ဗွီးရှင်းမှ ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဂုဏ်ညီထောက်ပံ့မှုများ

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၁ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော်    ဩဂုတ်    ၁၁

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ရက်မှ ၂၈ရက်အထိ တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၁ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ရာ ရေဘေးသင့်အိမ်ထောင်စု ၂၅၇၄၄စုမှ လူဦးရေ ၁၀၅၂၈၇၉ဦး ရေဘေးသင့်ခဲ့ပြီး ၁၀၃ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၈၂၂၂၁၃၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၂၁၆၄၉၈၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၄၆၉၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၂၅၁၁၁၄၀၁၆နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၈၈၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၁၀၇၃၅၁၉၆ကို ပေးပို့ထောက်ပံ့ခဲ့သည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ
## ၂၀၁၅ ခုနှစ်ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၁-၈-၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| | ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့ထိ | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| | ဇူလိုင်လ(၁၆)ရက်နေ့မှ ဩဂုတ်လ (၁၁) ရက်နေ့ထိ | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၃၄၀၃၈ | ၂၂၃၆၄၁ | ၁၁ | ၃၂၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၃၄၂၀၅၀၀ | ၈၀၀၀၀၀ | ၆၉၂၉၃၂၅၀ | |
| ၂ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၀၇ | ၁၀၀၈ | ၇၅၀၆ | ၉ | - | - | - | ၁၇၅၉၅၄၆ | ၅၀၀၀၀၀ | ၂၂၅၉၅၄၆ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၉၉ | ၃၄၈၄ | ၁၅၂၄၃ | ၁၁ | ၇၇၀၄၄၅၀ | ၁၆၂၀၀ | ၄၉၀၀၀၀၀ | ၁၉၂၁၁၀၇၈ | ၁၁၀၀၀၀၀ | ၃၂၉၃၁၇၂၈ | |
| ၅ | ချင်းပြည်နယ် | ၁၁၁၉ | ၁၅၃၆ | ၇၆၇၈ | ၄ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၅၂၃၀၂၀၀ | ၁၃၆၈၂၈၅၀ | - | - | - | ၁၈၉၁၃၀၅၀ | |
| ၈ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၁၁ | ၁၇၅၃၁ | ၆၇၇၅၀ | ၂ | - | - | - | ၂၈၈၂၉၈၂၀ | - | ၂၈၈၂၉၈၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၂၇၁၀ | ၆၃၇၄၄ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၆၀၂၃၃၅၀ | - | ၁၆၁၇၈၃၃၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၂၄၁ | ၉၅၁၈၀ | ၃၇၉၄၁၁ | - | ၁၄၇၂၆၇၀၀ | - | - | ၈၆၇၂၁၃၀ | - | ၂၃၃၉၈၈၃၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၂၉၀၀ | ၁၀၆၄၆ | - | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | ပေါင်း | ၁၄၈၃၄ | ၂၄၀၁၅၉ | ၁၀၃၇၉၆၈ | ၉၆ | ၇၈၆၇၄၀၀၀ | ၁၇၈၅၇၀၅၀ | ၁၀၆၆၅၀၀၀၀ | ၂၃၅၄၀၈၄၃၆ | ၈၁၀၀၀၀၀ | ၄၄၆၆၈၉၄၈၆ | |
| | ဇွန်၊ဇူလိုင်၊ဩဂုတ်လစုစုပေါင်း | ၁၅၂၃၉ | ၂၄၂၃၀၅ | ၁၀၅၂၈၇၉ | ၁၀၃ | ၈၂၂၂၁၃၅၀ | ၂၁၆၄၉၈၃၀ | ၁၄၆၉၅၀၀၀၀ | ၂၅၁၁၁၄၀၁၆ | ၈၈၀၀၀၀၀ | ၅၁၀၇၃၅၁၉၆ | |

## မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များထံမှ အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော်    ဩဂုတ်    ၁၁**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက အလှူပစ္စည်းများပေးပို့လျက်ရှိရာ ဩဂုတ် ၁၁ရက်တွင် အဝတ်အထည် အိတ် ၂၆၀၊ ခေါက်ဆွဲခြောက် ၁၁ ပုံး/ဖာ ၁၈၀/၄၇၁ ထုပ်၊ ဆန် ၁၈၃ အိတ်/၁၂ပြည်၊ ရေသန့် ၁၉၈၃ကတ်၊ သကြားနီး ၁၀၃၃ စုံ၊ စားသောက်ကုန်+လူသုံးကုန် ၈ဖာ/၂၁၇ ထုပ်၊ ဆပ်ပြာ ရှစ်ဖာ၊ ကော်ခြင်းလေး နှစ်ခု၊ ရေသန့်ဆေး ၁၀ ဘူး၊ ပလတ်စတစ်ပုံး ၄၀၀၀၊ ခြင်နိုင်ဆေးအလုံး ၅၀၊ အမျိုးသမီးလစဉ်သုံး တစ်ဖာ၊ စောင်တစ်အိတ်၊ ပန်းကန် တစ်ဖာ၊ ဝေဖာပုံး ၄၀၊ ဆေးဝါးမျိုးစုံ တစ်ပုံး/၃၈မျိုး၊ သူနာပြု ဝတ်စုံအထုပ် ၆၀၊ ကျားဝတ်လုံချည်အထည် ၅၀၊ ဆပ်ပြာမှုန့်/ဆပ်ပြာအဆီ ၄၅၇ ထုပ်၊ ရွှေဝါဆပ်ပြာထောင့်/ဆပ်ပြာအချောခဲ ၁၉၅ ခဲ၊ ဆား ၅၀ သားအထုပ် ၆၀၊ ဆီမျိုးစုံ ၈၆ ပိဿာ၊ ဖိနပ် ၄၁ ရံ၊ ရှူးရှဲငါးလေးကြော်/ ရှူးရှဲလက်ဖက်/နှစ်ပြန်ကြော် ၁၈၄ တွဲ၊ လက်ဖက်ခြောက်(ကြီးသေးစုံ) ၁၆၄ ထုပ်၊ ဖယောင်းတိုင်အစုံ ၁၀ ထုပ်၊ ပဲမျိုးစုံ ၂၈ ပြည်၊ ကော်ဇော နှစ်ချပ်၊ စောင် နှစ်ထည်၊ ပန်းကန်+ဇွန်း+ဒန်အိုး ၁၀၇မျိုး၊ အအေး ၃ကတ်၊ သွားတိုက်ဆေး/သွားတိုက်တံ ၉၁ ခု၊ နို့ဆီ/နို့မှုန့် ၃၁ ဘူး၊ ငါးတင်းဘူး/ငါးတင်းခြောက် ၁၀ ဘူး၊ အုန်းဆီ တစ်ဘူးနှင့် ကြက်သွန်နီ ၁၅ ပိဿာတို့ကို လက်ခံရရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

## ကလေးမြို့ ရေဘေးသင့်ပြည်သူများပြန်လည်ထူထောင်ရေး ဆက်လက်လှူဒါန်း

**နေပြည်တော်  ဩဂုတ်  ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးနယ်မြေ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) နာယက ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းနာယက ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း ဦးဆောင်၍ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ အခြားအလှူရှင်များ ပါဝင်သောအဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် AIR KBZ အထူးလေယာဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာပစ္စည်းများကို သယ်ဆောင်ပြီး ရန်ကုန်မြို့မှ ကလေးမြို့သို့ သွားရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကလေးမြို့ အောင်ဆန်းခန်းမတွင် ဖွင့်လှစ်ထားရှိသော ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုစခန်းသို့သွားရောက်၍ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းသည့် ကျောင်းသားကျောင်းသူ ၁၂၅၁၆ ဦးအတွက် တစ်ဦးလျှင် နှစ်စုံနှုန်းဖြင့် ကျောင်းဝတ်စုံ ၂၅၀၃၂ စုံ၊ ဗလာစာအုပ် ဒါဇင် ၆၅၀၀၊ ခဲတံဒါဇင် ၆၅၀၀၊ ဆရာ ဆရာမ ၅၀၀ အတွက် ကျောင်းဝတ်စုံ အစုံ ၁၀၀၀၊ အထွေထွေအသုံးပြုရန် ဒီဇယ်ဆီဂါလန် ၁၀၀၀၀ နှင့် ဆေးရုံသုံးပစ္စည်းများ၊ အစားအသောက်နှင့် ဆေးဝါးများ၊ ဘိလပ်မြေအိတ် ၆၀၀၀၊ အိမ်မိုးသွပ်ပြား ၆၀၀၀ တို့အား လည်းကောင်း၊ အလားတူ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) မှ လှူဒါန်းသော ဆန်အိတ်



၃၀၀၀ ကို လည်းကောင်း တာဝန်ရှိပုဂ္ဂိုလ်များထံ ပေးအပ်လှူဒါန်းကြသည်။

ရေဘေးသင့်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း အနေဖြင့် လည်းကောင်း၊ ပရဟိတအဖွဲ့အစည်းများမှ တစ်ဆင့်လည်းကောင်း အလှူငွေ ငွေသားနှင့် ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းရာတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ မုံရွာ၊ ကောလင်း၊ ဝန်းသို၊ ချပ်သင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ ကလေးမြို့နယ်များနှင့် ချင်းပြည်နယ် ဟားခါးမြို့နယ်များသို့ အလှူငွေနှင့်အလှူပစ္စည်း ကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော်အားလည်းကောင်း၊မကွေးတိုင်းဒေသကြီးရှိ မင်းဘူး၊ ပွင့်ဖြူ၊ စေတုတ္တရာ၊ စကု၊ ကံမ၊ ဆင်ပေါင်ဝဲ၊ သရက်နှင့် ညောင်ဦးမြို့နယ်များသို့ အလှူငွေနှင့် အလှူပစ္စည်း ကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော်အားလည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေ၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တောနှင့် အခြားမြို့နယ်များသို့ အလှူငွေနှင့် အလှူပစ္စည်း ကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော်အား လည်းကောင်း၊ မြန်မာပြည်အနှံ့အပြားရှိ အခြားရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် လှူဒါန်းငွေအပါအဝင် ယနေ့ထိ စုစုပေါင်း ကျပ်သိန်းပေါင်း ၄၂၀၀၀ ကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြန်လည်ထူထောင်ရေး**

# ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီသို့ အလှူငွေများလာရောက်ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီသို့ ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ ဆောင် အဆောင်အမှတ် (၆)သို့ “ဝ” အထူးဒေသ (၂)မှ လှူဒါန်းငွေကျပ်သိန်း ၆၀၀ကို ဗဟိုကော်မတီဝင် ဦးအောင်မြင့်နှင့် မိုင်းလားအထူးဒေသ (၄)မှ လှူဒါန်းငွေကျပ်သိန်း ၆၀၀ ကို ရန်ကုန်ရုံးတာဝန်ခံ ဦးကျော်ကျော်အောင်တို့က မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်သည့် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အသီးသီးပေးအပ်လှူဒါန်းခဲ့ကြရာ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အလှူငွေများကိုလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



# ရေကြီးနစ်မြုပ်လျက်ရှိသော ကလေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ပေးပို့သည့် အတန်းလိုက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်အစုံစာရင်း

**စစ်ကိုင်းတိုင်းဒေသကြီး** ရက်စွဲ။ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၉ ရက်

| စဉ် | အတန်း | ကလေးခရိုင်သို့ ပေးပို့သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်အစုံစာရင်း | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | ပထမအကြိမ် (၄-၈-၂၀၁၅) | ဒုတိယအကြိမ် (၆-၈-၂၀၁၅) | တတိယအကြိမ် (၈-၈-၂၀၁၅) | စတုတ္ထအကြိမ် (၉-၈-၂၀၁၅) | စုစုပေါင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | သူငယ်တန်း | ၁၅၆၀ | ၁၆၇၅ | ၀ | ၂၀၀ | ၃၄၃၅ | |
| ၂ | ပထမတန်း | ၇၆၈ | ၇၈၀ | ၀ | ၇၈၁ | ၂၃၂၉ | |
| ၃ | ဒုတိယတန်း | ၉၀၀ | ၁၃၂၀ | ၁၈၀ | ၄၄၂ | ၂၈၄၂ | |
| ၄ | တတိယတန်း | ၀ | ၀ | ၂၄၅ | ၅၈၀ | ၈၂၅ | |
| ၅ | စတုတ္ထတန်း | ၀ | ၁၄၀၀ | ၂၈၅ | ၄၉၉ | ၂၁၈၄ | |
| **မူလတန်းပေါင်း** | | **၃၂၂၈** | **၅၁၇၅** | **၇၁၀** | **၂၅၀၂** | **၁၁၆၁၅** | |
| ၆ | ပဉ္စမတန်း | ၄၃၀ | ၇၅ | ၂၁၉၇ | ၀ | ၂၇၀၂ | |
| ၇ | ဆဋ္ဌမတန်း | ၀ | ၀ | ၁၆၀၆ | ၄၄၃ | ၂၀၄၉ | |
| ၈ | သတ္တမတန်း | ၀ | ၀ | ၁၆၁၅ | ၂၁၅ | ၁၈၃၀ | |
| ၉ | အဋ္ဌမတန်း | ၀ | ၀ | ၁၆၈၉ | ၁၂ | ၁၇၀၁ | |
| **အလယ်တန်းပေါင်း** | | **၄၃၀** | **၇၅** | **၇၁၀၇** | **၆၇၀** | **၈၂၈၂** | |
| ၁၀ | နဝမတန်း | ၆၇၄ | ၁၀၃ | ၅၉၉ | ၀ | ၁၃၇၆ | |
| ၁၁ | ဒသမတန်း | ၀ | ၂၃၄ | ၆၇၁ | ၀ | ၉၀၅ | |
| **အထက်တန်းပေါင်း** | | **၆၇၄** | **၃၃၇** | **၁၂၇၀** | **၀** | **၂၂၈၁** | |
| မူ၊လယ်၊ထက် စုစုပေါင်း | | ၄၃၃၂ | ၅၅၈၇ | ၉၀၈၇ | ၃၁၇၂ | ၂၂၁၇၈ | |

# စေတုတ္တရာမြို့ အမှတ်(၁)မူလွန်ကျောင်းတွင် ရွှံ့ညွန်များ ရှင်းလင်းဆောင်ရွက်

**မင်းဘူး ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့ပေါ် ရပ်ကွက်များတွင် ဇူလိုင်လနှင့်ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့ရာ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းလည်း ရေနစ်မြုပ်ခဲ့သည်။

အဆိုပါမူလတန်းလွန်ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဩဂုတ် ၁၀ ရက်တွင် စေတုတ္တရာမြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများက အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်းအတွင်းရှိ နုန်းမြေနှင့်ရွှံ့ညွန်များကို ရေစုပ်စက် ဒိုင်းရှင်းများဖြင့် ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဌေး(မင်းဘူး)**



◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

# ရေကြီးနစ်မြုပ်လျက်ရှိသော ကလေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် အတန်းလိုက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်အစုံစာရင်း

**စစ်ကိုင်းတိုင်းဒေသကြီး** ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၉)ရက်

| စဉ် | အတန်း | ကလေးခရိုင် ရေဘေးသင့် ကျောင်းသား ဦးရေ | နောက်တိုး ကလေးမြို့နယ် ရေဘေးသင့် ကျောင်းသား ဦးရေ | ရေဘေးသင့် ကျောင်းသား ဦးရေ စုစုပေါင်း | တိုင်းပညာ၌ ထုပ်ပိုးပြီး သည့် အစုံ | ကလေးမြို့ အရောင်းဆိုင်၌ ထုပ်ပိုးပြီးသည့် အစုံ | (တိုင်းပညာ+ ကလေး)၌ ထုပ်ပိုးပြီးသည့် အစုံ | အပို အစုံ | အလို အစုံ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | သူငယ်တန်း | ၃၂၃၅ | ၃၈၅ | ၃၆၂၀ | ၃၄၃၅ | ၃၇၀ | ၃၈၀၅ | ၁၈၅ | ၀ | |
| ၂ | ပထမတန်း | ၂၇၇၂ | ၃၁၈ | ၃၀၉၀ | ၃၂၁၃ | ၁၇၈၁ | ၄၉၉၄ | ၁၉၀၄ | ၀ | |
| ၃ | ဒုတိယတန်း | ၂၇၅၃ | ၃၄၀ | ၃၀၉၃ | ၃၁၉၅ | ၇၁၉ | ၃၉၁၄ | ၈၂၁ | ၀ | |
| ၄ | တတိယတန်း | ၂၆၈၁ | ၃၃၃ | ၃၀၁၄ | ၉၅၆ | ၁၀ | ၉၆၆ | ၀ | ၂၀၄၈ | |
| ၅ | စတုတ္ထတန်း | ၂၄၃၀ | ၃၃၂ | ၂၇၆၃ | ၂၄၃၅ | ၇၁၉ | ၃၁၅၄ | ၃၉၁ | ၀ | |
| **မူလတန်းပေါင်း** | | **၁၃၈၇၂** | **၁၇၀၈** | **၁၅၅၈၀** | **၁၃၂၃၄** | **၃၅၉၉** | **၁၆၈၃၃** | **၃၃၀၁** | **၂၀၄၈** | |
| ၆ | ပဉ္စမတန်း | ၂၇၅၆ | ၂၉၄ | ၃၀၅၀ | ၂၇၅၆ | ၃ | ၂၇၅၉ | ၀ | ၂၉၁ | |
| ၇ | ဆဋ္ဌမတန်း | ၂၈၇၈ | ၂၄၀ | ၃၁၁၈ | ၂၀၈၅ | ၅ | ၂၀၉၀ | ၀ | ၁၀၂၈ | |
| ၈ | သတ္တမတန်း | ၂၃၄၄ | ၂၀၁ | ၂၅၄၅ | ၁၈၈၈ | ၀ | ၁၈၈၈ | ၀ | ၆၅၇ | |
| ၉ | အဋ္ဌမတန်း | ၂၀၁၀ | ၁၆၉ | ၂၁၇၉ | ၂၀၁၀ | ၄၃ | ၂၀၅၃ | ၀ | ၁၂၆ | |
| **အလယ်တန်းပေါင်း** | | **၉၉၈၈** | **၉၀၄** | **၁၀၈၉၂** | **၈၇၃၉** | **၅၁** | **၈၇၉၀** | **၀** | **၂၁၀၂** | |
| ၁၀ | နဝမတန်း | ၁၃၇၆ | ၈၂ | ၁၄၅၈ | ၁၄၅၈ | ၀ | ၁၄၅၈ | ၀ | ၀ | |
| ၁၁ | ဒသမတန်း | ၁၁၃၂ | ၃၃ | ၁၁၆၅ | ၈၉၉ | ၀ | ၈၉၉ | ၀ | ၂၆၆ | |
| **အထက်တန်းပေါင်း** | | **၂၅၀၈** | **၁၁၅** | **၂၆၂၃** | **၂၃၅၇** | **၀** | **၂၃၅၇** | **၀** | **၂၆၆** | |
| မူ၊လယ်၊ထက် စုစုပေါင်း | | ၂၆၃၆၈ | ၂၇၂၇ | ၂၉၀၉၅ | ၂၄၃၃၀ | ၃၆၅၀ | ၂၇၉၈၀ | ၃၃၀၁ | ၄၄၁၆ | |

# မြစ်ရေဝင်စာသင်ကျောင်းအတွင်း သဲနုန်းများ သန့်ရှင်းရေးဆောင်ရွက်

**တောင်သာ ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ဧရာဝတီမြစ်ရေလျှော့ကျသွားမှုကြောင့် ရေဘေးသင့်ပြည်သူများ မိမိတို့နေထိုင်ရာ နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့ခဲ့သည်။

တောင်သာမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေ မြင့်တက်ကာ ရေဝင်မှုကြောင့် ခေတ္တယာယီပိတ်ထားသည့် ရသစ်ကျေးရွာအုပ်စု ရွာသာအေးမူလတန်းကျောင်းအား အမြန်ပြန်လည်ဖွင့်လှစ် ပညာသင်ကြားနိုင်ရေးအတွက် ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရွာခွဲတာဝန်ခံများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှ စာရေးဝန်ထမ်းများက စာသင်ကျောင်းအတွင်း တင်ကျန်နေသော သဲနုန်းများကို စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါရသစ်ကျေးရွာအုပ်စု ရွာသာအေးမူလတန်းကျောင်းကို ဩဂုတ် ၁၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ပညာသင်ကြားနိုင်ရေး စီမံဆောင်ရွက်ထားခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**





ဟင်္သာတရွှေကျောင်းရှိ ရေဘေးသင့်ပြည်သူများသို့ အလှူရှင်များက စောင်များပေးအပ်လှူဒါန်းစဉ်။ (ခင်မောင်ဝင်း)

# ဟင်္သာတမြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ၂၉ ခု ဖွင့်လှစ်ကူညီ

**ဟင်္သာတ ဩဂုတ် ၁၁**

ဟင်္သာတမြို့နယ်တွင် ရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုဒဏ်ခံရသောပြည်သူများအား မြို့ပေါ်နှင့် ကျေးရွာတို့၌ ကယ်ဆယ်ရေးစခန်း ၂၉ခုကို ဩဂုတ် ၁ရက်မှ စတင်ဖွင့်လှစ် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း တွေ့မြင်ခဲ့ရသည်။

အဆိုပါမြို့၌ ရွှေကျောင်းဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်း တာဝန်ခံဦးခိုင်ထွန်းက "ဒီစခန်းက မြို့ပေါ်စခန်းဖြစ်နေတော့ အစားအသောက် အသုံးအဆောင်တွေက ဖူလုံစွာရရှိပါတယ်။ ဒီစခန်းကနေပြီး ကျေးရွာတွေမှာရှိတဲ့ စခန်းတွေလည်း ပြန်လှူဒါန်းလျက်ရှိသလို စေတနာရှင်တွေ လာရောက်လှူဒါန်းမေးမြန်းလာရင်လည်း ဘယ်ကျေးရွာက လှူဒါန်းမှုနည်းသေးတယ်။ အဲဒီကိုသွားလှူဒါန်းလို့ရတယ်။ စက်လှေလမ်းပြတွေပါ ထည့်ပေးပါတယ်။ ကျွန်တော့် ကယ်ဆယ်ရေးစခန်းတွေမှာက စားရေးသောက်ရေးအတွက် ပြည့်စုံမှုရှိပြီး အဓိကကတော့ ရေကျသွားရင်ပြန်လည်ထူထောင်ရေးအတွက်ပါ။ အစီအစဉ်တွေလည်း လုပ်ဆောင်ထားပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ လူမှုရေးအဖွဲ့တွေ၊ စေတနာရှင် အလှူရှင်တွေရဲ့ ပံ့ပိုးမှုကြောင့် ဒီအခက်အခဲကြီးကို ကျော်ဖြတ်နိုင်မှာပါ"ဟု ပြောသည်။

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အနောက်ခြမ်းမှ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ဦးချိုထွန်းက "နှစ်ငါးဆယ်ကျော်ထိ ဒီလိုရေကြီးမှုမျိုး မကြုံဖူးပါဘူး။ ဒီနယ်မှာ ရေအကြီးဆုံးဖြစ်ခဲ့တဲ့ ၁၉၉၁ခုနှစ်က ထိန်ငူတာကျိုးတာထက် ငါးပေလောက် ပိုမြင့်တက်တယ်။ ဒီလိုမျိုးမတွေ့ဖူးတော့ ကြိုတင်ပြင်ဆင်မှုတွေမရှိခဲ့တာပါ။ ရေကြီးရေလျှံမှုဒဏ် ခံရသူတွေက လက်ရှိအချိန်ထိစားရေးသောက်ရေး အခက်အခဲမရှိပါဘူး။ ပြန်လည်ထူထောင်ရေးအတွက်လည်း ဆက်လက်လုပ်ဆောင်နေပါတယ်"ဟု ပြောသည်။ **(ကိုသက်)**

# ဧရာဝတီမြစ်ရေအလွန်အကျွံမြင့်တက်မှုသည် သဘာဝဘေးဆိုင်ရာစိန်ခေါ်မှုတစ်ရပ်ဖြစ် ညောင်တုန်းမြို့နယ်အတွင်း ကယ်ဆယ်ရေးဦးစီးဌာနရုံး ဖွင့်လှစ်ပေးရန် အကြံပြုသူများပြောလာ

**ညောင်တုန်း ဩဂုတ် ၁၁**

၂၀၁၅ ခုနှစ်အတွင်း သဘာဝဘေး (ရေဘေး) ဖြစ်ပေါ်ကျရောက်မှုကို ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုတွင် ၁၁ ခု၌ ကြုံတွေ့ခံစားခဲ့ကြရကြောင်း သိရသည်။ အလားတူ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင်လည်း ဧရာဝတီမြစ်ရေအလွန်အကျွံ မြင့်တက်မှုကြောင့် ရေဘေးသင့်ခံရမှုများ ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သဘာဝဘေး ဖြစ်ပေါ်ကြုံတွေ့ရမှုပေါ်မူတည်၍ ရာသီဥတုနှင့် သဘာဝဘေးခန့်မှန်းမှု ကျွမ်းကျင်သူများနှင့် အတွေ့အကြုံရှိဒေသခံများက မအူပင်ခရိုင် သို့မဟုတ် ညောင်တုန်းမြို့နယ်တွင် သင့်တော်သောနေရာ၌ ကယ်ဆယ်ရေးဦးစီးဌာနရုံးနှင့် ဆက်စပ်အစီအမံများ တည်ဆောက်ဖွင့်လှစ်ပို့ချ ဆောင်ရွက်ထားရှိရန် သဘာဝအခြေအနေနှင့် ဒေသအခြေအနေအရ လိုအပ်မှုများရှိလာပြီဖြစ်ကြောင်း သုံးသပ်အကြံပြုလာကြသည်။

"ကျွန်တော်တို့ညောင်တုန်းမြို့က ဧရာဝတီမြစ်ရဲ့ စိန်ခေါ်မှုတွေကို အနည်းနဲ့အများဆိုသလို ဟိုတုန်းထဲက နှစ်စဉ်နီးပါးခံစားလာခဲ့ရတာပါ။ ခုမှမဟုတ်ပါဘူး။ မိုးတွင်းကာလဝါဆိုဝါခေါင် ရေဖောင်ပြီဆိုတာနဲ့ ရင်တမမနဲ့ ဘုရားတရားတနေရတဲ့မြို့ပါ။ တာကလည်းကျိုးလုကျိုးလုနဲ့ပွတ်သီကပ်သီလေးနဲ့ လွတ်မြောက်လာခဲ့ရတာပါ။ ခန့်မှန်းခြေ ၂၀၀၀ ပြည့်နှစ်မတိုင်မီ ဒီလို ရေတက်လေ့တက်ထရှိပေမယ့် ခုလို ရက်တိုတိုနဲ့ ရေတိုးမကြမ်းဘူး။ ခုဟာက ခုနစ်ရက်အတွင်းမှာကို စိုးရိမ်ရေမှတ်ကျော်၊ အန္တရာယ်ရေမှတ်ကျော်ဆိုတော့ ခါတိုင်းလိုနေလို့တော့ အသက်အိုးအိမ်အတွက် စိတ်မချရတော့ဘူး။ ကျွန်တော့်ရဲ့အသက်အရအတွေ့အကြုံ နဲ့အမြင်အရ ပြောရရင်တော့မြို့ကိုကာကွယ်ထားတဲ့ရေကာတာနဲ့ မြို့နယ်အတွင်းမှာရှိတဲ့ ဆည်မြောင်းတာတွေကို သာမန်မဟုတ်ဘဲ အထူးတလည် စိတ်ချရလောက်တဲ့အထိ လုံလောက်တဲ့ ကြံ့ခိုင်တောင့်တင်းမှုရှိအောင် ပြင်ဆင်တည်ဆောက်မွမ်းမံပေးစေချင်ပါတယ်။ ဒါမှရေဘေးကို အတိုင်းအတာတစ်ခုထိ ကြိုတင်ကာကွယ်ရာ ရောက်မှာပါ"ဟု အတွေ့အကြုံရှိ ဒေသခံတစ်ဦးက ပြောသည်။

ယခုနှစ်အတွင်း အဆိုပါ ရေကြီးမှုဖြစ်စဉ်ကြောင့် ညောင်တုန်းမြို့နယ်အတွင်း ဩဂုတ် ၉ ရက်အထိ စာရင်းအရ စိုက်ပျိုးဧက ၉၉၈၈ ဧက၊ ဘုန်းတော်ကြီးကျောင်းပေါင်း ၄၄ ကျောင်း၊ စာသင်ကျောင်းပေါင်း ၆၈ ကျောင်း ရေနစ်မြုပ်ခဲ့ပြီး အိမ်ထောင်စုပေါင်း ၁၀၆၇၄ စုနှင့် လူဦးရေ ၄၆၇၀၃ ဦး ရေဘေးသင့်ခဲ့ရကြောင်း သိရသည်။

"သဘာဝဘေးအမျိုးမျိုးရှိတဲ့ အထဲက ထူးခြားတဲ့ ဘေးဖြစ်တဲ့ မီးဘေး၊ ရေဘေး၊ မိုးကြိုးဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ ကပ်ရောဂါဘေး စတဲ့ဘေးတွေကို အထူးတလည်ကာကွယ်တားဆီးကြဖို့လိုပါတယ်။ သဘာဝဘေးဆိုတာ အခါအားလျော်စွာ ကြုံတွေ့ရတတ်တဲ့အရာပါ။ အခုဆိုရင် ကမ္ဘာ့ဒေသတော်တော်များများမှာလည်းသဘာဝဘေးတွေနဲ့ ကြုံတွေ့နေရပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းနဲ့ အခု ၂၀၁၅ ရေကြီးမှုကလည်း ကျွန်တော်တို့နိုင်ငံအတွက် ပြောင်းလဲလာတဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ဒီအတွက် ကြိုတင်ပြင်ဆင်မှုနဲ့ ဖြေရှင်းနိုင်ဖို့အတွက် အထောက်အကူဖြစ်စေတဲ့ ကယ်ဆယ်ရေးဦးစီးဌာန ခရိုင်အဆင့်ရုံး ဒါမှမဟုတ် မြို့နယ်အဆင့်ရုံး တည်ဆောက်ဖွင့်လှစ်ပေးဖို့နဲ့ အကြောင်းအမျိုးမျိုးကြောင့် မဖွင့်ပေးနိုင်ရင်လည်း ဘေးလွတ်စခန်းတွေ၊ အသက်ကယ်ကုန်းတွေ၊ သဘာဝဘေးအသိရှိဖို့ဟောပြောပွဲတွေ၊ သင်တန်းပေးတာတွေ၊ သဘာဝဘေးလျော့ပါးရေးနဲ့ ကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ပေးတာတွေစတဲ့ ဆက်စပ်အစီအမံတွေပို့ချဆောင်ရွက်ပေးဖို့ လိုအပ်လာပြီလို့မြင်ပါတယ်။ ဒါမှသာလျှင် သဘာဝဘေးကြောင့် ဖြစ်ရတဲ့ အန္တရာယ်နဲ့ ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေကနေ လွတ်မြောက်နိုင်မယ်လို့ယူဆပါတယ်။ ညောင်တုန်းမြို့နယ်တင်မဟုတ်ဘဲသဘာဝဘေးကြုံတွေ့ခံစားကြရလေ့ရှိတဲ့ မြို့ရွာဒေသတွေမှာလည်း အလားတူ တည်ဆောက်ဖွင့်လှစ်ပို့ချဆောင်ရွက်ထားကြဖို့ လိုအပ်လာပြီလို့ အကြံပြုချင်ပါတယ်"ဟု ရေဘေးကိုယ်တိုင်တွေ့ကြုံခံစားရသူသတင်းထောက် ဦးညွန့်ဗိုလ် (အတွင်းရေးမှူး) မြို့နယ်စာရေးဆရာအသင်း ညောင်တုန်းက သုံးသပ်ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးချိန်မှစ၍ ယနေ့ထိ မုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter) ၅၀ကျော်နှင့် သက်ကယ်ကုန်း (hill lock) များ တည်ဆောက်ပေးထားပြီး တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်မှ မြို့နယ်နှင့် ရပ်/ကျေးအဆင့်ထိ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သပြေထွန်း)**

# မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဆန်ဆိုင်ကြီးများ ဆက်လက် ထပ်မံဖွင့်လှစ်ပေးသွားမည်

**ရန်ကုန် ဩဂုတ် ၁၁**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ဦးဆောင်စီစဉ်မှုဖြင့် ရေဘေးသင့်ဒေသများအတွက် လိုအပ်သောဆန်များကို ဆန်ဆိုင်ကြီးများ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာတွင် မြန်မာနိုင်ငံဆန် စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါးဆိုင်ရာကုမ္ပဏီများ၊ စက်ပိုင်များ၊ ကုန်သည်များ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ဆန်အရောင်းဆိုင်များ ထပ်မံဖွင့်လှစ်ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

ဆန်ဆိုင်များ ဖွင့်လှစ်ရောင်းချမည့် မြို့နယ်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)နှင့် ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်)၊ မကွေးတိုင်းဒေသကြီးတွင် ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်နှင့် လယ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုမြို့နှင့် မုံရွာမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ပြည်မြို့၊ မင်းလှမြို့နယ်၊ လက်ပံတန်းမြို့နယ်၊ နတ်တလင်းမြို့နယ်နှင့် သာယာဝတီမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဇလွန်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ မြောင်းမြမြို့နယ်နှင့် ဓနုဖြူမြို့နယ်၊ နေပြည်တော်တွင်ပျဉ်းမနားမြို့၊ ရခိုင်ပြည်နယ်တွင် စစ်တွေမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။


ဆန်အရောင်းဆိုင်များတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ အခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်ကိုသင့်တင့်မျှတသော ဈေးနှုန်းဖြင့် စားသုံးသူများ အတွက်လည်းကောင်း၊ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသူများအားလည်းကောင်း ပစ္စည်းမှန်၊ဈေးနှုန်းမှန်၊ အရည်အသွေးမှန်၊ အလေးချိန်မှန်စွာဖြင့် ရောင်းချပေးမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြေညာချက်ထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံး (ဖုန်း- ၀၁ ၂၁၈၂၆၆၆၈၊ ၀၉ ၇၃၀၂၃၆၈၈) နှင့် ဆန်စပါးကုန်စည်ဒိုင်များ၊ မြို့နယ်အသီးသီးရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနရုံးများတွင်ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်မည် ဖြစ်ပြီး အခြားလိုအပ်သည့် နေရာဒေသများတွင်ပါ ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**(၀၀၁)**

# ဟင်္သာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့နယ်များတွင် ရေကျသော်လည်း စိုးရိမ်ရေမှတ် ကျော်လွန်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်နှင့် ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ်စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း မြို့အလိုက် သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်းမိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။** (သတင်းစဉ်)






# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော်　　ဩဂုတ်　　၁၁**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၀၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၇၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၅. ၁၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၂. ၁၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၂. ၀၀' |
| ၆။ | ကိုးပင်ကန် | ၉၇၆၄ | ၃. ၃၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၁၀' |
| ၈။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၅၅' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၂၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၁. ၁၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၃. ၆၀' |
| ၁၂။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၄. ၀၀' |
| ၁၃။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၃၀' |
| ၁၄။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၅၀' |
| ၁၅။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၆။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၂၀' |
| ၁၇။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၈။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၃၀' |
| ၁၉။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၇၅' |
| ၂၀။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၂၁။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၇၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၃၃' |
| ၂၃။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၁၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၆၀' |
| ၂၆။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၆၅' |
| ၂၇။ | တောင်ယမားရေလှောင်တမံ | ၁၇၀၄၀ | ၁. ၁၀' |
| ၂၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၉၀' |
| ၂၉။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၆. ၂၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၃၁။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၆. ၁၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၂၀' |
| ၃၃။ | လွန်ငင်ရေလှောင်တမံ | ၃၂၅ | ၀. ၂၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၂၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၄၅' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၅၅' |
| ၃၉။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၁၀' |

**(သတင်းစဉ်)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၁၁ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၄၈၅၀ | ၁၀၀၉၅ | ၁၄၃၉ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | ၃၇ |
| ၅။ | ချင်းပြည်နယ် | ၃၇၅၃ | ၃၃၅၉ | ၃၄၁၆ | ၁၈၄၈ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၆၉၀၅ | ၁၈၁၇၉၁ | ၁၃၈၇၅၂ | ၈၇၇၇၇ | ၈၃၈၀ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | - | - | - | - | - |
| ၈။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၆၇၀ | ၂၆၆၄၁၁ | ၁၂၀၆၂၀ | ၄၂၆၄၉ | - |
| ၉။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၈၉၀၁၀ | ၉၆၈၄၆ | ၆၅၈၅၈ | ၂၀ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၅၀၃ | ၂၄၄ | ၁၇ | ၅ |
| ၁၁။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၃၉၀ | - | - |
| ၁၂။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၄၇၃၀၇ |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး | ၉၄၁၀၅ | ၄၉၃၄၃ | ၂၁၆၀၇ | ၂၂၄၂ | ၃၀ |
| ၁၄။ | ရှမ်းပြည်နယ် | ၁၂၅၆၁ | ၁၁၉၈၁ | ၂၇၄၄ | ၁၅၆၉ | ၁၅၃ |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | ၂၅၆၅၄၄ | ၈၉၀၆၈ | ၇၂၀၃၃ | ၅၂၁၃၁ | ၁၈ |
| | **စုစုပေါင်း** | **၁၃၆၇၅၇၄** | **၁၀၂၇၆၂၅** | **၇၄၅၃၇၆** | **၄၈၁၅၇၃** | **၅၇၃၈၉** |



**မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ဉယျာဉ်ကျစ်-ကုန်းဇောင်း-သံကိုင်းလမ်း ရေတိုက်စားမှုကြောင့် ပျက်စီးနေမှုကို ဩဂုတ် ၁၀ရက်က လမ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်းပြုပြင်ဆောင်ရွက်နေစဉ်။**

ဇော်ဇော် (မြို့သစ်)

**မကွေးတိုင်းဒေသကြီး သရက်မြို့တောင်မင်းတည်းရပ်ကွက် အောင်စေတီဘုရားတောင်ဘက် တိုးချဲ့ကွက်သစ်လမ်း ဧရာဝတီမြစ်ရေပြန်လည်ကျသွား၍ ရွှံ့ညွန်များနှင့် အမှိုက်သရိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများက ဩဂုတ် ၁၁ ရက်တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။**

မြို့နယ်(ပြန်/ဆက်)



## နဂါးညီနောင် မှန်လုံယာဉ် လမ်းချော်မှုဖြစ်ပွား

**ပင်းတယ　　ဩဂုတ်　　၁၁**

ရပ်စောက်-အောင်ပန်း ပြေးဆွဲလျက်ရှိသော နဂါးညီနောင် မှန်လုံယာဉ် တစ်စီးသည် ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီက ပင်းတယမြို့နယ် ဗမာရွာနှင့် လယ်ပြင်ရွာကြား(ကြာအင်းရေကန်)အနီးတွင် အခြားယာဉ်တစ်စီးကို တိမ်းရှောင်ရာမှ လမ်းချော်မှုဖြစ်ပွားခဲ့ပြီး ကားလမ်းနံဘေးခြံတစ်ခြံထဲသို့ ချော်ကျခဲ့သည်။

အဆိုပါ ယာဉ်ပေါ်တွင် ခရီးသည်ငါးဦး လိုက်ပါလာရာ တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ခရီးသည်များအား လိုရာခရီးရောက်အောင် အခြားယာဉ်တစ်စီးဖြင့် ပြောင်းရွှေ့စီစဉ်ပေးခဲ့ကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

## ရေဘေးသင့်ပြည်သူများအတွက် အစ္စရေးနိုင်ငံမှ လှူဒါန်း

**ရန်ကုန်　ဩဂုတ်　၁၁**

အစ္စရေးသံအမတ်ကြီး H.E.Mr. Daniel Zonshine ဦးဆောင်သော အစ္စရေးသံရုံးမှ အဖွဲ့သည် ဩဂုတ် ၇ ရက်က သာယာဝတီခရိုင်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာ အစ္စရေးအစိုးရနှင့် အစ္စရေးပြည်သူများ၏ ကိုယ်စား ရေဘေးသင့် ပြည်သူများသို့ ခေါက်ဆွဲခြောက်ထုပ်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လိုအပ်သော ပစ္စည်းအိတ်များ၊ ဆေးစိမ်ခြင်ထောင်များနှင့် ဆေးဝါးများကို လှူဒါန်းခဲ့သည်။ သာယာဝတီခရိုင်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခု ဖွင့်လှစ်ထားပြီး ရေဘေးသင့်ပြည်သူ ၂၄၀၀ ကျော်ကို ကယ်ဆယ်ထားရှိကြောင်း သိရသည်။

သံအမတ်ကြီးသည် ထိုဒေသရှိ ကယ်ဆယ်ရေးစခန်းနှစ်ခုသို့ သွားရောက်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ မိသားစုဝင် ၂၅၀ ကျော်ကိုလည်း ကိုယ်တိုင်လှူဒါန်းခဲ့သည်။သံရုံးမှ အဖွဲ့ဝင်များသည် သာယာဝတီတိုက်နယ်ဆေးရုံသို့လည်း သွားရောက်ခဲ့ပြီး ရေဘေးသင့် ပြည်သူများအတွက် ဆေးဝါးများကို လှူဒါန်းခဲ့သည်။

အစ္စရေးအစိုးရနှင့် အစ္စရေးပြည်သူများ၏ကိုယ်စား အစ္စရေးသံအမတ်ကြီးက မြန်မာပြည်သူများသို့ ၎င်း၏ စာနာထောက်ထားမှုကို ထုတ်ဖော်ပြောကြားခဲ့ပြီး အစ္စရေးနိုင်ငံအနေဖြင့် မြန်မာရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ဆက်လက်၍ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ကျော်သဲအိမ်)**

## ရေဘေးသင့်ပြည်သူများအတွက် ကရုဏာအသင်းမှ ကူညီ

**ရေကြည်　ဩဂုတ်　၁၁**

ရေကြည်မြို့နယ်အတွင်းရှိ ရေလျှံမှုဖြစ်ပေါ်နေသော နေရာများတွင် ရေကြည်မြို့နယ် ကရုဏာလူမှုကူညီစောင့်ရှောက်ရေးအသင်းမှ ကယ်ဆယ်ရေးပစ္စည်းများနှင့် အစားအသောက်များကို ဩဂုတ် ၉ ရက်တွင် အလကကညင်ငူ၊ ထိန်ပင်ကျိုးကညင်ငူ ကျေးရွာများသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆန်အိတ်များကူညီထောက်ပံ့

**ရေကြည်　ဩဂုတ်　၁၁**

ရေကြည်မြို့နယ် ရေဘေးသင့်ပြည်သူများအား လူမှုရေးအဖွဲ့အစည်းများက ထောက်ပံ့ရေးပစ္စည်းများ ကူညီထောက်ပံ့ပေးခဲ့ကြသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကလည်း မန်းဇံကွင်း၊ ဆိပ်သာကျေးရွာအုပ်စု၊ အကယ်ကြီး၊ ကြို့ကုန်းကျေးရွာအုပ်စု ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများအား ဆန်အိတ် ၃၀၀ ကို ထောက်ပံ့လှူဒါန်းခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# အန်ကောဝပ်ဘုရားကျောင်းပုံစံတူ တည်ဆောက်မည့်အစီအစဉ် စွန့်လွှတ်ရန် အိန္ဒိယအား ကမ္ဘောဒီးယား တိုက်တွန်း

**ဖနောင်ပင် ဩဂုတ် ၁၁**

အိန္ဒိယအဖွဲ့အစည်းတစ်ခုဖြစ်သော Mahavir Mandir အား ကမ္ဘောဒီးယားနိုင်ငံမှ ကမ္ဘာကျော် အန်ကောဝပ်ဘုရားကျောင်းပုံစံတူတစ်ခု တည်ဆောက်မည့် အစီအစဉ်ကို စွန့်လွှတ်ရန် အိန္ဒိယအစိုးရအား ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဟော်နမ်ဟောင်က တောင်းဆိုလိုက်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါတောင်းဆိုမှုကို တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဒင်းနစ်ရှ်ကေပတ်နိခ်နှင့် အစည်းအဝေးတစ်ရပ်ကျင်းပစဉ်အတွင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ချမ်ဆောင်နရီက သတင်းထောက်များအား ပြောကြားသည်။ “ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံရဲ့ အမျိုးသားအမှတ်သင်္ကေတဖြစ်တဲ့ အန်ကောဝပ်ဘုရားကျောင်းပုံစံတူ တည်ဆောက်မဲ့ကုမ္ပဏီရဲ့ အစီအစဉ်ကို လုံးဝရပ်တန့်ဖို့ အိန္ဒိယနိုင်ငံကို တောင်းဆိုခဲ့ပါတယ်” ဟု ၎င်းက ဆိုသည်။

အဆိုပါတောင်းဆိုချက်ကို အိန္ဒိယအစိုးရထံ ပို့ဆောင်ရန် ပတ်နိခ်က ကတိပေးခဲ့သည်။ ကမ္ဘောဒီးယားအစိုးရက အိန္ဒိယအစိုးရထံ ကန့်ကွက်စာတစ်စောင် ပေးပို့ပြီးနောက် အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်အခြေစိုက် ဟိန္ဒူအဖွဲ့အစည်းတစ်ခုဖြစ်သည့် Mahavir Mandir က နိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ကမ္ဘာကျော် အန်ကောဝပ်ဘုရားကျောင်းပုံစံတူတစ်ခု တည်ဆောက်မည့် အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရသည်။ ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဆီရမ်ယိပြည်နယ်တွင် တည်ရှိသည့် အန်ကောဝပ်ဘုရားကျောင်းမှာ ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားဝင်ရောက်မှုအများဆုံး ခရီးသွားနယ်မြေဖြစ်သည်။ အစိုးရ၏ ကိန်းဂဏန်းများအရ အဆိုပါအန်ကောဝပ်ဘုရားကျောင်းသည် ၂၀၁၅ ခုနှစ် ပထမခုနစ်လတွင် ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၂၄ သန်းနီးပါးကို ဆွဲဆောင်ခဲ့ပြီး လက်မှတ်ရောင်းချမှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၅ သန်း ရရှိခဲ့သည်ဟု သိရသည်။ **(ဆင်ဟွာ)**



ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝပ်ဘုရားကျောင်း။

# တရုတ်တွင် ဆော်ဒီလာ တိုင်ဖုန်းမုန်တိုင်းကြောင့် ၂၆ ဦးသေ

**ပေကျင်း ဩဂုတ် ၁၁**

တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် ယခုနှစ်၏ ၁၃ ကြိမ်မြောက်မုန်တိုင်းဖြစ်သည့် ဆော်ဒီလာတိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ၂၆ ဦး သေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ရေကြီးရေလျှံမှုထိန်းချုပ်ကာကွယ်ရေးနှင့် မိုးခေါင်မှု လျော့ပါးသက်သာရေးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

တိုင်ဖုန်းမုန်တိုင်းဒဏ်ကို တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲကျန့်ပြည်နယ်၊ ဖူကျန့်ပြည်နယ်နှင့် ကျန်ရှီးပြည်နယ်တို့တွင် လူဦးရေသုံးသန်းကျော် ခံစားခဲ့ရပြီး စိုက်ပျိုးမြေဟတ်တာ ၁၁၀၀၀၀ ခန့် ပျက်စီးသွားခဲ့သည်။ စီးပွားရေးအရ တိုက်ရိုက်ဆုံးရှုံးမှုမှာ ယွမ် ၈ ဒသမ ၇၃ ဘီလီယံ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံ ရှိသည်။

ဆော်ဒီလာတိုင်ဖုန်းမုန်တိုင်းသည် ထိုင်ဝမ်ကျွန်းသို့ ပထမဆုံးတိုက်ခတ်ခဲ့ပြီး လူ ခြောက်ဦးသေဆုံးခဲ့သည်။ စနေနေ့ညတွင် ဖူကျန့်ပြည်နယ်၊ ကျဲကျန့်ပြည်နယ်နှင့် ကျန်ရှီးပြည်နယ်တို့သို့ ဆက်လက်ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုင်ဖုန်းမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၂၀ နှုန်းဖြင့် အရှေ့မြောက်ဘက်သို့ ရွေ့လျားတိုက်ခတ်သွားမည်ဟု မျှော်လင့်ရပြီး အန်းဟွေးပြည်နယ်၊ ကျန်းစုပြည်နယ်၊ ကျဲကျန့်ပြည်နယ်မြောက်ပိုင်း၊ ဟူပေပြည်နယ်အရှေ့ပိုင်းနှင့် မြို့တော်ရှန်ဟိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းနိုင်ဖွယ်ရှိသည်။ **(ဆင်ဟွာ)**



တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန့်ပြည်နယ် ကျင်ကျန်းမြို့တွင် ဆော်ဒီလာတိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ ပြိုလဲနေသည်ကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံ၌ နျူကလီးယားဓာတ်ပေါင်းဖို ပြန်လည်ဖွင့်လှစ်

**တိုကျို ဩဂုတ် ၁၁**

ဂျပန်နိုင်ငံ၌ ၂၀၁၁ ခုနှစ်က အဏုမြူဘေးအန္တရာယ်ကျရောက်ခဲ့ပြီးနောက် လေးနှစ်အကြာတွင် ပထမဆုံးအကြိမ် နျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံးကို ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

နျူကလီးယားစွမ်းအင်ဆိုင်ရာ ဘေးအန္တရာယ်လုံခြုံရေးစံချိန်စံညွှန်းသစ်များနှင့်အညီ နျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံးကို ပြန်လည်လည်ပတ်ရန် ခွင့်ပေးလိုက်ပြီဖြစ်သည်။ နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းသည် ယခုအခါ ဘေးအန္တရာယ်လုံခြုံမှုရှိပြီဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက စိုးရိမ်ပူပန်လျက်ရှိကြသော ပြည်သူများအား အာမခံစကားပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၌ စက်သုံးဆီဆိုင်ရာ အသုံးစရိတ်များ မြင့်တက်နေမှုကို လျှော့ချနိုင်ရေးအတွက် ဓာတ်ပေါင်းဖိုများ ပြန်လည်လည်ပတ်ရန် ဝန်ကြီးချုပ်အာဘေးနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာ ကုမ္ပဏီများက လိုလားလျက်ရှိကြသည်။

လျှပ်စစ်ဓာတ်အား ဝယ်လိုအားကြီးမားသော ဂျပန်နိုင်ငံ၌ နျူကလီးယားဓာတ်ပေါင်းဖိုများကို နှစ်နှစ်ကြာမျှ ပိတ်ထားရန်ညွှန်ကြားချက်မှာ အဆုံးသတ်ပြီဖြစ်သည်။ **(ရိုက်တာ)**

# တရုတ်သမ္မတ၏ အမေရိကန်ခရီးစဉ်အတွက် နှစ်ဖက်တာဝန်ရှိသူများ ပြင်ဆင်

**ပေကျင်း ဩဂုတ် ၁၁**

တရုတ်တာဝန်ရှိသူများနှင့် အမေရိကန်နိုင်ငံမှ တာဝန်ရှိသူများသည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ စက်တင်ဘာလတွင် အမေရိကန်နိုင်ငံ ခရီးစဉ်အတွက် နှစ်ဖက်အပြန်အလှန်ဆွေးနွေးပြင်ဆင်သွားမည် ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်အရာရှိများသည် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် တရုတ်နိုင်ငံသို့ လာရောက်ဆွေးနွေးကြမည်ဖြစ်သကဲ့သို့ တရုတ်တာဝန်ရှိသူများသည်လည်း အမေရိကန်နိုင်ငံသို့ သွားရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လူကန်က တနင်္လာနေ့တွင် ပြောကြားသည်။

ရှီကျင့်ဖျင်သည် အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ ဖိတ်ကြားချက်ကြောင့် အမေရိကန်နိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။ **(ဆင်ဟွာ)**

# မလက္ကာရေလက်ကြားလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန် အာဆီယံနိုင်ငံများကို အင်ဒိုနီးရှားတောင်းဆို

**ဂျကာတာ ဩဂုတ် ၁၁**

အင်ဒိုနီးရှားဒုတိယသမ္မတ ဂျူးဆက်ဖ် ကာလာက ကမ္ဘာ့ရေကြောင်းလမ်းတွင် သင်္ဘောအသွားအလာ အများဆုံးနေရာတစ်ခုဖြစ်သည့် မလက္ကာရေလက်ကြားတွင် သင်္ဘောအပိုင်စီးမှုများမှ ကာကွယ်ရန်နှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အာဆီယံအဖွဲ့နိုင်ငံများကို တနင်္လာနေ့က တိုက်တွန်းပြောကြားလိုက်သည်။

လွန်ခဲ့သည့် သီတင်းပတ်က မလက္ကာရေလက်ကြားတွင် စင်ကာပူအလံလွှင့်ထူထားသည့် MT Joaqim သင်္ဘောအပိုင်စီးခံရခြင်းကြောင့် ဂျူးဆက်ဖ် ကာလာက ယခုကဲ့သို့ တိုက်တွန်းပြောကြားခြင်းဖြစ်သည်။ အာဆီယံအဖွဲ့နိုင်ငံများအနေဖြင့် သင်္ဘောအပိုင်စီးခံရမှုများမှ ကာကွယ်ရန် တစ်နိုင်ငံနှင့် တစ်နိုင်ငံပူးပေါင်း၍ လုံခြုံရေးကင်းလှည့်စောင့်ကြည့်မှုကို တိုးမြှင့်လုပ်ဆောင်သင့်ကြောင်း၊ ပူးတွဲကင်းလှည့်စောင့်ကြည့်ခြင်းသည် အထိရောက်ဆုံးနည်းဖြစ်ကြောင်းနှင့် ကာလာက အာဆီယံအတွင်းရေးမှူးရုံးတွင် ပြောကြားသည်။

စင်ကာပူရေနံတင်သင်္ဘော MT Joaqim ကို အင်ဒိုနီးရှားနိုင်ငံ တောင်ဆူမတြားပြည်နယ် ရူပစ်ကျွန်းအနီး ၁၄ မိုင်အကွာတွင် တနင်္ဂနွေနေ့က ပြန်လည်တွေ့ရှိခဲ့ပြီး သင်္ဘောပေါ်တွင် တင်ဆောင်ခဲ့သည့် လောင်စာဆီတန် ၃၅၀၀ လုံးခိုယူခံခဲ့ရသည်။ အဆိုပါသင်္ဘောသည် အင်ဒိုနီးရှားမှ မလေးရှားသို့ ခုတ်မောင်းစဉ် စနေနေ့က အပိုင်စီးခံရခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

# ကျောင်းသုံးစာသင်ခုံများ လှူဒါန်းနိုင်






**နေပြည်တော် ဩဂုတ် ၁၁**

ရေဘေးသင့် အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာသင်ခုံများအား ဖော်ပြထားသည့်ပုံစံများနှင့် ဈေးနှုန်းများအတိုင်း လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းထောက်ပံ့မှုများကို ပစ္စည်းဖြင့်ဖြစ်စေ၊ ငွေသားဖြင့်ဖြစ်စေ ရေဘေးသင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**





| အမျိုးအစား | ပလတ်စတစ် |
| --- | --- |
| စားပွဲတန်ဖိုး (၁)လုံး | ၁၉၉၅၀/- ကျပ် |
| ထိုင်ခုံတန်ဖိုး (၁)လုံး | ၃၁၅၀/-ကျပ် |
| စာသင်ခုံတစ်စုံ တန်ဖိုး | ၂၃၁၀၀/-ကျပ် |

## မှန်လုံအမြန်ယာဉ်တိမ်းမှောက်မှု ယာဉ်မောင်းအပါအဝင် ကိုးဦးသေဆုံးမှု ဖြစ်ပွားခဲ့

**ဖြူး ဩဂုတ် ၁၁**

ယာဉ်မောင်းသန့်စင်ထွန်း (၄၂) နှစ် (၁၂)နယ်မြေ လားရှိုးမြို့နေသူ မောင်းနှင်သော 4D/--- ရွှေလီဦး ရန်ကုန်-လားရှိုး မှန်လုံအမြန်ယာဉ်သည် ခရီးသည် ၃၆ ဦးတင်ဆောင်၍ မောင်းနှင်ထွက်ခွာလာခဲ့ရာ ဩဂုတ် ၁၀ ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် ရန်ကုန်-မန္တလေး အမြန်လမ်း ကျောက်တံခါးမြို့နယ် မြို့ချောင်းရဲစခန်းအပိုင် မိုင်တိုင်အမှတ်(၁၀၅/၁)နှင့် (၁၀၅/၂)ကြားအရောက်တွင် တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။ ***(သတင်းဖော်ပြပြီး)***

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း သန့်စင်ထွန်းအပါအဝင်ခရီးသည် အမျိုးသားလေးဦး၊ အမျိုးသမီး ငါးဦးတို့ သေဆုံးပြီး ခရီးသည် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၀ ဦးတို့ ဒဏ်ရာများရရှိကြကာ သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအား ကျောက်တံခါးမြို့နယ် အမြန်လမ်း မြို့ချောင်းစခန်းမှ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမြန်လမ်း(၁၁၅)မိုင် ကြက်ခြေနီစခန်းမှ တပ်ဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ရှိ ပြည်သူများက တိမ်းမှောက်သွားသော ကားအတွင်းမှ ည ၉ နာရီအထိ သယ်ထုတ်ပေးကြပြီး ကြက်ခြေနီယာဉ်နှင့် လူနာတင်ယာဉ်များဖြင့် ဖြူးမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ သယ်ယူပို့ဆောင်ပေးခဲ့ကြသည်။

ဖြူးမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံသို့ ရောက်ရှိလာကြသည့် လူနာများအား ဆေးရုံအုပ် ဒေါက်တာဇော်လွင်နှင့် ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ဖြူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင် ၂၀ ကျော်တို့က လူနာများအား ဝိုင်းဝန်းသယ်ဆောင်ကူညီ စောင့်ရှောက်ပေးကြပြီး ဒဏ်ရာပြင်းထန်သော လူနာ အမျိုးသား သုံးဦးအား ဖြူးဆေးရုံလူနာတင်ကားဖြင့်လည်းကောင်း၊ အမျိုးသား တစ်ဦးမှာ မိမိကိုယ်ပိုင်ကားဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံသို့ ဆက်လက်ပေးပို့ပေးခဲ့ကြောင်းသိရပြီး အမှုကို ကျောက်တံခါးမြို့နယ် အမြန်လမ်း မြို့ကျောင်းရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၁၄၀)**

## ကျောင်းသုံးစာရေးကိရိယာများ ဆက်သွယ်လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၁၁**

ရေဘေးသင့်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ လှူဒါန်းနိုင်ကြောင်း၊ ထိုသို့ လှူဒါန်းရာတွင် ပစ္စည်း(သို့မဟုတ်) ငွေသားဖြင့် ရေဘေးသင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့်မြို့နယ်ပညာရေးမှူးရုံးများသို့ ဖော်ပြထားသည့် နှုန်းထားများအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်-

| စဉ် | အမျိုးအမည် | ဈေးနှုန်း | တစ်ဒါဇင်ဈေးနှုန်း |
| --- | --- | --- | --- |
| (က) | ဗလာစာအုပ် | ၁၂၅/အုပ် | ၁၅၀၀/ |
| (ခ) | ခဲတံ | ၇၁/ချောင်း | ၈၅၀/ |
| (ဂ) | ဘောပင် | ၁၀၀/ချောင်း | ၁၂၀၀/ |
| (ဃ) | ခဲဖျက် | ၄၅/ခု | ၅၄၀/ |
| (င) | ချွန်စက် | ၇၀/ခု | ၈၄၀/ |

**(သတင်းစဉ်)**

## ကံမမြို့နယ်တွင် ချောင်းရေတိုက်စားခံရသော မင်းတုန်းချောင်းကူးတံတားချဉ်းကပ်လမ်းတာပေါင် ပြုပြင်ပြီးစီး

**ကံမ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ဇူလိုင်လကုန်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မင်းတုန်းချောင်းရေများ တစ်ရှိန်ထိုးကျဆင်းလာရာ မင်းတုန်းချောင်းကူးတံတား(ရေနံ့သာ)၏ မြောက်ဘက်တံတား ချဉ်းကပ်လမ်းတာပေါင်မှာ ရေတိုက်စားခြင်းခံရသဖြင့် အရှည်ပေ ၃၀၀ ခန့် ကျိုးပဲ့ပျက်စီးခဲ့သည်။ အရှည်ပေ ၇၀၀ ရှိ ဘေလီတံတားမှာ ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာမရှိခဲ့သော်လည်း ချဉ်းကပ်လမ်းတာပေါင်ပျက်စီးခဲ့သဖြင့် ခရီးသွားပြည်သူများ သွားလာရေးခက်ခဲခဲ့ရသည်။

ချောင်းရေလျော့နည်းသွားသည့်အချိန်မှစတင်၍ ပျက်စီးသွားသော ချဉ်းကပ်လမ်းတာပေါင်အား ဆောက်လုပ်ရေးဝန်ကြီးဌာနက အမြန်ဆုံးပြုပြင်ခဲ့ရာ ဩဂုတ် ၁၀ ရက် ညနေမှစတင်၍ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

အဆိုပါပြုပြင်မှုတွင် စက်ယန္တရားများ၏ အင်အားကိုအသုံးပြု၍ လမ်းတာပေါင်အား မြေနီကျောက်စရစ်များခင်းခဲ့ခြင်းဖြစ်ပြီး တာပေါင်မှာ အရှည်ပေ ၃၂၀၊ အကျယ် ၄၅ ပေနှင့် အမြင့် ၁၈ ပေရှိကြောင်း မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်အောင်၏ ပြောကြားချက်အရ သိရသည်။ **ကျော်ဇေယျဝင်း(iprd)**

## ငါးသိုင်းချောင်းမြို့ပေါ်ရှိ ရေဘေးသင့်ပြည်သူများအား myanmar media 7 နှင့် အနုပညာရှင်များလာရောက်လှူဒါန်း

**ငါးသိုင်းချောင်း ဩဂုတ် ၁၁**

ဩဂုတ် ၁၀ ရက်က ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်း ဝဝန်ရပ်ကွက် ကျွန်းဦးကျောင်း ရှေ့ဆောင်ရပ်ကွက်ရွှေပရိတ်ကျောင်း အပါအဝင် ငါးနေရာသို့ myanmar media 7နှင့် နန်းခင်ဇေယျာ၊ ဘန်နီဖြိုး၊ နန်းမြတ်ဖြိုးသင်း အစရှိသည့် လူငယ်အနုပညာရှင် ၃၀ ကျော်တို့ရောက်ရှိပြီး ရေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးခြင်း၊ ဆန်အိတ် ၂၀၀ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ စားသောက်ဖွယ်ရာများ၊ ရေသန့်ဆေးစုစုပေါင်းကာလတန်ဖိုးသိန်း ၆၀ ကျော် လှူဒါန်းခဲ့ပြီး ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းများရှိ သံဃာတော်များအားဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုဆက်ကပ်လှူဒါန်းခြင်း မြို့ရေဘေးကယ်ဆယ်ရေးလုပ်ငန်း အသုံးပြုရန်အတွက် အသက်ကယ်ဝတ်စုံအထည် ၅၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**




**သွေးလှူခြင်းသည် မွန်မြတ်သော ဒါနဖြစ်သည်**




ရေဘေးသင့်ဒေသရှိ ပြည်သူများအား မြွေကိုက်ခံရပါက ကုသနိုင်ရန်အတွက် လိုအပ်သည့် မြွေဆိပ်ဖြေဆေးများကို ရန်ကုန်မြို့ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)တွင် လွတ်လပ်စွာ ဝယ်ယူရရှိနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဆက်သွယ်ဝယ်ယူရန်ဖုန်းနံပါတ်များ

၀၁-၆၄၆၂၆၈၊ ၀၆၇-၄၀၈၁၄၉၊ ၀၉-၄၉၂၃၀၅၂၃၊
၀၉-၄၀၂၆၇၇၇၅၄

စက်မှုဝန်ကြီးဌာန

ကျန်းမာရေးဆောင်းပါး

**à lunf(Bi(nk)**



# သွေးတိုးရောဂါအစ အဆီတိုးခြင်းက

သွေးတိုးရောဂါဖြစ်သူ တစ်နေ့တခြား တိုးပွားလာနေသည်။ မြန်မာလူမျိုးများသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်၍ သဘာဝ ဆန်နှင့် အသီးအနှံကို အဓိကထားစားသုံးသူများဖြစ်သဖြင့် သွေးတိုးရောဂါဟူသည်မှာ လွန်ခဲ့သော နှစ် ၅၀ က ခေတ်မစားသေးပေ။ ဈေးကွက်စီးပွားရေး ဖွင့်ပေးပြီး ၂၆ နှစ်အတွင်းမှာ နိုင်ငံခြားတိုင်းပြည်များမှ အစားအသောက်များနှင့် ဆေးဝါးမျိုးစုံ ဝင်ရောက်လာပြီးနောက်တွင် သွေးတိုးရောဂါဖြစ်ပွားမှုနှုန်းမှာ ချက်ချင်းပင် မြင့်တက်လာခဲ့သည်။

သွေးတိုးရောဂါသည် အနက်တစ်ခုတည်း ရှောင်ရုံဖြင့် ပြီးသည့်ရောဂါဟု အချို့က ထင်နေကြသည်။ အဆီတိုးခြင်းသည် သွေးတိုး၏ မူလအကြောင်းအရင်းဖြစ်သည်ကို သတိမထားမိကြပေ။ ကျန်းမာရေး ဗဟုသုတနည်းပါးကြသဖြင့် သွေးတိုးရောဂါကို ခန္ဓာကိုယ်တွင်းရှိ သွေးများတိုးပွားလာသည့်ရောဂါ ဟု ထင်နေသူများလည်း ရှိနေဆဲဖြစ်သည်။ သွေးတိုးရောဂါသည် လူဝပြီး သွေးများတိုးပွားလာခြင်း မဟုတ်ပါ။ သွေးကို နှလုံးကတွန်းပို့သည့် ဖိအားတိုးလာခြင်း၊ သွေးကြောများကို သွေးပို့သည့်အား မြင့်တက်ပြီး သွေးကြောများက မခံနိုင်ဖြစ်လာခြင်းသာဖြစ်သည်။ လူပိန်သည်ဖြစ်စေ၊ ဝသည်ဖြစ်စေ သွေးဖိအားတိုးလာလျှင် သွေးတိုးရောဂါဖြစ်နိုင်သည်။

ရှေးက မြန်မာဆရာကြီးများသည် ဘယ်ဘက်လက်ကောက်ဝတ်၊ လက်မအရင်းရှိ သွေးကြောကို လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်သုံးချောင်းဖြင့် ထောက်စမ်းသည်။ သွေးစမ်းနည်းမှာ ပထမ ဖွဖွလေးစမ်းရသည်။ ထို့နောက် ဖိပြီးစမ်းရသည်။ ထို့နောက် နေရာအနည်းငယ်ရွှေ့ပြီး ထပ်မံစမ်းရပြန်သည်။ သွေးလုံး အမိဆုံးနေရာတွင် ရပ်တန့်ပြီးနောက် သွေးလုံးအနေအထားကို ကြည့်သည်။ ဤနည်း ကို (ဖွ-ဖိ-ရွှေ့-မိ) နည်းဖြင့် သွေးစမ်းသည်ဟုခေါ်သည်။

လက်ကောက်ဝတ်၊ လက်မအရင်းတွင် စမ်းမိထားသော သွေးလုံးသည် ပုံမှန်ဖြစ်သည်။ သွေးလုံး ကြီးခြင်း၊ သေးခြင်းမရှိ။ စည်းချက်မှန်မှန်ဖြင့် သွားနေလျှင် သွေးတိုးခြင်းမရှိပေ။ သွေးကျခြင်း လည်းမရှိပေ။ ထိုသို့မဟုတ်ဘဲ သွေးလုံးပွခြင်း၊ ကြီးခြင်း၊ မြွေ၊ ငါးရှဉ့်ကဲ့သို့တိုးခြင်း၊ ဖားကဲ့သို့ခုန်ခြင်း၊ ကလေးသူငယ်တွင် ပုစွန်ဆိတ်ကဲ့သို့ ခုန်ခြင်းများ စမ်းမိလျှင် မကောင်းသောသွေးတိုးဖြစ်သည်။

သွေးတိုးရောဂါရှိသူများ၏ သွေးတိုးမှာ ဝသောသူတွင် သွေးလုံးကြီး၍ပွကာ ဆောင့်၍တိုးသည်။ ဘောလုံးကို ရေတွင်နှစ်လိုက်ပြီး လက်လွှတ်လိုက်သောအခါ အပေါ်သို့ ဆောင့်တက်ပြီး ပြန်ပေါ်လာသကဲ့သို့ ငုပ်ချည်ပေါ်ချည်စမ်းမိသည်။ ပိန်သောသူတွင် စမ်းမိသောသွေးတိုးပုံမှာ သွေးလုံးသေးပြီး စူးခနဲဆောင့်တိုးသည်။ မြွေတိုးသကဲ့သို့ ငရှဉ့်တိုးသကဲ့သို့ တိုးသည်။ ရေတွင် ဝါးလုံးကို မျှောချသကဲ့သို့ အလျားလိုက်ဆောင့်တိုးသည်။ သွေးတိုးရောဂါမရှိသူများသည် သွေးပေါင်ချိန်ကိရိယာမရှိပါက မိမိလက်ကောက်ဝတ်ကို မိမိဘာသာစမ်းသပ်သည့်အလေ့အကျင့်ကို ပြုထားသင့်သည်။

အသက်လေးဆယ်ကျော်လာလျှင် လူပိုဝလာလျှင် အဆီအဆိမ့်များကိုလျှော့စားသင့်သည်။ ဆေးပညာသဘောနှင့်ပြောရလျှင် အချိုကြိုက်လွန်းလျှင်လည်း ပထဝီဓာတ်နှင့် အာပေါဓာတ်တိုးပြီး ဝလာနိုင်သည်။ ဝလာခြင်းသည် သွေးတိုးရောဂါ၏ အခြေခံဖြစ်သည်။ သွေးကြောများအတွင်း အဆီစုမလာအောင် လမ်းများများလျှောက်ပေးဖို့လိုသည်။ လမ်းလျှောက်ခြင်းက အကျိုးများစွာရှိသည်။

(၁) အကြောအခြင်များကို လျော့စေသည်။
(၂) နှလုံးမှတွန်းပို့သောသွေးသည် လမ်းလျှောက်သောအခါ အောက်သို့ ခြေဖျားအထိ ရောက်အောင် စီးဆင်းနိုင်သည်။
(၃) သွေးကြောအတွင်းမှ ပိတ်ဆို့မှုများကို ပွင့်စေနိုင်သည်။
(၄) လှုပ်ရှားမှုကြောင့် သွေးကြောများ ကျယ်ပြီး သွေးစီးဆင်းမှုကောင်းစေသည်။
(၅) လှုပ်ရှားမှုကြောင့် စုခဲနေသော အဆီဓာတ်များ လောင်ကျွမ်းပျော်ဝင်သွားနိုင်သည်။
(၆) သွေးကြောနံရံတွင်ကပ်နေသော အဆီများလည်း ပျော်ဝင်သွားနိုင်သည်။
(၇) ကိုယ်အလေးချိန်ဖိအားသည် ခြေသလုံးနှစ်ဖက်နှင့် ခြေဖဝါးများပေါ်သို့ သက်ရောက်ခြင်းကြောင့် ကြွက်သားအင်အားပိုမိုကောင်းမွန်လာမည်။
(၈) သွေးကြောပိတ်၍ ကြွက်တက်ခြင်းမှလည်း ကာကွယ်နိုင်သည်။
(၉) ပုံမှန်လမ်းလျှောက်ခြင်းကြောင့် မျှတသောခန္ဓာကိုယ်အချိုးအစားကို ရရှိနိုင်သည်။

အနောက်တိုင်း ဆေးပညာတွင် လမ်းလျှောက်ခြင်းဖြင့် သွေးအတွင်းမှ မကောင်းသော ကိုလက်စထရောကို လျှော့ချနိုင်သည်ဟုဆိုသည်။ ကိုလက်စထရောတွင် ကောင်းသော ကိုလက်စထရောနှင့် မကောင်းသော ကိုလက်စထရောဟူ၍ နှစ်မျိုးရှိသည်။ ကိုလက်စထရောတက်သည်ဆိုသည်မှာ သွေးကြောများကို ကျဉ်းစေနိုင်သည့် မကောင်းသော ကိုလက်စထရောတက်ခြင်းကိုဆိုသည်။ ကောင်းသော ကိုလက်စထရောသည် လူ၏ သက်စောင့်ဓာတ်ဖြစ်သဖြင့် များလျှင်ကောင်းသည်။ လမ်းလျှောက်သောအခါ ခွန်အားဖြုန်းတီးပြီး ဓာတ်လောင်ကျွမ်းစေသဖြင့် မကောင်းသော ကိုလက်စထရောများ လျော့ကျသွားသည်။ ဆေးမစားဘဲ အဆီကို လျော့ကျစေသောနည်းဖြစ်သည်။

ဆင်းရဲသားနှင့်ချမ်းသာသူ နှိုင်းယှဉ်လျှင် ချမ်းသာသူများတွင် သွေးတိုးရောဂါပိုဖြစ်ရခြင်းမှာ အချို၊ အဆိမ့်၊ အအီ အစားအစာများခြင်း အကြောင်းတစ်ခုတည်းကြောင့်မဟုတ်ပေ။ အေးသောနေရာ၊ အဲကွန်းအအေးဓာတ်လွှတ်ထားသည့် ဇိမ်နှင့်နေနိုင်သော အခန်းများတွင် နေထိုင်အိပ်စက်ခြင်း၊ အချိန်ကြာမြင့်စွာ မလှုပ်မရှားနေထိုင်ခြင်းကြောင့်လည်း သွေးတွင်း အဆီဓာတ်တိုးလာနိုင်သည်။ ချမ်းသာသူများသည် လမ်းလျှောက်နည်းခြင်းကြောင့် သွားလေရာဇိမ်ခံကားများဖြင့် သွားလာခြင်းကြောင့် အဆီများ အနည်ထိုင်ပြီး သွေးတိုးရောဂါဖြစ်လာရခြင်းဖြစ်သည်။

သွေးတိုးရောဂါသည် တိတ်တဆိတ် လူသတ်သမားဖြစ်သည်ဟုဆိုရခြင်းမှာ လူဝလာတိုင်း သွေးတိုးသည့်လက္ခဏာ တစ်စုံတစ်ရာ မပြဘဲ ပုံမှန်အတိုင်း စားကောင်း၊ အိပ်ပျော်ရှိနေတတ်သည်။ အမှတ်မထင် စိတ်လှုပ်ရှားသောအခါ ပူပန်မှုသောက ကြုံတွေ့သောအခါနှင့် အပူမှအအေး၊ အအေးမှ အပူရုတ်ခြည်းပြောင်းလဲသောအခါများတွင် ရုတ်တရက် မူးဝေပြီး သွေးတိုးလက္ခဏာပြလာတတ်သည်။ အဆီတိုး၍ ကျဉ်းနေသော သွေးကြောများသည် နှလုံးမှ စိတ်လှုပ်ရှား၍ ပို့ညှစ်သောအခါ သွေးမသွားသဖြင့် သွေးကြောပေါက်ထွက်ပြီး ဦးနှောက်အတွင်း သွေးယိုစီးခြင်း၊ လေဖြတ်ခြင်းဖြစ်နိုင်ပေသည်။

ရိုးရာတိုင်းရင်းဆေးပညာတွင် အဆီဓာတ်တိုးခြင်းကို ပထဝီ၊ အာပေါ အာဗန္ဓန ရောဂါဟုခေါ်သည်။ ပိတ်ဆို့ခြင်းဖြစ်သည့် ရောဂါဖြစ်သဖြင့် အာကာသရပြီး ချွေးထွက်အောင် လေ့ကျင့်ခန်းလုပ်ခြင်း၊ လမ်းများများ လျှောက်ပြီး ဝမ်းမှန်အောင်ပြုလုပ်ခြင်းဖြင့် ကုသနိုင်သည်။ ပထဝီ၊ အာပေါစာဖြစ်သော အသားနှင့် အဆီကို လျှော့စားသုံးရမည်။ ချိုဆိမ့်အီသော အစာများကိုရှောင်ရမည်။ အချဉ်နှင့် အစပ်ကို ပို၍စားသုံးရမည်။ ယိုစီးအာပေါဓာတ်ဖြစ်သောရေကို များများသောက်ပေးရန်လိုသည်။ အလွယ်ဆုံး ပြောရလျှင် အဆီ၊ အသားဓာတ်ကိုရှောင်ပြီး အသီးအနှံကို များများစားပေးဖို့လိုပါသည်။

သွေးတိုးရောဂါအစ အဆီတိုးခြင်းက၊ အဆီတိုးခြင်းအစ လမ်းမလျှောက်ခြင်းကဟု ဆိုနိုင်သည်။ အစားအသောက်ကောင်းကောင်း စားနိုင်ပါသည်။ စားသည်နှင့်ညီမျှအောင် လမ်းများများ လျှောက်ပေးခြင်းဖြင့် သွေးတိုးရောဂါဘေးမှ ကာကွယ်နိုင်ကြောင်း အသိပေးတင်ပြလိုက်ရပါသည်။ ။



## လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာရေဘုတ်ဆည်အတွင်း သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**လှိုင်းဘွဲ့ ဩဂုတ် ၁၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ ရေဘုတ်ဆည်တွင် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူး၍ PARMI GROUP OF ENERGY COMPANIES နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ရေဘုတ်ဆည် ရေဝင်ရေလဲနှင့် သဘာဝပတ်ဝန်းကျင် အထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၉ နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသားများနှင့် ဒေသခံပြည်သူများ စုပေါင်း အင်အား ၆၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ရေဘုတ်ဆည် ရေဝင်ရေလဲနှင့် သဘာဝပတ်ဝန်းကျင် အထောက်-အကူပြု စိုက်ပျိုးပင်များအနေဖြင့် ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ယူကလစ်၊ ကံ့ကော် ၊ စိန်းပန်း စသော အပင်အမျိုးအစား ၁၃ မျိုး စုစုပေါင်း ပျိုးပင် ၁၀၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ပြီး ဒေသခံပြည်သူများကို ပျိုးပင် ၁၂၀၀ အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆိပ်ဖြူ၌ သဘာဝဘေးအန္တရာယ်နှင့် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး

**ဆိပ်ဖြူ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရွာသစ်ကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီတွင် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးမှူးဦးမျိုးမြင့်အောင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို ပြောကြားခဲ့သည်။

ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းမြင့်ထွန်းက စားသုံးသူ အကာအကွယ်ပေးရေးသိကောင်းစရာများနှင့် ဒုတိယဦးစီးမှူး ဦးဇော်နေလင်းက စားသုံးသူများ မစားသင့်သည့် အစားအစာများနှင့် လှပစွာထုပ်ပိုးထားရှိသည့်အစားအသောက်ကုန်ပစ္စည်းများ စားသောက်မှုမပြုကြရေးနှင့် ကုန်ပစ္စည်းများဝယ်လျှင် သတိထားရမည့်အချက်များ အသိပညာပေး ဟောပြောပေးခဲ့ပြီးနောက် အဆိုပါ အသိဟောပြောပွဲတွင် သဘာဝဘေးအန္တရာယ်နှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **ကိုမျိုး (ယောရော)**



# ရေဘေးသင့်ဒေသများအတွက် ဘင်္ဂလားဒေ့ရှ်မှ ဆေးပစ္စည်းများလာရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံရှိ ရေဘေးသင့်ဒေသများအတွက် လှူဒါန်းလိုက်သည့် ဆေးပစ္စည်းများ တင်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်လေကြောင်းလိုင်းမှ လေယာဉ်သည် ဩဂုတ် ၈ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာသည်။

အဆိုပါ ဆေးပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Mohammad Sufiur Rahman က တစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အလှူခံဌာနသို့ လာရောက်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က လက်ခံခဲ့သည်။

"မြန်မာနိုင်ငံက ရေဘေးသင့်ဒေသတွေအတွက် ဘင်္ဂလားဒေ့ရှ်ပြည်သူတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်က လှူဒါန်းဖို့ တိုက်တွန်းတယ်။ ဒီဆေးပစ္စည်းတွေက ပြည်သူတွေဆီကလာတာပါ။ နောက်အသုတ်တွေမှာ မိုးကာတဲနဲ့ စောင်တွေကိုလည်း လှူဒါန်းသွားဖို့ရှိပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ယခုလှူဒါန်းလိုက်သည့် ဒေါ်လာ ရှစ်သိန်းတန်ဖိုးရှိ ဆေးပစ္စည်း အမျိုးအစား ၃၂ မျိုးပါဝင်သည့် ဆေးသေတ္တာအလုံး ၄၀ ကို ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ရေဘေးသင့်ဒေသများ၏ လိုအပ်ချက်အပေါ်မူတည်ပြီး ပြန်လည် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

**မင်းသစ်**

## အောင်လံမြို့နယ်တွင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်၊ လူဦးရေ၆၅၁၉ဦးနေအိမ်သို့ ပြန်လည်ပြောင်းရွှေ့

**အောင်လံ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၈ ရက်မှစ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အောင်လံမြို့ မြို့မဈေး၊ အ-ထ-က(၂) ကျောင်း တရာ်ကုန်း အ-မ-က ကျောင်းများ အား သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး ကော်မတီ၏ ကြီးကြပ်မှု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ ကျောင်းကော်မတီဝင်များ၊ ဈေးကော်မတီဝင်များက မီးသတ်ယာဉ်များဖြင့် ဧရာဝတီမြစ်ရေကျဆင်းမှုကြောင့် တင်ကျန်သည့်နွန်းမြေများအား ပြန်လည်ရှင်းလင်းရေး ပြုလုပ်ပေးခဲ့သည်။

ထို့အပြင် ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် မီးသတ်ကားများဖြင့် သောက်သုံး ရေများဖြန့်ဝေခြင်း ရေသန့်ဆေးထုပ်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဝမ်းရောဂါ ကင်းစင်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ရေတွင်း၊ ရေကန် ဆေးခတ်ခြင်း၊ ရေသန့်ဆေးထုပ်များအား အိမ်ထောင်စုအလိုက် လိုက်လံဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့သည်။

ယင်းအပြင် ကျန်းမာရေးအသိ ပညာပေးဆွေးနွေးပွဲများ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ရပ်ကွက် ရှစ်ရပ်ကွက် ကျေးရွာ၂၄ ရွာရှိ အိမ်ခြေ ၁၅၀၂ အိမ်မှ လူဦးရေ စုစုပေါင်း ၆၅၁၉ ဦးတို့သည် ကယ်ဆယ်ရေးစခန်းနှင့် ဆွေမျိုးများအိမ်မှ မိမိနေထိုင်ရာ အိမ်များသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ

## မျောက်များစွာရှိသောတောင်တော် မန္တလေးမြို့အနီးတွင်တည်ရှိ

**à** တိမ်တမန်

သဘာဝဂေဟစနစ်နှင့် ကျေးငှက်သာရကာများကို လေ့လာခြင်းလုပ်ငန်းမှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ရှေးစာဆိုတို့ ဖွဲ့ဆိုထားသော ကဗျာများ၊ တေးသီချင်းများအရ. . . ဒေါင်းကအိုးဝေ မျောက်ကြိုးခွေဟုပင် ညွှန်းဆိုထားသည်။ မြို့ပြတိရစ္ဆာန်ဥယျာဉ်များတွင် မြင်တွေ့ရသော မျောက်များကမူ တဝုန်ဝုန်ဖြင့်အုပ်ဖွဲ့အော်မြည်ပုံမှာ သာယာဖွယ် မရှိလှပေ။

မျောက်ကို လူတို့စိတ်ဝင်စားကြသည်။ လူသည်မျောက်က ဆင်းသက်လာသည်ဟုလည်း ညွှန်းဆိုထားသည်။ စိတ်ဝင်စားဖွယ်ရာ မျောက်များစွာကို လေ့လာနိုင်သော သဘာဝဂေဟစနစ်နှင့် တောင်တော်တစ်တောင် မန္တလေးမြို့အနီးတွင် တည်ရှိသည်။ ထိုတောင်တော်မှာ ရေတံခွန်တောင်ပင်ဖြစ်သည်။

ရှမ်းရိုးမတောင်တန်းနောက်ခံနှင့် ပြာလဲ့လဲ့တောင်တော်တွင် စိတ်ဝင်စားဖွယ်ရာကောင်းသော လေ့လာစရာ မြောက်များစွာရှိသည်။ ရေတံခွန် တောင်တော်ပေါ်တွင် မျောက်များစွာ သဘာဝအတိုင်း ကျင်လည် ကျက်စားနေသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ လူကိုတော့ဖြင့် အန္တရာယ်မပြုပေ။ ရေတံခွန်တောင်ခြေရှိကျောင်းထဲတွင် မျောက်ကလေးများကို ဘုရားဖူးများက မျောက်စာ ကျွေးမွေးကြသည်။ မျောက်များကိုကျွေးမွေးသည့် နေရာကို သတ်မှတ်ထားသည်။ စည်းကမ်းတကျဖြင့် ကျွေးမွေးခြင်းဖြင့် ဘုန်းတော်ကြီးကျောင်း သန့်ရှင်းမှုနှင့် ကျောင်းတွင် လှူဒါန်းထားသော ပစ္စည်းများပျက်စီးခြင်းကင်းအောင် ဆောင်ရွက်ထားခြင်းဖြစ်သည်။

**မေတ္တာဘွဲ့ မြင်ကွင်းကို လက်တွေ့မြင်. . .**

လူနှင့် ယဉ်ပါးနေသော မျောက်များမှာ တောင်ပေါ်မှ တောင်အောက်သို့ အုပ်စုလိုက်ခွဲကာသူ့အချိန်နှင့်သူ ဆင်းသက်လာတတ်သည်။ အစာကျွေးသည်နှင့် ကြုံသည့်အခါ မျောက်များ အလုအယက်စားသောက်ကြသည်။ ဘုရားဖူးများ အစာကျွေးခြင်းနှင့် မကြုံသောမျောက်များမှာ လက်ကျန်အစားအစာများကို စားလေ့ရှိသည်။ မျောက်ထီး၊ မျောက်မ၊ မျောက်ငယ်များ စုံလင်သလို သားသမီးမျောက်များကို မိခင်မျောက်များမှ စောင့်ရှောက်ကျွေးမွေးသည့် မေတ္တာဘွဲ့ မြင်ကွင်းကို လက်တွေ့မြင်တွေ့နိုင်သော တောင်တော်ပင်ဖြစ်သည်။ သဘာဝအတိုင်းကျလာသော ရေများကို ပိုက်များဖြင့် သွယ်တန်းထားသည့်နေရာတွင်မျောက်များ အတက်အဆင်းပြုလုပ်ကာ ရေသောက်ဟန် စားသောက်ဟန် အော်မြည်သံနှင့်အတူ မျောက်များ၏သဘာဝအတိုင်း လှုပ်ရှားစားသောက်မှုကို မြင်တွေ့ရသည်မှာ ကြည်နူးဖွယ်ပင်ဖြစ်သည်။

လက်ရှိကာလတွင် မန္တလေးမြို့အနီးမှ သဘာဝဂေဟစနစ်နှင့် ရေတံခွန်တောင်တော်သို့ ဘုရားဖူးများနေ့စဉ်သွားရောက်ဖူးမြော်သလို မျောက်များကို အစာကျွေးခြင်းများလည်း ပြုလုပ်ကြသည်။ရေတံခွန်တောင်တော်ကို သွားရောက်ခြင်းဖြင့် တောတောင်ရေမြေသဘာဝ မျောက်သတ္တဝါတို့၏ နေထိုင်စားသောက်ဟန်၊ သားသမီးများကို ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းသည့် သဘာဝကျသည့် မိဘမေတ္တာဘွဲ့ သရုပ်ဟန်ပန်များကိုလက်တွေ့မြင်တွေ့နိုင်ပြီး ထူးခြားသောနေရာတစ်ခုအဖြစ်ထင်ရှားလျက်ရှိသည်။



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဌာနဆိုင်ရာများနှင့် 'နှင်းသဇင်' ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် ပဒေသာ(တောင်)၊ ပဒေသာ (မြောက်)၊ ကျွန်းသစ်(အရှေ့) ကျေးရွာများမှ ဆိပ်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်များသို့ ရွှေ့ပြောင်းနေထိုင်သော လူဦးရေ ၆၄၆ ဦးအတွက် ဆန်၊ ခေါက်ဆွဲခြောက်ပစ္စည်း တန်ဖိုးငွေကျပ် ၄၂၃၂၀၀ အား ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ- ချောက်ပြန်/ဆက်

## လိပ်သိုမြို့ရှိလိပ်သို–ယာဒိုလမ်းများပုံမှန်သွားလာနိုင်

**လိပ်သို ဩဂုတ် ၁၁**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့တွင် ဇူလိုင်လမှစတင်ကာ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လမ်းဘေးမြေသားများ ပြိုကျရာမှ လမ်းများပိတ်ဆို့သွားခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆောင်ရွက်ပြီးနောက် ယခုအခါ ရာသီဥတုပြန်လည် ကောင်းမွန်လာသဖြင့် ဩဂုတ် ၅ရက် တွင် လမ်းများ ပြန်လည်အသုံးပြုနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခြေအနေများအား ကြည့်ရှုစစ်ဆေးခြင်းနှင့် နောက်တစ်ဖန် ထပ်မံမဖြစ်ရေး ကြိုတင်ဆောင်ရွက်ထားရန်အတွက် ဩဂုတ် ၈ ရက်က သံတောင်ကြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်း၊ လိပ်သိုမြို့ အုပ်ချုပ်ရေးမှူးဦးစောမြတ်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် လိပ်သို-ယာဒို-လွိုင်ကော် လမ်းမကြီးတစ်လျှောက် ကရင်ပြည်နယ်၊ နယ်စပ်မှတ်တိုင်အထိ သွားရောက်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ယာဒိုအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကရင်ပြည်နယ်အစိုးရမှ ထောက်ပံ့သော စာရေးကိရိယာများ၊ ကျောင်းအတွက် အလှူငွေများ၊ အဝတ်အထည်များကိုလည်းကောင်း၊ သောက်ရေခတ် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် စာရေးကိရိယာများကိုလည်းကောင်း မြို့နယ်အုပ်ချုပ်ရေးမှူးမှ ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံခဲ့သည်။ **မနွယ်(ပြန်ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်၌ အခြေခံပညာအထက်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်

**ကျောက်ပန်းတောင်း ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သပြေကိုင်းကျေးရွာတွင် ပညာရေးမြှင့်တင်မှု အစီအစဉ်အရ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဆင့်မှ အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ စကားဝါမြေ ဖောင်ဒေးရှင်းနာယကနှင့်အဖွဲ့ဝင်များ၊ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ဇော်ထက်နှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် လက်ထောက်ပညာရေးမှူးများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ကျောက် ပန်းတောင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် ပညာရေး မြှင့်တင်မှုအစီအစဉ်အရ အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်း တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ရာ၊ ယခုအခါ အခြေခံပညာအထက်တန်းကျောင်း ကိုးကျောင်းနှင့် အထက်တန်းကျောင်း (ခွဲ) ၁၃ ကျောင်း စုစုပေါင်း အခြေခံပညာ အထက်တန်းအဆင့်ကျောင်း ၂၂ ကျောင်း တိုးမြှင့်သင်ကြားနိုင်ပြီဖြစ်သည်။ **ကိုနေ(ကျောပန်းတောင်း)**

ပေးစာ

# လူလေးသို့ပေးစာများ – ၂၃

မြ သန်း တင့်

*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*



**လန်ဒန်၊ စက်တင်ဘာ ၂၇ ရက်၊ ၁၇၄၉ ခုနှစ်။**

**လူလေး**

အတွေးအခေါ်၊ အပြုအမူ၊ အပြောအဆိုမှာ နိမ့်ကျပြီး လှေကြီးထိုးရိုးရိုးကြီး ဖြစ်နေတာမျိုးဟာအသိပညာနိမ့်ကျပြီး အောက်တန်းကျတဲ့ အလေ့အကျင့်တစ်ခုဖြစ်တယ်။ လူငယ်တွေဟာ ဒီလိုအောက်တန်းကျတဲ့အလေ့တွေကို ကျောင်းတုန်းကဖြစ်စေ၊ မကြာခဏပြောဆိုဆက်ဆံရတဲ့ အစေခံဆီကဖြစ်စေ ရလာခြင်းဖြစ်တယ်။

ဒါပေမယ့် ကောင်းတဲ့ အသိုင်းအဝိုင်းကြားကို ရောက်သွားရင်တော့ အဲဒီအသိုင်းအဝိုင်းက အလေ့အထတွေကို ကောင်းကောင်းကြီး အာရုံစိုက်ပြီး ကောင်းကောင်းကြီး သတိပြုရမယ်။ ကိုယ်ကလည်း အဲဒီအသိုင်းအဝိုင်းကို ဘေးမဖယ်ဘဲ ဝင်ဆံ့အောင် လုပ်ရမယ်။ ကိုယ်က ဘေးဖယ်ခဲ့တယ်ဆိုရင်တော့ အဲဒီအသိုင်းအဝိုင်းကလည်း ကိုယ့်ကိုဘေးဖယ်မှာပဲ။ လောကမှာ အောက်တန်းကျမှုအမျိုးအမျိုးရှိတယ်။

အဲဒီအောက်တန်းကျမှုတွေကို ဖေဖေအကျယ်မပြောတော့ဘူး။ ဒါပေမယ့် မင်းအကျယ်စဉ်းစားနိုင်အောင် နမူနာတချို့ကိုပြောလိုက်မယ်။

အောက်တန်းကျတဲ့လူတစ်ယောက်ဟာ အထအန ကောက်တယ်။ မနာလိုဖြစ်တတ်တယ်။

အသေးအဖွဲ့ကလေးတွေကို ရေးကြီးခွင်ကျယ်လုပ်ပြီး စိတ်တိုတတ်တယ်။ သူ့ကို လူတကာက ဝိုင်းပြီးနှိမ်နေတယ်လို့ထင်တတ်တယ်။ ဘယ်သူကပြောပြော သူ့ကို စောင်းမြောင်းပြောတယ်လို့ ထင်တယ်။ အသိုင်းအဝိုင်းက ရယ်ရင်လည်း သူ့ကို လှောင်ပြောင်တယ်လို့ ထင်တယ်။ အဲဒီအခါမှာ စိတ်ဆိုးပြီး ရှူးရှူးရှားရှားဖြစ်၊ သူဘယ်လိုလူဖြစ်တယ်ဆိုတာကို အတင်းဇွတ်လုပ်ပြရင်း ပုံပျက်ပန်းပျက်ဖြစ်တော့တာပဲ။ အထက်တန်းကျတဲ့သူကတော့ သူဟာ အသိုင်းအဝိုင်းက ဂရုစိုက်စရာ၊ ပြောစရာ၊ စဉ်းစားစရာ လူမဟုတ်ဘူးလို့ သူ့ကိုယ်သူအမြဲယူဆတယ်။ သူ့ကို ဝိုင်းပြီးနှိမ်တယ်၊ လှောင်ပြောင်တယ်လို့လည်း ဘယ်တော့မှ မယူဆဘူး။

သူ့ကိုနှိမ်ရင်၊ လှောင်ပြောရင်လည်း နှိမ်သင့်လှောင်သင့်လို့ လုပ်တာလို့ပဲ သဘောထားတယ်။ အကယ်၍ အသိုင်းအဝိုင်းက လှောင်တယ် နှိမ်တယ်တဲ့၊ အောက်တန်းကျတဲ့ အသိုင်းအဝိုင်းမျိုးဆိုရင်လည်း (ဒီလိုအသိုင်းအဝိုင်းမျိုးကိုလည်း သူ့အနေနဲ့ တွေ့ခဲ့ပါတယ်။) နှစ်ပြားဖိုးတောင် ဂရုမစိုက်ဘူး။ စော်ကားတာ၊ လှောင်တာက မတရားသဖြင့်များလွန်း၊ ပြောင်ကျလွန်းတယ်ဆိုရင်တော့လည်း တစ်မျိုးပေါ့လေ။ သူဟာအသေးအဖွဲ့ကလေးရဲ့ အထက်မှာရှိတယ်။ အဲဒီအသေးအဖွဲ့ကလေးတွေကို ဘယ်တော့မှ အလေးမထားဘူး၊ ဂရုမစိုက်ဘူး။ အသေးအဖွဲ့တွေနဲ့ ပတ်သက်လာရင်လည်း ငြင်းခုံနေမယ့်အစား လိုက်လျောလိုက်တယ်။ အောက်တန်းကျတဲ့ လူတစ်ယောက်ရဲ့ စကားကတော့ သူ့ပညာအဆင့်အတန်းနိမ့်ကျမှုနဲ့ အပေါင်းအသင်း နိမ့်ကျမှုကို အမြဲဖော်ပြနေတတ်တယ်။ အများအားဖြင့် သူ့ရဲ့ အိမ်တွင်းရေးတွေ၊ သူ့အစေခံ၊ သူ့မိသားစုအတွင်းမှာ သူဘယ်လောက်အထိန်းအသိမ်းကောင်းတာတွေ၊ အိမ်နားနီးချင်းရဲ့ ရယ်စရာကောင်းတဲ့ အကြောင်းတွေကို အားရပါးရပြောတတ်တယ်။ ဒီလိုပြောတဲ့နေရာမှာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ကိစ္စကို ပြောသလိုအလေးအနက် အားရပါးရ ပြောတော့တာပဲ။ တကယ်ကတော့ သူဟာ အတင်းပြောသူတစ်ယောက်ပဲ။

နောက်တစ်ချက်ကတော့ စကားအသုံးအနှုန်း အောက်တန်းကျတဲ့ကိစ္စပဲ။ ဒီအချက်ဟာလည်း မကောင်းတဲ့ အသိုင်းအဝိုင်းနဲ့ မကောင်းတဲ့ ပညာသင်ကြားရေးရဲ့ ထင်ရှားတဲ့ လက္ခဏာချက်ဖြစ်တယ်။

အထက်တန်းကျသူတစ်ယောက်ဟာ တခြားအရာတွေထက် အဲဒီလိုလူမျိုးကို အထူးသတိထားပြီး ရှောင်တယ်။

စကားပုံတွေ၊ ရိုးနေတဲ့ ဆိုရိုးစကားတွေဟာ အောက်တန်းကျသူတစ်ယောက်ရဲ့ အာဝဇ္ဇန်းမှာ ပန်းပွင့်အဆင်တန်ဆာတွေပဲ။ လူတွေမှာ တစ်ယောက်နဲ့ တစ်ယောက်အကြိုက်ချင်းမတူတဲ့အကြောင်းကို ပြောပြီဆိုပါတော့။ သူကလည်း ရောယောင်ထောက်ခံပြီး သူ့ထင်မြင်ချက်ကိုဝင်ပြောတော့တာပါ။

အဲဒီလိုပြောရာမှလည်း လူတစ်ယောက်အဖို့ အစာဖြစ်နေပေမယ့် အခြားလူတစ်ယောက်အဖို့ အဆိပ်ဖြစ်နေတယ်ဆိုတဲ့ စကားပုံအဟောင်းကြီးမျိုးကို ကောက်ပြီး တခုတ်တရပြောလား ပြောတတ်ရဲ့။ တကယ်လို့ တစ်ယောက်ယောက်က သူ့အပေါ်မှာ (သူ့အခေါ်) ဗိုလ်ကျလာပြီလို့ ထင်ရင်လည်းပဲ သူကလည်း သူတစ်ချက် ကိုယ်တစ်ချက် ပြန်လက်စားချေတော့တာပဲ။ ဘယ်အချိန်မှာပဲဖြစ်ဖြစ်၊ သူကြိုက်တဲ့ စကားလုံးတစ်လုံးရှိတယ်။

ဒီစကားလုံးတစ်လုံးကို သုံးချင်ရင် နေရာဟုတ်ဟုတ်၊ မဟုတ်ဟုတ် အတင်းသုံးတော့တာပဲ။ ဥပမာ အရမ်းစိတ်ဆိုးတယ်ဗျာ၊ အရမ်းသနားတယ်ဗျာ၊ အရမ်းလှတယ်ဗျာ၊ အရမ်းရုပ်ဆိုးတယ်ဗျာဆိုတဲ့စကားလုံးမျိုးတွေပေါ့။ စကားလုံးတွေပြောရာမှာလည်း အသံထွက်ကစပြီး ကိုးရိုးကားယားပြောတော့တာပဲ။

မြေကြီးကို မြေယီလို့ခေါ်လားခေါ်ရဲ့၊ ခင်ဗျား ကျေးဇူးရှိတာပေါ့လို့ မပြောဘဲ ကျေးစူးလို့ ပြောလားပြောရဲ့။ သူခင်ဗျားဆီကို လာတယ်လို့ မပြောဘဲ ခင်ဗျားရှိကိုလို့ ပြောလားပြောရဲ့။ တစ်ခါတလေလည်း စကားလုံးခက်ခက်ကြီးတွေကို ပြောတတ်သေးတယ်။ ဒါပေမယ့် စာတတ်တဲ့ မိန်းမတစ်ယောက်စကားပြောသလို ကောင်းကောင်းလည်း ပီတာမဟုတ်ဘူး။ အထက်တန်းကျတဲ့လူတစ်ယောက်ကတော့စကားပုံတွေဘာတွေကို သိပ်သုံးလေ့မရှိဘူး။ အောက်တန်းကျတဲ့ ဥပမာ အလင်္ကာတွေကို သိပ်သုံးတာ မဟုတ်ဘူး။ ပြီးတော့ ခံတွင်းတွေ့တဲ့ စကားလုံးတို့ ခက်တဲ့စကားလုံးတို့ကို သိပ်သုံးတာ မဟုတ်ဘူး။ သဒ္ဒါဝါကျမှန်မှန်၊ အသံထွက်မှန်မှန်ဖြစ်အောင် အထူးသတိထားပြီး ပြောတယ်။ တစ်နည်းပြောရရင် ကောင်းတဲ့အသိုင်းအဝိုင်းမှာ သုံးတဲ့ အသုံးအနှုန်းအတိုင်း ပြောတယ်။ ကိုယ့်ယို့ကားယား စကားပြောတာ၊ သိက္ခာမရှိတဲ့ သဘောထားနဲ့ အပြုအမူမျိုးကို ပြတာတွေဟာ ပညာအဆင့်အတန်း နိမ့်တာနဲ့ အပေါင်းအသင်း အောက်တန်းကျတာကို ကျယ်လောင်စွာထုတ်ဖော်ပြောနေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ အထက်တန်းကျတဲ့ အသိုင်းအဝိုင်းရဲ့ အရိပ်အငွေ့ကလေးတွေလောက်မှ မတွေ့ရရင် လူတစ်ယောက်ဟာ အဲဒီအသိုင်းအဝိုင်းကို ရောက်ဖူးတယ်လို့ ဘယ်နှယ့်လုပ်ပြီး ထင်နိုင်ပါ့မလဲ။

တပ်သားတစ်ယောက်ဟာ သူ့ရဲ့ ကိုးရိုးကားယား ဟန်ပန်ကြောင့် တပ်ထဲမှာ ချက်ချင်းခွဲခြားလို့ရတယ်။

ဒါပေမယ့် တစ်လနှစ်လလောက်အတွင်းမှာ သာမန်လေ့ကျင့်ခန်းကလေးလောက်ကိုမှ အထားကျအောင် မလုပ်နိုင်ဘူး၊ စစ်သားတစ်ယောက်နဲ့ မတူလာဘူးဆိုရင်တော့ သူဟာ တော်တော့်ကို ထုံထိုင်းလို့ပဲ ဖြစ်ရမယ်။

အထက်တန်းကျတဲ့ လူတစ်ယောက်ရဲ့ တန်ဆာပလာများဟာ အောက်တန်းကျတဲ့ လူတစ်ယောက်အဖို့ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်နေတတ်တယ်။ သူဟာ ဦးထုပ်ကို ဆောင်းမထားရင် အဲဒီဦးထုပ်ကို ဘယ်သွားထားရမှန်းမသိဘဲ ယောင်တီးယောင်တဖြစ်နေတတ်တယ်။ (တကယ်လို့ ယောင်ယမ်းပြီး) ကြိမ်တုတ်တစ်ချောင်းကို ကိုင်လာမိတယ်ဆိုရင်လည်း သူ့လက်ထဲက ကြိမ်တုတ်ဟာ စားပွဲပေါ်က လက်ဖက်ရည်ပန်းကန်တွေ၊ ကော်ဖီပန်းကန်တွေနဲ့ အမြဲတန်း စစ်ခင်းနေတော့တာပဲ။ ကြိမ်တုတ်ကြီးကို မကိုင်တတ်ကိုင်တတ်နဲ့ ကိုင်လာတော့ သူ့ကြိမ်တုတ်ကြီးက ပထမ လက်ဖက်ရည် ပန်းကန်တွေကို ဖျက်ဆီးမယ်၊ နောက် လက်ဖက်ရည် ပန်းကန်တွေကျကွဲရင် အဲဒီပန်းကန်တွေနဲ့ အပေါင်းအသင်းဖြစ်သွားပြီး လွတ်ကျမယ်။

ဓားကလည်း ရန်သူ့အဖို့ ကြောက်စရာကောင်းမနေဘဲ သူ့ခြေထောက်ကြားထဲမှာ သူ့ခြေထောက်အဖို့ ကြောက်စရာကောင်းနေတော့မယ်။ တကယ်ကတော့ သူ့ခြေထောက်ဟာ သူ့ဓားကို ကြောက်ဖို့ မဟုတ်ဘူး။

အခြားသူရဲ့ ဓားချက်ကလွန်အောင် သူ့ကို မြန်မြန်သယ်ဆောင်သွားမယ်အရာ၊ အဝတ်အစားကလည်း ကို့ယို့ကားယား၊ ဖို့ယို့ဖားယားနဲ့ ဆိုတော့ သူဟာ အဝတ်အစားပိုင်ရှင်နဲ့ မတူတော့ဘဲ အဝတ်အစားရဲ့ အကျဉ်းသားနဲ့တူနေတယ်။ အသိုင်းအဝိုင်းထဲရောက်လာတော့လည်း မိတ်ဆွေသူငယ်ချင်းအပေါင်းအဖော်တွေဆီလာတဲ့ လူတစ်ယောက်နဲ့ မတူဘဲ တရားရုံးတော်မှာ ရောက်နေတဲ့ တရားခံတစ်ယောက်နဲ့ တူနေတယ်။ သူရဲ့ဟန်ပန်ကိုယ်တိုင်က သူ့ကို ပြန်ပြီး သရော်ရှုတ်ချနေတယ်။ ဒီလိုလူမျိုးကို အထက်တန်းကျတဲ့ ပုဂ္ဂိုလ်တွေကလည်း ရှောင်လိမ့်မယ်။ သိက္ခာရှိတဲ့ ပုဂ္ဂိုလ်များကလည်း ရှောင်ကြလိမ့်မယ်။ ဒီလိုနဲ့ အဲဒီလူဟာ အောက်တန်းကျတဲ့ အသိုင်းအဝိုင်းဆီကို ရောက်သွားပြီး အဲဒီထဲမှာ နစ်မြုပ်သွားရတော့တာပဲ။ အတော်အတန်လည်း ကြာသွားရော၊ အဲဒီလူဟာ အဲဒီပင်လယ်ကွေ့ကြီးထဲက ပေါ်မလာတော့ဘူး။ သိက္ခာရှိတဲ့ အမူအရာနဲ့ သက်တောင့်သက်သာဖြစ်မှုဟာ ကျေးတောသားတစ်ယောက်ကို အရောင်အသွေးတောက်ပအောင် လုပ်ပေးနိုင်တယ်ဆိုတဲ့စကားရှိတယ်။ စိတ်ကို အရောင်ဆင်ပေးဖို့ လိုသလို မင်းရဲ့ ပင်ကိုအရည်အသွေးတွေနဲ့ ပင်ကိုအသိပညာတွေကိုလည်း အဆင်အယင်၊ အမွမ်းအမံလုပ်ပေးဖို့ လိုတယ်။ စိတ်ဟာဘယ်နှစ်ရတီပဲလေးသည်ဆိုစေ၊ အရောင်တင်ခြင်းမရှိဘဲ ဝတ်ဆင်လေ့မရှိကြဘူး။ ဒီလိုအဆင်အယင်၊အမွမ်းအမံတွေဟာ အမျိုးသမီးတွေနဲ့ ဆက်ဆံရာမှာသာ အသုံးကျတယ်လို့ မထင်ပါနဲ့။ အမျိုးသားတွေနဲ့ဆက်ဆံရာမှာ ပိုပြီတောင် အသုံးကျသေးတယ်။ ဗိုလ်ပုံပရိသတ်ရဲ့ အလယ်မှာ အမူအရာလည်း သိမ်မွေ့၊ ဥပဓိရုပ်လည်းကောင်းတဲ့ စကားပြောကောင်းသူတစ်ဦးဖြစ်သည့်တိုင် ဖော်ပြခဲ့တဲ့ အရည်အချင်းတွေ မရှိရင်ဘာလုပ်မှာလဲ။ စီးပွားရေးလုပ်ငန်းမှာဆိုရင် ဖေဖေ ပြောခဲ့တဲ့ ကျက်သရေသုံးပါးဟာ အလွန်အရေးကြီးပြီး အဲဒီကျက်သရေသုံးပါး မရှိတာဟာ ဘယ်လောက် အကျိုးယုတ်စေတယ်ဆိုတာ ပိုပြီးတောင် သိသာသေးတယ်။

အဲဒီကျက်သရေ သုံးပါးကြောင့် အချို့သော သူများဟာ အခွင့်အရေးရသူများရဲ့ ဣန္ဒြေမျိုးနဲ့ အခွင့်အရေးကို ငြင်းပယ်ခဲ့တာမျိုးကို ဖေဖေတွေ့ခဲ့ရဖူးတယ်။ နန်းတော်များနဲ့စေ့စပ်ဆွေးနွေးပွဲများမှာ ဒီအရည်အချင်းတွေရဲ့ အသုံးဝင်မှုဟာ အတိုင်းထက်အလွန်ပဲ။ ဒီလိုသာ ဆက်ဆံနိုင်ရင် မင်းဟာ တစ်ဖက်သားရဲ့ နှလုံးသားကိုလည်းရမယ်။ ဒီလိုသာ ဆက်ဆံနိုင်ရင် မင်းဟာ တစ်ဘက်သားရဲ့ နှလုံးသားကိုလည်းရမယ်။ ဒီလိုသာဆက်ဆံနိုင်ရင် သူတို့တစ်တွေ ဘယ်လောက်ပဲ ဉာဏ်အမြော်အမြင်ရှိပေစေ ဆယ်ယောက်မှာ ကိုးယောက်ရဲ့နှလုံးသားကို မင်းရနိုင်တယ်။ နှလုံးသားကိုရပြီ ဆိုရင် လျှို့ဝှက်ချက်ကိုလည်းရပြီပေါ့။ ဒီလိုဆိုရင်လည်း ဆယ်ကြိမ်မှာ ကိုးကြိမ်ဟာ သူတို့ နှလုံးသားနဲ့ သူတို့အသိကို မင်းပိုင်နိုင်ပြီပေါ့။ ဒီတော့ ဒီကိစ္စတွေနဲ့ ပတ်သက်လာရင် သူတို့နဲ့ထိုက်တန်သည့် အားလျော်စွာ ဂရုစိုက်အလေးထားပါ။ သည်အရာတွေကို တတ်မြောက်အောင်လုပ်ဖို့အတွက်လည်း အမြဲတစေ ကြိုးစားအားထုတ်ပါ။

ခုဆိုရင် မင်းဟာ တစ်ခါတုန်းက အနုပညာမှာရော စစ်အတတ်မှာပါ (နှလုံးရည်မှာရော၊ လက်ရုံးရည်မှာပါ) ကျော်ကြားခဲ့တဲ့ တိုင်းပြည်တစ်ပြည်ကို ရောက်နေပြီ။ ယခုအချိန်အခါမှာ အရင်တုန်းကလို ဘုန်း၊ လက်ရုံး၊ တန်ခိုးစွမ်းပကားနဲ့ မပြည့်စုံတော့သည့်တိုင် အလေးပေးလေ့လာဖို့တော့ ကောင်းနေသေးတယ်။ ဒါကြောင့်အဲဒီတိုင်းပြည်ကို သေသေချာချာ ကြည့်ပါ။ အရင်အခြေအနေနဲ့ ခုအခြေအနေကို နှိုင်းယှဉ်လေ့လာပါ။

အဲဒီတိုင်းပြည်တိုးတက်ပုံနဲ့ ဆုတ်ယုတ်ပုံတို့ရဲ့ အကြောင်းရင်းတွေကို လေ့လာပါ။ အဲဒီ တိုင်းပြည်ကို ဂန္ထဝင်အရ၊ နိုင်ငံရေးအရ၊ လေ့လာပါ။ မင်းနဲ့ ရွယ်တူ အင်္ဂလိပ်လူငယ်တွေလုပ်လေ့ရှိသလို အပြေးအဖြန်း မလုပ်ပါနဲ့။ ပေါ့ပေါ့တန်တန် (ရယ်စရာကောင်းတဲ့ စကားလုံးကို သုံးရရင်) ကဘောက်တိကဘောက်ချာ မလုပ်ပါနဲ့။ စောင်းကလေးတီးလိုက်၊ ပုလွေလေးမှုတ်လိုက်နဲ့ အချိန်မကုန်ပါနဲ့။ မမြင်ရတဲ့ ထုရုပ်၊ ထွင်းရုပ်တွေကို လိုက်ပြီး ရှာဖွေစေ့ငုမနေပါနဲ့။ အသေးအဖွဲ့ပစ္စည်းကလေးတွေမှာ စပ်စပ် စပ်စပ် လျှောက်မသိချင်ပါနဲ့။

မင်းတကယ်ဝါသနာပါတယ်ဆိုရင် ရှေးခေတ်နဲ့ ခေတ်သစ်အနုပညာရှင်တွေရဲ့ လက်ရာကို သေသေချာချာ လေ့လာခြင်းဖြင့် ပန်းချီ၊ ပန်းပု၊ ဗိသုကာစသည့် ပညာရပ်တွေနဲ့ ပတ်သက်လို့ ခံစားတတ်အောင် လေ့ကျင့်ပါ။ အဲဒီ အနုပညာတွေဟာ ခံစားမှုအနုပညာဖြစ်သည့်အတွက် သူတို့နဲ့ ပတ်သက်လို့ တကယ်ခံစားတတ်ရင် တကယ်ကျွမ်းကျင်နားလည်အောင် အထက်တန်းကျတဲ့ လူတစ်ယောက် ကောင်းကောင်းဖြစ်နိုင်တယ်။ ဒါပေမယ့် အဲဒီလို ခံစားရာမှာလည်း အတိုင်းအတာရှိတယ်။

တစ်စုံတစ်ခုသော နယ်နိမိတ် ကျော်သွားတာနဲ့ ခံစားတတ်တဲ့ လူတစ်ယောက်ဘဝဟာ ကုန်ဆုံးသွားပြီး အပျော်အပါးလိုက်တဲ့ လူစုံဖြစ်သွားတော့တာပဲ။ စမာတီတန် တစ်ယောက်ဖြစ်တဲ့ မင်းသူငယ်ချင်း မင်းဒီးစ်လည်း ဖေဖေနဲ့ အတူလာပြီး ညစာစားတယ်။ သူ့မှာ ပညာဗဟုသုတထက် စိတ်ကောင်းသဘောထားနဲ့ ရက်ရောမှုက ပိုတယ်လို့ထင်တယ်။ ဒါပေမယ့် မင်းအပေါ်မှာကြင်နာတဲ့သဘောရှိတဲ့အလျှောက် သူ့ကိုဖေဖေကောင်းစွာ ပြုစုလိုက်ပါတယ်။

သူ့အပြောအတိုင်းဆိုရင်တော့ မင်းက ဖေဖေ့ထက် အရပ်မြင့်တယ်တဲ့။

ဒီစကားကြောင့် ဖေဖေလည်း တော်တော်ဝမ်းသာသွားတယ်။ အရပ်တင်မကဘူး။ မင်းဟာ အရာရာမှာ ဖေဖေ့ထက် တော်စေ၊ သာစေချင်တယ်။ ဒီလိုတော်ရင် ဖေဖေမနာလိုတိုရှည် မဖြစ်တဲ့အပြင် ဝမ်းတောင်သာဦးမယ်။ မင်းမိတ်ဆွေမစ္စတာတီဗင်ကိုလည်း သူက တော်တော်အကောင်းပြောသွားတယ်။

သူ့အကြောင်းကို တခြားသူတွေဆီကလည်း ဖေဖေကြားဖူးထားလေတော့ သူနဲ့အပေါင်းအဖော်ဖြစ်တဲ့အတွက် ဖေဖေဝမ်းသာရသေးတယ်။ နောက်မှာ ဘယ်လောက်အသုံးဝင်မယ်ဆိုတာ မင်းသိလာလိမ့်မယ်။ အဆင့်အတန်းကြောင့်လည်းကောင်း၊ ပညာဗဟုသုတကြောင့်လည်းကောင်း ပေါင်းသင်းထိုက်တဲ့ အင်္ဂလိပ်လူမျိုးတစ်ယောက်ကို နိုင်ငံခြားမှာတွေ့ခဲ့ရင် အဲဒီခင်မင်မှုကို ပြုစုပျိုးထောင်ပါ။ ကိုယ့်ထက်အရင် အင်္ဂလန်ကို ပြန်မယ့်သူတွေက အကောင်းပြောအောင် နေထိုင်ပါ။ ဆာချားလ်ဝီလျံကတော့ မင်းကို (အများပြောတဲ့စကားအတိုင်း ပြောရရင်) တော်တော်မွန်းတာပဲ။ အဲ-- မင်းပြန်မလာခင် အဲဒီလို ပညာဗဟုသုတပြည့်ဝတဲ့ ပုဂ္ဂိုလ်မျိုး သုံးလေးယောက်က ချီးမွမ်းတယ်ဆိုရင်တော့ မင်းလန်ဒန်ပြန်ရောက်ရင် တော့်တော့ကို အကျိုးထူးမှာပဲ။ လူတော်တော်များများဟာ အများပြောတာကို ယုံကြည်ပြီး လက်ခံလေ့ရှိကြတယ်။ (ဒီအတိုင်းလည်း ဖြစ်သင့်တာပဲ) တစ်ချို့လူတော်တော်များများကတော့ လက်မခံလိုကြဘူး။


အများရဲ့ထင်မြင်ချက်ကို သဘောကွဲလွဲရဲသူ အရေအတွက်ကတော့ နည်းနည်းကလေးပဲ ရှိတယ်။ **အာဒီယူး။**

**(ဆရာမြသန်းတင့်၏ လူလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

# ရေဝင်နစ်မြုပ်ထိခိုက်လယ်မြေများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေး ထွန်စက်ကြီးများဖြင့် ထွန်ယက်ပေးမည်

**အင်္ဂပူ ဩဂုတ် ၁၀**

အင်္ဂပူမြို့နယ်တွင် ဧရာဝတီမြစ်ရေနှင့်ငဝန်မြစ်ရေများ ဝင်ရောက်မှုကြောင့် ကျေးရွာအုပ်စု ၆၂ စုရှိ လယ်မြေဧက ၅၃၆၀၈ ဧက ရေဝင်နစ်မြုပ်လျက်ရှိပြီး ၄၁၂၀၂ ဧကထိခိုက်မှုဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ထိခိုက်မှုဖြစ်သော လယ်မြေများအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် အင်္ဂပူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနစက်မှုလယ်ယာ စခန်းမှ ထွန်စက်များဖြင့်ထွန်ယက်ပေးရန်အတွက် ကျေးရွာများသို့ အသင့်ရောက်ရှိနေရာချထားပြီး ရေဝင်ပျက်စီးသွားသော လက်တွန်းထွန်စက်၊ ရေစုပ်စက်များကိုလည်းကျေးရွာအရောက် သွားရောက်ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မန်းကျော်(အင်္ဂပူ)**



အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ် လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

မလေးနွယ်၏ မိခင်ကမူ ချက်ပြုတ်ရေးကို ဦးစီးစီမံနေသောကြောင့် အရက်ဝိုင်းသို့ မလာ။

ကိုချစ်တိုး အံ့သြမိသည်ကား အတွင်းဝန်ကတော်လေးကပါ အရက်ဝင်သောက်ခြင်းဖြစ်သည်။ ဝီစကီတော့မူ မဟုတ်။ ကြိုင်မွှေးသော ဘရန်ဒီအချိုတစ်မျိုးကို ဖြစ်၏။ မည်သို့ဖြစ်စေ . . . ကိုချစ်တိုးအတွက် မိန်းမတစ်ဦး အရက်သောက်သည်ကို ပထမဆုံး မြင်ဖူးခြင်းဖြစ်လေသည်။ အံ့ဖွယ်သရဲရှိစွတကား။

အရက်ဝိုင်းတွင် စကားစုံ ပြောကြသည်။ နောက်ဆုံးတော့ မူရေနံမြေသပိတ်ကြီးနှင့် ချောက်မြို့မှ ချီလာမည့် သပိတ်တပ်ကြီး အကြောင်းဆီရောက်သွားကြ၏။

ဦးတင်သော်က ပုလိပ်အရာရှိတစ်ဦးကို လှမ်းမေးသည်။

"နေပါဦးဗျ. . . သူတို့က ရန်ကုန်အထိ ချီမယ်ဆိုပဲ၊ ခင်ဗျားတို့ ဒီမှာတင်ပဲ မတားလိုက်နိုင်ဘူးလား"

"ဒါကတော့ ဒီမှာက သူတို့မြေလို ဖြစ်နေတာကို ဝန်မင်းရဲ့၊ ချောက်၊ လမ်းရွာ၊ စဉ့်ကူ၊ ရေနံချောင်း၊ ရေနံမြေအားလုံးက အလုပ်သမားတွေ စုမိကြာတော့ ကျွန်တော်တို့ မနိုင်နိုင်ဘူး၊ မြို့သူမြို့သားတွေကလည်း သူတို့ဘက်က ရှိနေကြတော"

အတွင်းဝန်ကတော်လေးသည် အရက်ချိုကို မော့လိုက်ပြီး မျက်နှာမသိမသာ ရှုံ့မဲ့၍ မေး၏။

"ဒါထက် ဟိုတစ်ခါ သပိတ်တားကြတုန်းက သခင်မဆိုတာတွေကသိပ်ကြမ်းဆို၊ အာကြမ်း နှုတ်ကြမ်းနဲ့ သိပ်ရိုင်းကြတယ်ဆို"

ပုလိပ်အရာရှိကပင်-

"ဟာ. . . ကြမ်းတာ ရိုင်းတာတော့ မပြောနဲ့ မင်းကတော်ရေ. . . နံပါတ်တုတ်နဲ့ ရိုက်ထားလို့ ခေါင်းကွဲပြီး သွေးရွဲနေတာတောင် မလျှော့ဘူး၊ ကျွန်တော်တို့ကိုလည်း ပြောလိုက်တာ ခွေးလောက်မှ ရစရာကျန်တော့ဘူး"ဟုဖြေသည်။

အတွင်းဝန်ကတော်လေးက ရွံရှာထိတ်လန့်ဟန် နှာခေါင်းရှုံ့ကိုယ်ကျုံ့ပြပြီး အမြည်းတစ်ဖတ် နှိုက်စားနေ၏။

မြို့ပိုင်လေးက ဝင်ပြောသည်။

"ဒီကောင်တွေ ဒီကသာ ထွက်သွားရမှာပါ၊ ဒါပေမယ့် မကွေးတော့ မကျော်နိုင်ပါဘူး၊ မဟုတ်ဘူးလား အစ်ကိုကြီး"

မြို့ပိုင်လေးက အစ်ကိုကြီးဟုခေါ်ခံရသူမှာ မလေးနွယ်၏ ဖခင်တရားသူကြီး ဦးထင်ကျော် ဖြစ်လေသည်။ ဦးထင်ကျော်ကမူ အရက်မသောက်ပေ။ ဆေးပြင်းလိပ်ခဲရင်းသောက်နေကြသည်ကို လည်းကောင်း၊ ပြောနေကြသည်ကိုလည်းကောင်း ဘေးမှငြိမ်သက်စွာ ကြည့်ရင်းနားထောင်နေခဲ့၏။

မြို့ပိုင်လေးက လှမ်းမေးမှ လေးလေးနွေးနွေးဖြေသည်။

"ဒါကတော့ စောင့်ကြည့်ရမယ် ထင်တယ်ကွယ်"

ဦးတင်သော်သည် သူ့အကို၏ ဖြေပုံကို အားမရသည့်ဟန် တစ်ချက်လှမ်းကြည့်သည်။ ထိုနောက်မှ ပြုံးလိုက်ပြီး ပြောသည်။

"အင်းလေ. . . မကွေး ကျော်လာတော့ကော ဘာပြုလဲ၊ နောက်ဆုံး ရန်ကုန်ရောက်လာတော့ကော ဘာပြုလဲ. . . အရင် ရိုက်ကြတုန်းကလည်းဒီလိုပဲ၊ တောသားတွေ မိုက်မိုက်ကန်းကန်း ရန်ကုန်တက်လာလိုက်ကြတာ၊ ဂေါ်ရာစာသင်တုတ်စာ မိပြီးသေလိုက်ကြတာမနည်းဘူး၊ စက်သေနတ်ကိုင်စစ်တပ်တွေလည်း ချထား လိုက်ရော ငြိမ်ကုန်ကြတာပဲ မဟုတ်လား"

အတွင်းဝန်ကလေးက သူ့လင်တော်မောင်ကို ဝင်-ထောက်ခံသည်။

"ဒါလင် ပြောတာ ဟုတ်တယ်၊ အကုန် ငြိမ်ကုန်ကြတာပဲ၊ အင်းလေ. . . သူတို့ ရန်ကုန်ရောက်ပြီး ဘုရင်ခံ အိမ်သွားဝိုင်းဦး၊ ဘုရင်ခံမင်းကြီးက မကြားချင်ယောင်ဆောင်နေလိုက်မှာပေ့ါ၊ ဟို ဟုမ္မရူး(ကိုယ်ပိုင်အုပ်ချုပ်ခွင့်) တောင်းတဲ့နိုင်ငံရေးသမားတွေ အသံလိုပေ့ါ၊ ဘာဖြစ်သွားတယ် . . . ဒါလင်. . ပြောပြလိုက်စမ်းပါဦး"

ဦးတင်သော်သည်။ ချစ်ဇနီးက ပွဲတောင်းသည့်အတွက် သဘောကျသွားဟန်နှင့် အရက်တစ်ခွက် မော့ချလိုက်ပြီး စကားပြောတော့မည့်ဟန် ပြင်သည်။ တကယ်တော့ မပြော။ အားလုံးက သူ့ကို စိတ်ဝင်စားစွာ ကြည့်နေကြ၏။ သူပြောမည့်စကားကို နားစွင့်နေကြ၏။ စည်းနရီကိုက်ပြီထင်မှ ဦးတင်သော်က ပြောသည်။

"သူတို့အသံတွေက ဘာဖြစ်သွားရမှာလဲ၊ အင်္ဂလန်မရောက်ဘဲ ဘင်္ဂလားအော်ထဲတင် မြုပ်သွားကုန်တာပေ့ါ"

အတွင်းဝန်မင်းကလေး၏ ဟာသကို ကျန်အရာရှိများက နှစ်ခြိုက်စွာလက်ခံပြီး ရယ်ကြသည်။

ဦးထင်ကျော်ကသာ မရယ်။ မရယ်ရုံမက ရယ်သံအားလုံး စဲသွားသောအခါ အားလုံးမမျှော်လင့်သော စကားကို ဆို၏။

"ဒီနေရာမှာ ငါ့ညီ မှားနေတယ် ထင်တယ်၊ ဒီသခင်တွေက အင်္ဂလန်ကြားအောင် အော်တဲ့ နိုင်ငံရေးသမားမျိုး မဟုတ်ဘူး၊ ဗမာတိုင်း သိအောင်သာလိုက်စည်းရုံးတဲ့ လူစားတွေ၊ ကြည့်လေ. . . ရေနံချောင်းလာပြီး ပထမဆုံး မဒေးဖြစ်အောင် လာလုပ်သွားကြတာ၊ ဘယ်သူ ဘာတတ်နိုင်သလဲ"

ဦးထင်ကျော်၏ မမျှော်လင့်သော စကားကြောင့် မည်သူမျှ စကားပြန်မပြောဘဲ ငြိမ်နားထောင်နေကြ၏။

"ပြီးတော့ ညီလေးက စက်သေနတ်ကြောင်းပြောတယ်၊ ကိုကြီးထင်တာတော့ သခင်တွေဟာ စက်သေနတ်ကိုလည်း ကြောက်မယ့်လူတွေမဟုတ်ဘူး၊ ကြောက်တာ မကြောက်တာထက် သူတို့ကြည့်ရတာ စက်သေနတ်ရအောင်လုပ်ယူမယ့် လူတွေနဲ့တူတာပဲ"

ဦးထင်ကျော်ကို ကျန်လူများက နှုတ်လှန်မဝံ့သော်လည်း ဦးတင်သော်ကမူ ပြန်မေး၏။

"ဘာလဲ. . . ကိုကြီးကပါ သခင်တွေကို အထင်ကြီးနေပြီလား"

ဦးထင်ကျော်၏ သူ့ညီကို ပြန်ကြည့်လိုက်သော မျက်လုံးများ၌လျှပ်ရောင်တစ်ချက် ပြက်သွားသည်။

"အထင်ကြီးတာ မကြီးတာကို ပြောနေတာ မဟုတ်ဘူး၊ မင်းတို့ အထင်မသေးဖို့ ပြောနေတာ၊ သခင်တွေဟာတို့ အရင်တုန်းက နာလည်ထားတဲ့နိုင်ငံရေးသမားမျိုးတွေ မဟုတ်ဘူး၊ ပြီးတော့ နောက်ပေါက်သခင်တွေ ဟာလည်း ရှေးသခင်ကြီးတွေလို ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗုဒ္ဓဘာသာသည် တို့ဘာသာလို့ ကြွေးကြော်ပြီး ဝါးခမောင်းဆောင်းပင်နီအင်္ကျီဝတ်ရုံနဲ့ တင်းတိမ်နေသူတွေ မဟုတ်ဘူး၊ ဒီနေ့ သခင်အသင်းမှာ ပညာတတ်လူငယ် ရီဖော်လူရှင်နရီ(တော်လှန်ရေးသမား)တွေ အများကြီးပါနေတယ်၊ တခြား မကြည့်နဲ့လေ၊ ကိုအောင်ဆန်းတို့တောင် သခင်ပါတီမှာ အတွင်းရေးမှူးဖြစ်နေပြီ"

ကိုအောင်ဆန်းကိုတော့ သူတို့အားလုံး သိကြပြီးဖြစ်နေသည်။

ကိုအောင်ဆန်းသည် နတ်မောက်သားဖြစ်သည်။ ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းအောင်သွားသည်။ တက္ကသိုလ်ရောက်သောအခါ သမဂ္ဂအာဘော် အိုးဝေမဂ္ဂဇင်း အယ်ဒီတာဖြစ်လာသည်။ သူနှင့်ဥက္ကဋ္ဌကိုနုကို ကျောင်းထုတ်ပစ်ရာမှ တစ်ပြည်လုံး သိမ့်သိမ့်တုန်သွားသော ဒုတိယ ကောလိပ်သပိတ်ကြီး ပေါ်လာခဲ့၏။ သပိတ်အောင်ပြီးသောအခါ ကိုအောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ၏ ဥက္ကဋ္ဌဖြစ်လာသည်။ ထို့နောက်ဘီအေအောင်ပြီးသော်လည်း အစိုးရအရာရှိမလုပ်ဘဲ တို့ဗမာအသင်းသို့ဝင်ကာသခင် အောင်ဆန်းအဖြစ်နှင့် အတွင်းရေးမှူးလုပ်နေ၏။

မှန်သည်။ သူတို့အားလုံး ကိုအောင်ဆန်းကိုမူ သိကြပြီးဖြစ်သည်။ အထူးသဖြင့် ကိုအောင်ဆန်းနှင့် တက္ကသိုလ်သို့အတူရောက်ခဲ့သူ ဦးတင်သော်က ပိုသိပြီးဖြစ်သည်။

"ကိုကြီး ပြောတာ ဟုတ်ပါတယ်လေ၊ ဒါပေမယ့် ကျွန်တော်တို့က သူတို့ကို ကြောက်ကြရတော့မလား"

"ကြောက်ကြရမယ်လို့ ကိုကြီးက မဆိုလိုပါဘူး၊ အသိအမှတ်ပြုဖို့ကိုသာ ပြောပြနေတာ၊ မင်းတို့က အသိအမှတ်မပြုပေမယ့် သခင်ကိုယ်တော်မှိုင်းကြီးကတော့ အသိအမှတ်ပြုထားလေရဲ့"

ပုလိပ်အရာရှိနှင့် နယ်ပိုင်ဝန်ထောက်တို့က ပြိုင်တူလိုပင် မေးကြ၏။

"ဘယ်သူလဲ. . . ပုပ္ပား ဘုရားဖူးအလာမှာ ဒီက စာရေးကြီးသခင်က ငွေးချိုမှာ သွားကန်တော့လို့ ကုမ္ပဏီက သခင်ကို အလုပ်ထုတ်ပစ်တာကစပြီး မီးခိုးကွက်လျှောက်နဲ့ ဒီသပိတ်ကြီးပေါ်လာတာပဲ မဟုတ်လား"

ဦးထင်ကျော်က ဆေးပြင်းလိပ်ဖွာရင်း ခေါင်းတဆတ်ဆတ်ညိတ်ပြ၏။

"ဟုတ်တယ်. . . အဲဒီအဘိုးကြီးပဲ၊ သူက ကိုအောင်ဆန်းကို ကဗျာတစ်ပုဒ်နဲ့ အသိအမှတ်ပြုထားတယ်"

ဤအကြိမ်တွင်မူ မသိ နားမလည်သော ကလေးများရှေ့၌ လူကြီးတစ်ဦး၊ ပြုံးသကဲ့သို့ ပြုံးလိုက်၏။

"ခင်ဗျားတို့က သတင်းစာကလွဲပြီး ဗမာစာအုပ်တွေ သိပ်မဖတ်ကြဘူး ထင်ပါတယ်၊ ဒီနှစ်အတွင်းမှာပဲ ကိုယ်တော်မှိုင်းရဲ့ သခင်ဋီကာဆိုတဲ့ကျမ်းထွက်လာတယ်၊ အဲဒီအထဲမှာ ကိုဆောင်ဆန်းရဲ့အဘိုး ရွှေလရောင်ဘွဲ့ခံဦးမင်းရောင်ရဲ့ အင်္ဂလိပ်ကို ပြန်တိုက်သွားပုံဖော်ပြထားတယ်၊ ပြီးတော့ ကဗျာတစ်ပုဒ်လည်း စပ်ပြလိုက်တယ်၊ အစအဆုံးတော့ ကျုပ်မရဘူး၊ ရွှေလရောင်ဘွဲ့သတင်းရယ်နဲ့၊ ဦးမင်းရောင် ဗိုလ်ဝင်ခံလို့မို့၊ ဟိုအလျှင်ယမန် စစ်အင်ကျင်းတယ်၊ ခင်းတဲ့ဗျူဟာဆိုတဲ့ အပုဒ်ရယ်၊ ပြီးတော့ အဆုံးနားက တောင်သမန်မြို့ နေလနှစ်ဆောင် အညှိုးတွင်ဖြင့်၊ မြေပြန့်တဘောင် မစိုးရရှာတဲ့၊ အခေါင်မမြန်း အမှောင်သန်းသမို့ အောင်ပန်းညှိုးခဲ့ရတဲ့၊ အောင်ဆန်းတို့ ရွှေရောင်အတိုင်းဆိုတဲ့ တစ်ပုဒ်ဟာ ကျုပ်နှုတ်ဖျားမှာ ကျန်ရစ်တယ်"

အားလုံး ပိုမိုငြိမ်သက်သွားကြသည်။ သပိတ်တပ် အဟုန်ကြောင့် အနည်းငယ် သွေးလန့်နေကြသော ဒေသဆိုင်ရာ အရာရှိအချို့မှာ စိတ်လည်းချောက်ချားသွားကြ၏။

အားလုံး အရက်ကိုယ်စီ မော့လိုက်ကြပြီးမှ ဦးတင်သော် မေးသည်။

"ကိုကြီးက ဘာဆိုလိုတာလဲ"

"ကိုကြီး ပြောတာက ရှင်းပါတယ်၊ သခင်တွေကို သိပ်အထင်မသေးကြနဲ့လို့၊ အထူးသဖြင့် ကိုအောင်ဆန်းနဲ့ ကိုအောင်ဆန်းတို့လို လူငယ်သခင်တွေကို သိပ်အထင်မသေးကြနဲ့လို့ . . ဒါပါပဲ"

အတွင်းဝန်ကတော်လေးက သမ်းပြသည်။

"ဒါလင်ရေ. . . တော်ကြစို့၊ အိပ်ချင်လာပြီ. . . ထမင်းလည်း စားကြရဦးမယ်၊ မနက်အစောကြီးလည်း ထကြရဦးမယ်"

ဤသို့နှင့် အရက်ဝိုင်း ပြီးသွားသည်။

ကိုချစ်တိုးခမျာသည် သူထင်သည်ထက်စော၍ အိပ်ရာဝင်ခွင့်ရသောကြောင့် ဝမ်းသာမိသည်။

ကိုချစ်တိုးသည် ခြံဝင်းတစ်ထောင့်ရှိ သူ့အိမ်ခန်းလေးသို့ ပြန်လာခဲ့သည်။ ပင်ပန်းထားသော်လည်း အိပ်ချင်စိတ်မရှိသောကြောင့် တံခါးကို စေ့ပြီးအိပ်ရာထက် လှဲရင်း ဒဂုန်မဂ္ဂဇင်းကို ဖတ်သည်။ ဖတ်မိသည်မှာလည်း သူခိုးကြီးမိုးနက်၏ စွန့်စားခန်းဝတ္ထု ဖြစ်လေသည်။ မိုးနက်ကို ပုလိပ်နှင့် အိမ်ရှင်တို့ ဝိုင်းဖမ်းမိ၍ သည်းလှိုက်ရင်ဖိုဖွယ်အခန်းရောက်မှ သူ့တံခါးကို အပြင်မှ ခေါက်သံကြားသည်။

ကိုချစ်တိုးက ထိတ်လန့်သံနှင့်"ဘယ်သူလဲ" ဟု ထမေးသည်။

လူသံ မကြားရဘဲ တံခါးခေါက်သံသာ ဆက်ပေါ်လာနေ၏။

ကိုချစ်တိုးသည် အိပ်ရာထက်မှ ဆင်းကာ တံခါးကို ဆွဲဖွင့်လိုက်၏။

အပြင်ဘက်၌ တည်တည်ခံ့ခံ့ကလေး ရပ်နေသူကား သူဘယ်သို့မျှမမျှော်လင့်သော သက်ခိုင်ဖြစ်နေ၏။

ကိုချစ်တိုးသည် သက်ခိုင်ကို လက်မောင်းမှဆွဲ၍ လျင်မြန်စွာ ခေါ်ကာအခန်းတွင်းသို့ သွင်းလိုက်သည်။

"အမယ်လေး. . . မောင်မင်းကြီးသားရော၊ ဘယ်လို အကြောင်းအရာနဲ့ ဒီထဲကို ကြွလာရသတုန်း၊ အမိန့်ရှိပါ. . အမိန့်ရှိပါ"

သက်ခိုင်ကသာ အေးဆေးတည်ငြိမ်စွာ အမိန့်ရှိ၏။

"မမနွယ်နဲ့ တွေ့ချင်လို့ လာခဲ့တာ၊ ဦးလေးချစ်တိုး . . . မမနွယ်ကို မြန်မြန်သွားခေါ်လိုက်ပါ"

ကိုချစ်တိုး ပါးစပ်ပြဲသွားရှာ၏။

"အံ့ပါရဲ့ ငါလူရာ. . . သူဌေးမြေး. . တရားသူကြီး သမီးကို ညအချိန်မတော် ချက်ချင်းတွေ့ချင်ရအောင် ငါ့လူမှာ အရေးပိုင်ဆီက ဝရမ်းပါလား"

မလေးနွယ်ငိုင်သွားသည်။ သက်ခိုင်ကို ကြည့်လိုက်၊ ငွေထုပ်ကိုကြည့်လိုက်နှင့် စကားစရှာမရ ဖြစ်နေ၏။ မျက်ရည်များကသာ မျက်လုံးများ၌ ဝိုင်းလာသည်။ အတန်ကြာမှ အားယူပြောရသောလေသံပျော့ပျော့နှင့် ဆို၏။

"အဲဒီငွေတွေဟာ ဒေါ်လေးသက်သက်နဲ့မောင့်ဖို့ ဘွားဘွားကပေးခိုင်းလို့ မမနွယ်ပေးခဲ့တဲ့ငွေတွေ"

သက်ခိုင်ကလည်း မျက်နှာတည်ထားသော်လည်း မျက်ရည်လည်လည်နှင့်ပြန်ကြား၏။

"ဟုတ်ပါတယ်၊ ဘွားဘွားနဲ့မမနွယ်ကို မေမေက စိတ်မဆိုးပါဘူးတဲ့၊ ဒါပေမဲ့အဲဒီ ပိုက်ဆံတွေကို မေမေက မောင့်ကိုပြန်ပို့ခိုင်းလိုက်တယ်"

မလေးနွယ်သည် ရုတ်တရက် ဒေါသကလေးနှင့် ပြန်မေး၏။

"ဒေါ်လေးသက်သက်က ပြန်ပေးခိုင်းတိုင်း မောင်ကကော လာပို့ရသလား၊ မောင်က သတ္တိကောင်းကြီးပေ့ါ. . ဟုတ်လား"

သက်ခိုင်သည် သူ့အစ်မပေါ်၌ တင်းသည့်အခါတင်းသည်။ သို့ရာတွင် သူ့အစ်မက ဒေါသထွက်ပြသောအခါ သူကပျော့ပျောင်းရမြဲဖြစ်သည်။

"မဟုတ်ပါဘူး မမနွယ်ရယ်၊ မေမေကပြောတယ်၊ ဒီပိုက်ဆံတွေကိုလည်းမီးရှို့ပစ်မယ်တဲ့၊ မမနွယ်လည်း မောင်တို့ဆီ ဘယ်တော့မှ မလာရတော့ဘူးတဲ့၊ မမနွယ်ကို မောင်သိပ်ချစ်ပါတယ်၊ မမနွယ်မောင်တို့ဆီ မလာရတော့ဘူးဆိုရင် မောင်ငိုမိမှာပဲ၊ ဒါကြောင့် မောင်ဒီပိုက်ဆံတွေ ပြန်လာပေးတာ၊ သိပြီလား"

မလေးနွယ်သည် ဘာမျှ ပြန်ရန်မတွေ့တော့ဘဲ ကိုချစ်တိုး၏ အိပ်ရာ၌ မျက်နှာမှောက်ကာ ကျုံ့ကျုံ့ပါအောင် ငိုကြွေးတော့သည်။

သက်ခိုင်က အံကြိတ်ထားသည်။ သို့ရာတွင် သူ့မျက်လုံးများမှာလည်း သူမသိဘဲ မျက်ရည်ပေါက်များ စီးကျလာနေ၏။

ကိုချစ်တိုးခမျာမှာလည်း ဘာလုပ်ရမှန်းမသိ။

ထိုစဉ် တိုက်ပေါ်မှ အသံများထွက်ပေါ်လာ၏။

"နွယ်. . နွယ်. . .၊ နွယ်. . ပျောက်သွားတယ်၊ ဘယ်ရောက်သွားမှန်းမသိဘူး"

နွယ့် အမေ၏အသံဖြစ်သည်။ ထို့နောက် နွယ့်အဖေ အသံပေါ်လာသည်။ ထို့နောက် လူသံများဆူညံကုန်၏။

ကိုချစ်တိုးက တံခါးမှ ထွက်ကြည့်၏ သို့ရာတွင် သူနှင့် အခန်းချင်းကပ်လျက်ရှိသော ကိုသာရင်တို့လင်မယားကလည်း ထွက်လာကြ၏။

ကိုသာရင်ကမေးသည်။

" ဟေ့. . ကိုချစ်တိုး. . ဘာဖြစ်ကြတာလဲ"

"သိပါဘူးဗျာ။ ဆူဆူညံညံ ဖြစ်လို့ထွက်ကြည့်တာ"

ကိုသာရင်တို့လင်မယားက တိုက်ကြီးဘက်သို့ ထွက်သွားကြသည်။

ကိုချစ်တိုးက အခန်းတွင်းပြန်ဝင်ကာ တံခါးစေ့ပြီး နွယ့်ကို ပြော၏။

"ကဲ. . မိနွယ်၊ ဒုက္ခတော့ရောက်ကုန်ကြပြီ၊ ဘာလုပ်မလဲ၊ ဘယ်လိုလုပ်မလဲ"

ကိုချစ်တိုးမှာ တုန်လှုပ်ချောက်ချားနေ၏။ သက်ခိုင်ကမူ မတုန်မလှုပ်ရပ်နေ၏။ သက်ခိုင်ကမူ မတုန်မလှုပ်ရပ်နေ၏။

မလေးနွယ်က ရုတ်တရက် လှုပ်ရှားလာ၏။

"ဦးလေး ချစ်တိုး. . သူတို့မေးရင် နွယ်ဝတ္ထု စာအုပ်လာငှားတယ်လို့ပြော သိလား၊ မောင်ခုတင်အောက်ထဲ ဝင်ပုန်းနေ၊ မြန်မြန်. . . ဝင်လေ မောင်. . . "

သက်ခိုင်ကမူ မလှုပ်၊ လုံးဝမလှုပ်။

ကိုချစ်တိုးက သူ့နဖူးသူရိုက်ပြီး တောင်းပန်သည်။

"ကိုယ်တော်လေးရယ်. . နွယ်ပြောတဲ့အတိုင်း လုပ်လိုက်စမ်းပါ၊ ကျေးဇူးပြုပြီး ခုတင်အောက်ကို မြန်မြန်ဝင်ပုန်းတော်မူစမ်းပါ၊ ရှိကြီးခိုးပါရဲ့"

သို့ရာတွင် သက်ခိုင်ကမူမလှုပ်။ ကိုချစ်တိုးက သူ့ခေါင်းကိုနှိမ်ကာ ကုန်းခိုင်းသည်။ မလေးနွယ်က သူ့ကိုတွန်းသည်။ သူကရုန်းသည်။

သုံးယောက်သား ဤသို့အလုပ်များနေကြစဉ် လူတွေရောက်လာကြ၏။ အားလုံးရောက်လာကြ၏။

ရှေ့ဆုံးမှ မလေးနွယ်၏ အမေထွက်ပေါ်လာသည်။ သူ့နောက်က မလေးနွယ်၏ အန်တီ. . .။

မလေးနွယ်၏ မိခင်က မလေးနွယ်ကို ပွေ့ယူပြီး အံ့သြခြင်း၊ ဝမ်းသာခြင်း၊ စိုးရိမ်စိတ်ပြေခြင်းတို့ရောသော အသံနှင့်ဆို၏။

"အမယ်လေး. . သမီးရယ်၊ သမီးကဒီမှာကိုး၊ မေမေဖြင့် လန့်သွားတာပဲ"

ဤသို့ဆိုပြီးမှ မလေးနွယ်၏ မိခင်သည် မလှုပ်မယှက်ရပ်နေသော သက်ခိုင်ကို သတိမူမိသွား၍ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# ရေကြီးရေလျှံမှုကြောင့် တံတား ၉၈ စင်းပျက်စီး ဆုံးရှုံးမှုတန်ဖိုး ၂ ဒသမ ၉ ဘီလီယံနီးပါးရှိ

**ရန်ကုန် ဩဂုတ် ၁၁**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ရေကြီး ရေလျှံဖြစ်ပေါ်မှုကြောင့် လမ်း ၄၄ လမ်းနှင့် တံတား ၉၈ စင်း ပျက်စီးခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

လမ်းနှင့် တံတားပျက်စီးမှုများအား ပြန်လည်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက "ပျက်စီးခဲ့တဲ့ လမ်းတွေ ပြင်ဆင်ပြီးစီးမှုအနေနဲ့ ၇၀ ရာခိုင်နှုန်းလောက် ပြင်ဆင်ပြီးတော့ သွားလာနိုင်နေပါပြီ။ ကျန်တဲ့ ရာခိုင်နှုန်းအပိုင်းတွေကိုလည်း ပြင်ဆင်လျက်ရှိပါတယ်။ တံတားအနေနဲ့လည်း ၉၈ ပျက်စီးခဲ့တာမှာ ၅၆ စင်း ပြင်ဆင်ပြီးစီးသွားပါပြီ။ ၄၂ စင်းကတော့ ဆက်လက်ပြုပြင်နေဆဲဖြစ်ပါတယ်။ တံတားပြင်ဆင်မှုကို ရာခိုင်နှုန်းအားဖြင့် ပြောမယ်ဆိုရင် ၆၀ ရာခိုင်နှုန်းလောက် ပြင်ဆင်ပြီးစီးသွားပါပြီ" ဟု ပြောကြားခဲ့သည်။

ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့သည် ပျက်စီးမှုအများဆုံးဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဖြစ်ကြောင်း သိရှိရပြီး ပထမဦးစားပေးအနေဖြင့် ဂန့်ဂေါ-ဟားခါးလမ်းနှင့် ဒုတိယဦးစားပေးအနေဖြင့် ကလေး-ဟားခါးလမ်းတို့ကို လမ်းပွင့်အောင် ဆောင်ရွက်ခဲ့ကြောင်း လမ်းတံတားဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ပြောသည်။

"စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသက ပျက်စီးတဲ့နေရာတွေ ပြင်ဆင်ဖို့ တချို့နေရာတွေမှာ လမ်းပြတ်တောက်သွားတာဖြစ်တဲ့အတွက် ဒီနေရာတွေကို ပြင်ဆင်ဖို့ စက်ယာဉ်ယန္တရား ပို့ဆောင်နိုင်ဖို့ ကြိုးစားလုပ်ဆောင်ခဲ့ရပါတယ်။ ချင်းပြည်နယ်ကို သွားဖို့ ဂန့်ဂေါ-ဟားခါးလမ်းနဲ့ ကလေး-ဟားခါးလမ်း နှစ်လမ်းပဲရှိပြီးတော့ ဒီလမ်းနှစ်လမ်းလုံးမှာ ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

ပထမအနေနဲ့ ဂန့်ဂေါ-ဟားခါးလမ်းက ပြင်ဆင်ဖို့ လုပ်ဆောင်ရာမှာ ရေတွေ ထွက်နေသေးလို့ လမ်းဖောက်လို့မရတဲ့ အခြေအနေမို့ ဒုတိယအနေနဲ့ ကလေး-ဟားခါးလမ်းကို ပြင်ဆင်ဖို့ လုပ်ဆောင်ပြီး လမ်းပွင့်အောင် လုပ်ဆောင်ခဲ့ပါတယ်။

နောက်ပြီး ကလေး-ဟားခါးလမ်း ပွင့်သွားတဲ့အတွက် ကလေးဘက်မှာလည်း ကလေး-ဂန့်ဂေါလမ်းနဲ့ ကလေး-ကလေးဝလမ်းအတွက် ဆောင်ရွက်ရပါတယ်။ အခု ကလေး-ကလေးဝလမ်းက ရေကျသွားတော့ အသုံးပြုလို့ရပါပြီ။ ကလေး-ဂန့်ဂေါ လမ်းကတော့ ကမ်းပါးနီတံတား ပျက်စီးမှုရှိနေတော့ ဒီတံတား ပြင်ဆင်မှုကို ဆောင်ရွက် နေပါတယ်" ဟုလည်း လမ်းတံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆက်လက် ပြောသည်။

"အခုရေကြီးရေလျှံဖြစ်ပေါ်ခဲ့တဲ့ ဒေသတွေထဲက တချို့နေရာတွေမှာ လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်ခဲ့ပါတယ်။ အခုတော့ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နဲ့ မကွေးတိုင်းဒေသကြီးတွေမှာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မရှိတော့ပါဘူး။ စစ်ကိုင်းဒေသကြီးက တမူးကို သွားမယ်ဆိုရင် ကလေး-ဂန့်ဂေါလမ်းက အသုံးပြုသွားလာလို့ မရပေမယ့် မုံရွာ-ရေဦးဘက်က သွားလို့ ရပါပြီ။

ချင်းပြည်နယ် မြောက်ပိုင်းမှာဆိုရင်လည်း ကလေး-ဖလမ်း-ဟားခါးဘက်က တစ်ဆင့် သွားလို့ရပါတယ်။ ချင်းပြည်နယ်တောင်ပိုင်းကတော့ မင်းတပ်-မတူပီဘက်ကတော့ လမ်းပန်း ဆက်သွယ်ရေး အခုချိန်မှာ အခက်အခဲရှိပေမယ့် လကုန်ရက်မှာ သွားလာနိုင် အောင် ဆောင်ရွက်နေပါတယ်" ဟုလည်း လမ်းဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးစောဝင်းနိုင်က ပြောကြားခဲ့သည်။

တံတားပျက်စီးမှုများအား ပြင်ဆင်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပြီး ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် တံတားများသည် ပေ ၃၀၊ ပေ ၄၀ ရှိသည့် တံတားငယ် များဖြစ်ကြောင်း၊ ပြင်ဆင်ဆောင်ရွက်မှုအပိုင်းကို ယခုလ လကုန်ရက်ပိုင်းတွင် အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက သိရသည်။

"အခု ပျက်စီးခဲ့တဲ့ တံတား ၉၈ စင်း ပျက်စီးခဲ့တာမှာ ၅၆ စင်းက ပြင်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ ၄၂ စင်း ပြင်ဆင်ဆောင်ရွက်ဆဲဖြစ်ပြီးတော့ ဒီလိုပြင်ဆင် ဆောင်ရွက် တာကို အခုလ ၃၁ ရက်နောက်ဆုံးထားပြီး ပြင်ဆင်သွားပါ့မယ်။ တစ်ချို့ တံတားတွေက ၃၁ ရက်မတိုင်ခင် ပြင်ဆင်ပြီးစီးမှာဖြစ်ပါတယ်။ အခု ပျက်စီးခဲ့တဲ့ တံတားတွေဟာ ပေ ၃၀၊ ပေ ၄၀ စတဲ့ တံတားငယ်လေးတွေပါ။

"ဒီတံတားတွေဟာလည်း ရေများတဲ့ အခါ ရေလမ်းကြောင်း ပိတ်ပြီး အောက်ခြေ လှိုက်စားပြီး ချဉ်းကပ်တံတားတွေ ကမ်းကပ်ခုံတွေ ပျက်စီးမှုဖြစ်ပေါ်တာ တွေ့ရပါတယ်။ တံတားပျက်စီးမှုတန်ဖိုးအားဖြင့် ၂ ဒသမ ၉ ဘီလျံနီးပါးရှိပါတယ်။ ဒီတံတားတွေ၊ ယာယီပြင်ဆင်မှုတန်ဖိုးကတော့ ၂ ဒသမ ၅ ဘီလီယံဖြစ်ပြီး အမြဲတမ်း တည်ဆောက်မှုအတွက် ၇ ဒသမ ၂ ဘီလီယံဖြစ်ပါတယ်" ဟု တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ပြောကြားခဲ့သည်။

**ဟန်နီဝင်း**



## မိုးရွာသွန်းမှုကြောင့် ပုဂံနယ်မြေရှိ ဘုရားတစ်ဆူပြိုကျပျက်စီး

**ညောင်ဦး ဩဂုတ် ၁၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသတွင် မိုးမပြတ်ရွာသွန်းသည့် ရာသီဥတုဒဏ်ကြောင့် ပုဂံမြို့ ရေတော်မုနိဘုရားတောင်ဘက်ရှိ ဘုရားအမှတ် ၁၇၅၂ ဘွဲ့တော်မရှိသည့် ဘုရားတစ်ဆူသည် ဩဂုတ် ၉ ရက် မွန်းလွဲ ၂နာရီခွဲခန့်က ပြိုကျပျက်စီးခဲ့သည်။

အဆိုပါဘုရားမှာ တစ်ထပ်လိုဏ်ဂူ ကွမ်းတောင်ပေါက်ဘုရားဖြစ်ပြီး ညဏ်တော်အမြင့်ပေ ၃၀၊ တိုက်ပန္နက်အကျယ်ပေ ၂၀ ခန့်ရှိကြောင်း၊ ယခုခေတ်အလှူရှင်များ ပြန်လည်ပြုပြင်မွမ်းမံသည့် ဘုရားတစ်ဆူဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါပြိုကျပျက်စီးသွားသော ဘုရားအား အမြန်ပြန်လည် ပြုပြင်နိုင်ရေးအတွက် ရှေးဟောင်းသုတေသနဌာန (ပုဂံဌာနခွဲ)မှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

## ကလေးမြို့တွင်း စာသင်ကျောင်းများ ခေတ္တပိတ်ထားရာမှ ပြန်လည်ဖွင့်လှစ်

**ကလေး ဩဂုတ် ၁၁**

ကလေးမြို့တွင် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၃ ရက်အထိ ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများရေနစ်မြုပ်ခဲ့ရာ ကျေးရွာများနှင့် အနိမ့်ပိုင်းရပ်ကွက်များတွင် ရေနစ်မြုပ်မှုဖြစ်ပွား၍လည်းကောင်း၊ ကုန်းမြင့်ပိုင်းရှိ စာသင်ကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိ၍လည်းကောင်း စာသင်ကျောင်းများ ခေတ္တပိတ်ထားရသည်။

သို့ရာတွင် ယခုအခါ ရေပြန်လည်ကျသွားပြီဖြစ်၍ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသော အထက(၁)နှင့် (၅)တို့တွင် တက္ကသိုလ်ဝင်တန်းကိုလည်းကောင်း၊ အထက(၂)၌ နံနက်ပိုင်းတွင် အလယ်တန်းနှင့် ညနေပိုင်း တွင် အထက်တန်းကိုလည်းကောင်း၊ အထက(၃)တွင် စတုတ္ထတန်းမှ တက္ကသိုလ်ဝင်တန်းအထိလည်းကောင်း၊ အထက(ခွဲ)များဖြစ်သော ဆည်တော်ဦး၊ သာစည်၊ ရာဇဗြိုဟ်၊ ကြက်ဖနက်၊ အမက(၁၁)၊ နန်းကျင်းဆောင်နှင့် အလက(ခွဲ)များဖြစ်သော ခုံသာ၊ နတ်မြောင်း၊ ဥယျာဉ်၊ ကင်မွန်းခြံ၊ ပေါက်တော၊ ကျီကုန်း၊ မြစိမ်း၊ ကံဦး၊ ကံကြီး၊ ဇင်းကလင်း၊ ရေလဲဦး စာသင်ကျောင်းတို့သည် ယခုလ ၇ ရက်မှစ၍ ပြန်လည်၍ စာသင်ကြားနေပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် နှမ်းစိုက်တောင်သူများအရှုံးပေါ်လျက်ရှိနေ

**မြိန်အောင် ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ မြေနုကျွန်းရွာများတွင်စိုက်ပျိုးသောနှမ်းများ မြစ်ရေလျှင်မြန်စွာတက်လာသဖြင့် ထက်ဝက်ခန့် ရိတ်သိမ်းချိန်မမီဘဲ မြစ်ရေထဲသို့မျောပါခြင်း၊ အပင်လိုက်ရေအောက်ရောက်ခြင်းများကြောင့် နှမ်းစိုက်တောင်သူများအရင်းမရဘဲ ရသလောက်ကိုသာ အချိန်မီ မြန်အောင်ဘက်ကမ်းသို့ပို့၍ ချွေလှေ့ခဲ့ကြရကြောင်းဟု မြို့မရေလယ်ကျွန်းမှ နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ရေလယ်ကျွန်းတွင်နေထိုင်သူ အမျိုးသမီးတစ်ဦးက "ခုလိုမြစ်ရေမတက်တာ ၁၃ နှစ်လောက်ရှိပြီ၊ ခါတိုင်းနှစ်တွေမြစ်ရေတက်တယ်ဆိုတာလည်း ခြေခုံလောက်ပဲမြုပ်တာ၊ ခုတော့ မြစ်ရေက ရွာထဲမှာတင်လူတစ်ရပ်ကျော်တယ်။ ခါတိုင်းနှစ်လိုထင်လို့နှမ်းတွေကို ဒီတိုင်းထားလိုက်တာ ထက်ဝက်လောက် မြစ်ထဲမျောပါသွားတယ်" ဟု ပြောသည်။

"မိုးတွေကလည်းရွာတယ်။ မြစ်ရေကလည်း တက်တာမြန်တော့ ရသလောက် နှမ်းတွေကို မော်တော်နဲ့ ငှားတင်လာရတာ မော်တော်ခ သုံးသောင်း၊ လုပ်အားခက လေးသောင်း စုစုပေါင်း ခုနစ်သောင်းလောက်ကုန်တယ်။ အရင်းပြန်ရဖို့ နေနေသာသာ စိုက်စရိတ်တောင်ပြန်မရဘူး။ ရေကလည်းတက်တော့ သုံးစရာမရှိတာကြောင့် မြန်အောင်က ဇေယျာသာရီဘုရားကြီးကွင်းထဲမှာ လာလှန်းကြရတာ။ ကျွန်တော်တို့ မြို့မရေလယ်ကျွန်းကတောင်သူ ၃၅ ဦးပေါ့။ ရွှေဘုံသာဘုရားမှာလည်း တချို့တစ်ဝက်ရှိသေးတယ်။ ငွေသုံးဖို့ရအောင် လုပ်နေရတာပါ။



အရင်းကတော့ဆုံးပါပြီ" ဟု ယင်းဒေသရှိ တောင်သူတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ တောင်သူများမှာ နှမ်းဆုံးရှုံးခြင်းအပြင် အခြားစိုက်ပျိုးရန်သိုလှောင်ထားသော ပဲအမျိုးမျိုး၊ မွေးမြူထားသောကြက်၊ ဝက်၊ ဘဲများကို ရသလောက်ဈေးနှုန်းဖြင့် ရောင်းချခဲ့ရကြောင်း၊ နွားများကိုလည်း မြန်အောင်ဘက်ကမ်းသို့ ပို့ထားရသဖြင့် နွားတစ်ကောင်အတွက်မော်တော်ခနှင့်အခြားကုန်ကျစရိတ်များ တစ်သောင်းကျပ်ပေးရကြောင်းဒေသခံများ၏ ပြောကြားချက်အရသိရသည်။

မြစ်ရေမှာလည်း အရင်နှစ်များရေတက်စဉ်က ရေကြည်သော်လည်း ယခုနှစ်ရေတက်စဉ်မြစ်ရေမှာ ရေချိုးလို့ပင်မရအောင် နောက်ကျိနေပြီး သောက်သုံးရေအပြင်ချိုးရေပါ အခက်အခဲဖြစ်နေရကြောင်း၊ မိုးရွာပါမှ မိုးရေကိုခံသိုလှောင်ထားပြီးသုံးနေရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အရှေ့ဘက်ကမ်းနေသူတစ်ဦးကလည်း "မြစ်ရေက ဝါဆိုလပြည့်နေ့ကတည်းက တက်တာ ခုထက်ထိ ထင်သလောက် မကျသေးဘူး။ ရွာထဲမှာ ခါးလောက်ရေရှိနေသေးတယ်၊ ကယ်ဆယ်ရေးပစ္စည်းတွေ လာပေးတဲ့အလှူရှင်တွေလည်း အများကြီးလာပါတယ်။ ရေသန့်ဆေးတွေနဲ့ ရေသန့်ဘူးတွေလည်း လာပေးကြတယ်။ နောက်ပိုင်းရေကျသွားလို့ ပြန်ပြီးစိုက်ရ ပျိုးရရင်တော့ ကျွန်တော်တို့မှာ မျိုးအတွက်အခက်အခဲ နည်းနည်းရှိပါတယ်" ဟု ပြောသည်။

မြေနုကျွန်းများတွင်နေသူများမှာ ဆုံးရှုံးမှုများရှိနေပြီး နောက်ပိုင်းတွင် အဝီစိတွင်းများပါ ရေမြုပ်သွားသဖြင့် သောက်ရေသုံးရေ အခက်အခဲ ပိုရှိလာနိုင်ကြောင်းနှင့် စိုက်ပျိုးရန်မျိုးပဲများ လိုအပ်ကြောင်း သိရသည်။**နေဝင်းဇော်(မြန်အောင်)**

## ရန်ကုန် အမျိုးသားရေးအင်အားစုမှ ရေဘေးသင့်ပြည်သူများသို့လှူဒါန်း

**မိတ္ထီလာ ဩဂုတ် ၁၁**

ရန်ကုန်မြို့ရှိ မြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့ကိုးခုဖြင့် စုပေါင်းဖွဲ့စည်းထားသည့် အမျိုးသားရေးအင်အားစုမှ နိုင်ငံအနှံ့အပြားရှိ ရေဘေးသင့်ပြည်သူများအား ပရဟိတရေဘေးအလှူများ သွားရောက်ပြုလုပ်လျက်ရှိကြောင်း ၎င်းအဖွဲ့မှ တာဝန်ခံအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ကိုတင်ဌေးအောင်က ပြောသည်။

"ဆရာတော် အရှင်ကဥ္စနေဘာ (MRTV-4ဆရာတော်) ဦးဆောင်မှုနဲ့ မြောက်ဥက္ကလာ၊ တောင်ဒဂုံ၊ သာကေတစတဲ့မြို့နယ်များက လူမှုရေးအသင်းအဖွဲ့ကိုးဖွဲ့ စုပေါင်းထားတဲ့ အမျိုးသားရေးအင်အားစု ရေဘေးအလှူကို နိုင်ငံအနှံ့အပြားက ရေဘေးသင့်ဒေသက ပြည်သူတွေဆီကို လှည့်လည်သွားရောက်ပြီး ကယ်ဆယ်ရေးပစ္စည်းတွေ ထောက်ပံ့ကူညီလှူဒါန်းကြတာပါ။

"အဓိက ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ ဆေးဝါးပစ္စည်းတွေနဲ့ အခြားကယ်ဆယ်ရေးပစ္စည်းမျိုးစုံကို လှူဒါန်းနေကြတာပါ။ ဒီနေ့ ညောင်ဦးမှာလှူဒါန်းပြီး ညောင်ဦးကတစ်ဆင့် မကွေးတိုင်း ပခုက္ကူမြို့နယ်အတွင်းမှာရှိတဲ့ ကျွန်းသီရိ၊ ချမ်းသာကြီး၊ အနောက်ဆယ်လံ၊ ငွေတောင် ကျေးရွာများကို သွားရောက်လှူဒါန်းကူညီမှာဖြစ်ပါတယ်။

"ညောင်ဦးမှာ လာရောက်လှူဒါန်းတဲ့သူအများစုက ညောင်ဦးပြီးမှာပဲ လှူကြတာများတယ်။ ဟိုဘက်ကို မော်တော်(စက်လှေ)နဲ့ ကူးပြီး လှူတဲ့သူရှားတော့ ကျွန်တော်တို့အဖွဲ့တော့ ရောက်အောင်သွားလှူမှာဖြစ်ပါတယ်။ ကလေး၊ မိုးညို၊ မြန်အောင်စတဲ့ မြို့တွေဘက်ကိုလည်း သွားရောက်လှူဒါန်းခဲ့ပါပြီ။ နောက်တစ်နေ့မှာ ကျွန်တော်တို့အဖွဲ့သားတွေ ဇလွန်ဘက်ကို သွားရောက်လှူဒါန်းကြမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း တောင်ဘီကျေးရွာအုပ်စု အရှေ့ဆယ်လံကျေးရွာမှ ရေဘေးရှောင် မိသားစု ၂၆၄ စု လူဦးရေ ၁၁၆၀ တို့အား ဘုန်းတော်ကြီးကျောင်းငါးကျောင်းတွင် သက်ဆိုင်ရာတာဝန်ရှိသူများက နေရာချထား၍ လိုအပ်သည်များ ပံ့ပိုးကူညီစောင့်ရှောက်ထားပြီး အလှူရှင်များက ကယ်ဆယ်ရေးပစ္စည်းများ နေ့စဉ် လာရောက်လှူဒါန်းလျက်ရှိသည်။

အရှေ့ဆယ်လံရွာနှင့် ကပ်လျက်တည်ရှိသည့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အနောက်ဆယ်လံကျေးရွာမှ မိသားစု ၁၂၅ စု လူဦးရေ ၅၅၂ ဦး၊ အရှေ့သီရိကျေးရွာ မိသားစု ၂၀၀ စု လူဦးရေ ၉၆၄ ဦး၊ အနောက်သီရိကျေးရွာ မိသားစု ၁၉၃ စု လူဦးရေ ၁၁၁၀ ဦး၊ ချမ်းသာကြီးကျေးရွာ မိသားစု ၂၂၂ စု လူဦးရေ ၁၁၂၉ ဦး၊ ငွေတောင်ကျေးရွာ မိသားစု ၁၇၂ စု လူဦးရေ ၉၀၇ ဦးတို့အား ယာယီရေဘေးရှောင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့သည်။

စားဝတ်နေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်အလှူရှင်များက နေ့စဉ်ကူညီစောင့်ရှောက်လှူဒါန်းလျက်ရှိသည်။ **ချမ်းသာ (မိတ္ထီလာ)**




# တရားဝင်ဂျူတီတန်ဖိုးကြောင့် ဆိုင်ကယ်တင်သွင်းမှုလျော့ကျ

**မြဝတီ ဩဂုတ် ၁၁**

ကရင်ပြည်နယ် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှ တရားဝင်ဂျူတီဖြင့် တင်သွင်းနေသော ဆိုင်ကယ်များ ဂျူတီတန်ဖိုး ကြီးမြင့်လာခြင်းကြောင့် ယခင်ကထက် တင်သွင်းမှုလျော့နည်းလာသည်ဟု ဂျူတီဆောင် တင်သွင်းလျက်ရှိသော ကုန်သည်များ၏ပြောကြားချက်အရ သိရသည်။

"ကျွန်တော်တို့ အရင်က တစ်လကို ခြောက်ဘီးကားဖြင့် မြန်မာပြည်အတွင်းကို ၁၀ ခေါက်လောက်တင်ပို့ပေးခဲ့ရပါတယ်။ အခုအချိန်မှာတစ်လကို နှစ်ခေါက်သာတင်ပို့နိုင်တော့ပါတယ်။

နောက် စီးပွား/ကူးသန်းက ဆိုင်ကယ်တစ်စီးကို ဂျူတီဆောင်ရန် ဒေါ်လာ ၉၂၀ သတ်မှတ်ထားပေမယ့်လည်း အခုအချိန်မှာ ဆိုင်ကယ်တစ်စီးကိုဒေါ်လာ ၁၇၀၀ ပေးသွင်းရတဲ့အတွက် ဆိုင်ကယ်တင်ပို့မှုများ လျော့နည်းလာရခြင်းဖြစ်တယ်။

ဆိုင်ကယ်တစ်စီးကို အရင်က အခွန်မြန်မာငွေကျပ် ၁၃၀၀၀၀ က အခုအခါမြန်မာငွေကျပ် ၂၃၀၀၀၀ အထိတိုးတက်လာတယ်။ ကြည့နဌာနကို ကျပ် ၅၀၀၀၀ ထပ်မံပေးဆောင်ရတဲ့အတွက် ဂျူတီအခြားဝန်ဆောင်စရိတ်များ တိုးတက်လာမှုတွေကြောင့် ဆိုင်ကယ်ဈေးနှုန်းများ မြင့်တက်ခဲ့ရပြီး သွင်းကုန်ဝန်ဆောင်မှုများ လျော့ကျလာခြင်းဖြစ်ပါတယ်" ဟု ဂျူတီဆောင်ပြီး ဆိုင်ကယ်များ တင်သွင်းနေသော လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ဆိုင်ကယ်များအနက် Click 125 i နှင့် Scoopy i အမျိုးအစားများကို အများဆုံးတင်သွင်းလျက်ရှိပြီး ခြောက်ဘီးတစ်စီးလျှင် ဆိုင်ကယ် ၃၂ စီး၊ ၁၂ ဘီးကားတစ်စီးလျှင် ဆိုင်ကယ် ၄၅ စီးခန့်တင်ဆောင်၍ မြန်မာပြည်အရပ်ရပ်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ယိုးဒယားနယ်စပ် မြဝတီမြို့မှ မြန်မာနိုင်ငံအရပ်ရပ်သို့ ကုန်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်နေသောယာဉ်မောင်းတစ်ဦးက "ကျွန်တော်တို့ ဂျူတီဆောင်ပြီးတင်သွင်းလာတဲ့ဆိုင်ကယ်တွေ တင်ဆောင်မောင်းနှင်ရတာ ကျွန်တော်တို့အတွက်ပိုမိုအဆင်ပြေတယ်၊ လုံခြုံမှုလည်းရှိတယ်လို့ ထင်ပါတယ်။ ကျွန်တော့် သူငယ်ချင်းယာဉ်မောင်းတွေ ဆိုင်ကယ်များကို ဂျူတီဆောင်ပြီးသားလို့ယူဆပြီး တင်ဆောင်ခဲ့ရာက မြဝတီကုန်သွယ်ရေးဇုန်ကို ကျော်ဖြတ်ပြီး သံလွင်တံတားစစ်ဆေးရေးဂိတ်ရောက်မှ ဖမ်းဆီးခံခဲ့ရတဲ့ ဖြစ်ရပ်တွေကြောင့်အမှုရင်ဆိုင်ခဲ့ရဖူးတာတွေရှိပါတယ်။

ကျွန်တော်တို့ ယာဉ်မောင်းတွေက ခေါက်ကြေးလောက်သာ ရပါတယ်။ ကုန်သည်တွေက ဂျူတီဆောင်ပြီးသား စာရွက်စာတမ်းတွေကို သက်ဆိုင်ရာစစ်ဆေးရေးဂိတ်တွေမှာ ပြပြီး တာဝန်ရှိသူတွေရဲ့စစ်ဆေးမှုကို ခံရတာပါ။

စစ်ဆေးခံယူလို့ပြီးပြည့်စုံမှ စစ်ဆေးရေးဂိတ်တွေကို ကျော်ဖြတ်မောင်းနှင်ခဲ့ရတာပါ။ တချို့ဝိသမလောဘသားကုန်သည်တွေက ဂျူတီဆောင်စာရွက်အဟောင်းနဲ့ ဆိုင်ကယ်တွေ တင်ဆောင်တာတွေရှိသလို၊ တချို့က တစ်ဝက်သာ ဂျူတီဆောင်ပြီး ဂျူတီမဲ့ကို ရောတင်တာတွေလည်း ရှိခဲ့ပါတယ်။

"တချို့ဆို ဘာဂျူတီမှမရှိဘဲ အရင်ဂျူတီဆောင်ထားတဲ့ စာရွက်အဟောင်းနဲ့ ဂျူတီမဲ့ပစ္စည်းတွေကို ခပ်တည်တည်နဲ့ စစ်ဆေးရေးဂိတ်တွေကို နည်းလမ်းမျိုးစုံနဲ့ ဖြတ်ကျော်ခဲ့တာတွေလည်းရှိခဲ့တော့ တိတိကျကျစိစစ်တဲ့ စစ်ဆေးရေးအဖွဲ့နဲ့ ကြုံတွေ့တဲ့အခါ ဆိုင်ကယ်တွေလည်း ဖမ်းဆီးခံရ၊ မော်တော်ယာဉ်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ အမှုရင်ဆိုင်ခဲ့ရတဲ့ အဖြစ်မျိုး ကြုံတွေ့ခဲ့ရဖူးပါတယ်။

ဂျူတီ စာရွက်စာတမ်းတွေက အင်္ဂလိပ်လို ရေးထားတာမို့ မဖတ်တတ်တာတွေကြောင့် ယာဉ်မောင်းတွေဟာ ကိုယ်တင်ဆောင်လာတဲ့ ပစ္စည်းတွေကို ဂျူတီမဲ့ပစ္စည်းလား၊ ဂျူတီစာရွက်အဟောင်းလား၊ အတုလား၊အစစ်လား မခွဲခြားတတ်ဘူးလေ။ တကယ်ဆိုရင် ယာဉ်ပေါ်မှာ အမှန်အကန်တိတိကျကျ အခွန်ဆောင်လာတဲ့ ပစ္စည်းတွေဖြစ်ဖို့လိုပါတယ်။ ဒါမှသာကျွန်တော်တို့ ယာဉ်မောင်းတွေတွက် ဘေးကင်းလုံခြုံစိတ်ချရတဲ့ ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာ ပြည့်ပြည့်ဝဝ ရရှိနိုင်မှာပါ" ဟု ယာဉ်မောင်း ဦးသိန်းဇော်က ၎င်း၏ အတွေ့အကြုံများကိုပြောခဲ့သည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## မကွေးမြို့၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်းပေး

**မကွေး ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး စက်မှုဝန်ကြီးဌာန အမှတ်(၅)စက်မှုသင်တန်းကျောင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ဩဂုတ် ၈ ရက်မှစပြီး အပတ်စဉ် (၅) အခြေခံရှေးဦးပြုစုခြင်းသင်တန်းကို ယင်းကျောင်းမှ စက်မှုသင်တန်းတက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူ ၉၃ ဦးအား စနေ၊ တနင်္ဂနွေနေ့များတွင် သုံးပတ်သင်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းနည်းပြအဖြစ် ကြက်ခြေနီ ဒု-တပ်ရင်းမှူးဦးမြင့်သိန်း၊ မြို့နယ်တပ်ခွဲမှူးဦးလှဝင်း(ပြန်/ဆက်အရာရှိ)၊ဦးခိုင်သန်းဦး ကြက်ခြေနီတပ်ခွဲမှူး၊ မြို့နယ် ဒု-တပ်ခွဲမှူးဒေါ်ခင်သန်းဦး၊ အရန်တပ်ဖွဲ့ဝင်နှစ်ဦးတို့ဖြစ်သည်။

အဆိုပါကျောင်းမှစက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးဦးသန့်ဇင်ကယုဉ်ပြိုင်စွမ်းရည်မြင့်မားသော လုပ်သားအင်အားစုနှင့် အဆင့်မြင့်နည်းပညာများကို ဆက်လက်သင်ယူလေ့လာနိုင်မှုရှိသော ကျွမ်းကျင်ပညာရှင်များ နိုင်ငံအနှံ့မွေးထုတ်ပေးနိုင်ရေးအတွက်လည်းကောင်း တိုင်းပြည်၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမောင်းနှင်အားဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်နှင့်ကဏ္ဍအလိုက် သင့်တင့်လုပ်ငန်းခွင်များတွင် တာဝန်ယူထမ်းဆောင်နိုင်စေရန်၊ ပြည်တွင်း ကျွမ်းကျင်လုပ်သားများ လိုအပ်ချက် မညီမျှမှုအား တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးတို့ကြောင့် ကြက်ခြေနီ အခြေခံရှေးဦးပြုစုခြင်းများလည်း တွဲဖက်၍ ကျောင်းသား ကျောင်းသူများအား သင်ပေးရခြင်းဖြစ်သည်။

ကြက်ခြေနီ ဒု-တပ်ရင်းမှူးဦးမြင့်သိန်းက "ကြက်ခြေနီ ရှေးဦးပြုစုခြင်းအတတ် ပညာဟာ အသက်ပေါင်းများစွာကို ကာကွယ်နိုင်ပြီး ကယ်တင်နိုင်ပါတယ်။မိသားစုတိုင်းမှာလည်း ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ယောက် ရှိသင့်တယ်။ အခုသင်တန်းကျောင်းဆိုတော့ ကျောင်းသား ကျောင်းသူတွေ စာတွေ့လက်တွေ့ စက်မှုပိုင်းသင်ကြားရတော့ ပညာပေးခြင်း၊ ကာကွယ်ပေးခြင်း ပြုစုပေးခြင်းများ သင်ကြားပေးနေပါတယ်။

" လက်တွေ့သင်ကြားပေနေတာကတော့ အပူလောင်ခြင်း၊ အဆိပ်သင့်ခြင်း၊ မြွေကိုက်လူနာပြုစုနည်း၊ သွေးယိုထွက်ခြင်းကို ထိန်းချုပ်နည်းတို့အပြင် ဒဏ်ရာအမျိုးမျိုး အရေးပေါ်အခြေအနေကြုံတွေ့ရတဲ့အခါ ကာကွယ်ကုသနည်းတွေလည်း လက်တွေ့သင်ကြားပေးပါတယ်။ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကြက်ခြေနီ အခြေခံရှေးဦးပြုစုခြင်း သဘောတရားမှတ်တမ်းစာအုပ်များလည်း ပေးထားပါတယ်" ဟု ပြောပြသည်။

**ခွဲထက်ရှင်**

## ကလေးမြို့သို့ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ ပို့ဆောင်

**မုံရွာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ရေဘေးသင့်မှုကြောင့် ပျက်စီးခြင်းနှင့် ရေနစ်မြုပ်ခြင်းဖြစ်ပေါ်ခဲ့သည့် ဓာတ်အားပေးစက်များ၊ ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းများကို အသစ်ပြန်လည် လဲလှယ်ခြင်း၊ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပစ္စည်းများကို ရန်ကုန်နှင့် နေပြည်တော်မှ မုံရွာမြို့သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ကလေးဒေသမှ ပြည်သူများ လျှပ်စစ်ဓာတ်အား အဆင်ပြေစွာ အမြန်သုံးစွဲနိုင်ရေးအတွက် ထိုလျှပ်စစ်ပစ္စည်းများကို မုံရွာမြို့မှ ကလေးဝမြို့သို့ ဇက်ရေယာဉ်များဖြင့်လည်းကောင်း၊ ကလေးဝမြို့မှ ကလေးမြို့သို့ ကုန်းလမ်းဖြင့်လည်းကောင်း ဆက်လက်၍ ပို့ဆောင်လျက်ရှိကာ အဆိုပါပစ္စည်းများရောက်ရှိပါက အမြန်ပြုပြင် လဲလှယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**




### စက်ရုံဝန်ထမ်း အလိုရှိသည်

၁။ အရောင်းမန်နေဂျာ(အမျိုးသား)တစ်ဦး
- လစာ ၃သိန်းနှင့်အထက်
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်
- တက္ကသိုလ် တစ်ခုခုမှဘွဲ့ရပြီးသူ
- Marketing & Sales လုပ်ငန်းအတွေ့အကြုံရှိရန်
- လူအများနှင့်ပြောဆိုဆက်ဆံရေးကောင်းမွန်နိုင်သူဖြစ်ရမည်။
- ခရီးဝေးသွားလာနိုင်ရမည်။
- ယာဉ်မောင်းလိုင်စင်ရှိပြီး၊ ကားမောင်းတတ်ရမည်။
- စက်ရုံလုပ်ငန်း အတွေ့အကြုံရှိသောသူအား ဦးစားပေးမည်။

၂။ စက်ရုံစာရင်းကိုင်(အမျိုးသမီး)တစ်ဦး
- လစာ ၂သိန်းနှင့်အထက်
- LCCI Level(1,2) အောင်မြင်ထားသူဖြစ်ရမည်။
- ကွန်ပျူတာဖြင့် ကျွမ်းကျင်စွာ စာရင်းကိုင်နိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
- လချုပ်၊ နှစ်ချုပ်စာရင်းများ ရေးဆွဲနိုင်သူဖြစ်ရမည်။

အမှတ်(၁)နှင့် (၂)အတွက် လျှောက်ထားသူများသည် ရန်ကုန်လှိုင်သာယာ၊ မြစိမ်းရောင်စက်မှုဇုန်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။
သွားလာနေထိုင်မှု အဆင်ပြေစေရန် ညှိနှိုင်းပေးမည်။
CV Form လျှောက်ထားလိုသူများသည်-

ရန်ကုန်ရုံးခွဲ
လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်စက်မှုဇုန်၊ Gate(4)၊ အကွက် No.(20)၊ လှိုင်သာယာ နည်းပညာတက္ကသိုလ်အနီး
ဆက်သွယ်ရမည့်ဖုန်းနံပါတ်-၀၉-၄၄၄၀၂၇၆၆၆

မန္တလေးရုံးခွဲ
၃၆လမ်း၊ ၈၀×၈၁လမ်းကြား၊ No.167
ဆက်သွယ်ရမည့်ဖုန်းနံပါတ်-၀၉-၉၇၆၇၇၈၁၈၆

# ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် ကုန်ဈေးနှုန်းတည်ငြိမ်စေရန် ပူးပေါင်းဆွေးနွေး

**ရန်ကုန် ဩဂုတ် ၁၁**

ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် ကုန်ဈေးနှုန်း မတည်ငြိမ်မှုများ မဖြစ်ပေါ်စေရေး ပူးပေါင်းဆောင်ရွက်သည့် အစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ပြီး ကုန်သည်အသင်းအဖွဲ့များ၊ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များလည်း တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် ဆန်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်ဟု လည်း သိရသည်။

"အခုဆိုရင် ရေဘေးသင့်ဒေသတွေမှာ ဆန်လက်ကားဆိုင်ဖွင့်ဖို့ စီစဉ်လျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် မုံရွာနဲ့ ရွှေဘိုမြို့၊ မကွေးတိုင်းဒေသကြီးမှာဆိုရင် မကွေးမြို့၊ မင်းဘူးမြို့နဲ့ ပွင့်ဖြူမြို့၊ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းမှာ ပြည်မြို့နဲ့ နတ္တလင်းမြို့၊ မန္တလေးတိုင်းဒေသကြီးမှာ မန္တလေးမြို့ဟောင်းဂိုဒေါင်၊ ရန်ကုန်မှာ ဝါးတန်းကုန်စည်ဒိုင်နဲ့ ဘုရင့်နောင် ကုန်စည်ဒိုင်၊ ရခိုင်ပြည်နယ်မှာစစ်တွေ ကုန်သည်ကြီးများအသင်း စုစုပေါင်းဆန်လက်ကားဆိုင် ၁၁ ဆိုင်ဖွင့်လှစ်ဖို့ ဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားခဲ့သည်။

"သက်သက်သာသာနဲ့ ရောင်းချပေးမှာပါ။ ရောင်းချမယ့် နေရာဒေသတွေမှာ သယ်ယူစရိတ် အနည်းအများရှိတဲ့အတွက် ဈေးနှုန်းက အနည်းငယ် ကွာခြားနိုင်ပါတယ်။ ဒါပေမယ့် အမြတ်မယူပါဘူး။ ဈေးရင်းအတိုင်းရောင်းချပေးသွားမှာပါ။

ဒီဒေသတွေမှာဈေးနှုန်းပုံမှန်နဲ့ မူလအခြေအနေရောက်သည်အထိ ရောင်းချပေးသွားမှာပါ။ ကျွန်တော်တို့ နိုင်ငံရဲ့ တစ်လဆန် စားသုံးမှုဟာတန်ချိန် ရှစ်သိန်းရှိပါတယ်။

"ကျွန်တော်တို့ ပြည်တွင်းမှာစားသုံးဖို့ လုံလောက်တဲ့ ပမာဏရှိပါတယ်။ ပြီးတော့ ထပ်မံလိုအပ်ခဲ့ရင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာ သဘာဝဘေးအန္တရာယ်အတွက် အရန်ဆန်တွေ ထားတာရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်းရှိပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေဟာသဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရင် ကူညီရမယ်ဆိုတဲ့ ကတိကဝတ်လည်းရှိပါတယ်"ဟုလည်းၾ၎င်းက ဆက်လက်ပြောပြသည်။

ယခုသဘာဝဘေးဒဏ်ကြောင့် မိုးစပါးပျက်စီးမှု ဧကသည် ၁ ဒသမ ၃ သန်းခန့် ရှိသည်ဟုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ထို့သို့ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုပမာဏနှင့် စပါးစိုက်ပျိုးထုတ်လုပ်မှုပမာဏအပေါ် ဦးအောင်သန်းဦးက"မြန်မာနိုင်ငံရဲ့ နွေစပါး၊ မိုးစပါးစိုက်ပျိုးမှု ဧကဟာသန်း ၂၀ ရှိပါတယ်။ စိုက်ပျိုးဧက ၁ ဒသမ ၃ သန်းခန့်လောက် ပျက်စီးတယ်လို့ သိရပါတယ်။ ဒီထဲက ဧက ၇ သိန်းလောက် ပြန်လည်ပေါ်တယ်လို့လည်းသိရပါတယ်။ ပျက်စီးမှုဟာ ၃ သိန်းကျော်လောက်ပဲရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ မနှစ်ကဆန် ၁ ဒသမ ၈၇ သန်းပြည်ပကိုတင်ပို့ခဲ့ပါတယ်။ ပြည်ပတင်ပို့တာကို စိုက်ဧကနဲ့ ပြောမယ်ဆိုရင် စိုက်ဧက ၂ သန်းလောက်က ထွက်တဲ့ဆန်ကိုတင်ပို့နေတာပါ။

"အခုအချိန်က စပါးစိုက်ချိန်ဆိုတော့ သက်ငယ်စပါးမျိုးတွေလည်း ပြန်လည်စိုက်ပျိုးဖို့လည်းအချိန်ရပါသေးတယ်။ စိုက်ပျိုးဧကတွေကများပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးထားတဲ့ ဧကနဲ့ ထုတ်လုပ်မှုကိုကြည့်ရင် လာမယ့်နှစ်မှာ ပြည်ပတင်ပို့မှု လျော့သွားနိုင်တာမျိုးကလွဲလို့ ပြည်တွင်းအတွက်ကလုံလောက်မှုရှိပါတယ်" ဟုပြောသည်။

ဆန်ဈေးနှုန်းများတည်ငြိမ်စေရန်နှင့် ဈေးနှုန်းမြင့်မားမှုများမဖြစ်ပေါ်စေရန် အရန်ဆန်များထားရှိမည်ဟုသိရပြီး ရန်ကုန်မြို့တွင် ဆန်အိတ်ရေငါးသောင်း၊ မန္တလေးမြို့တွင် ဆန်အိတ်ရေငါးသောင်း၊ မြောင်းမြမြို့နှင့် ကျိုက်လတ်မြို့များတွင် ဆန်အိတ် သုံးသောင်းစီနှင့် နေပြည်တော်တွင် ဆန်အိတ်ရေတစ်သောင်းစုစုပေါင်းဆန်အိတ် တစ်သိန်းခုနှစ်သောင်းထားရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

"ပြည်ပတင်ပို့မှုနဲ့ ပတ်သက်ပြီးဆန်တင်ပို့မှုကို ယာယီရပ်ဆိုင်းထားပါတယ်။ ဒီနေ့မှာလည်းမန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အတက်က(၁၆)မိုင် ဂိတ်က ဖြတ်သန်းသွားမယ့် ဆန်ကားများကို ရှေ့ဆက်ပြီးမူဆယ်အထိ တင်ပို့မှုကိုလည်း ယာယီရပ်ဆိုင်းထားပါမယ်။ ဒီလိုဆန်တင်ပို့မှုအတွက် ဂိတ်အထိရောက်ရှိလာတဲ့ ယာဉ်အမှတ်၊ ကုန်သည်စသဖြင့် အားလုံးကိုမှတ်တမ်းထားပါ့မယ်။

အခုယာယီရပ်ဆိုင်းရတာက ကျွန်တော်တို့ အားလုံးက ရေဘေးသင့်ပြည်သူတွေအတွက် ဈေးနှုန်းကြီးမြင့်တာမျိုးမရှိအောင် ဝိုင်းဝန်းဆောင်ရွက်ခြင်းတာပါ။ ကုန်သည်ညီနောင်တွေ အသင်းအဖွဲ့တွေ၊ လုပ်ငန်းရှင်တွေအားလုံးက ပါဝင်ဆောင်ရွက်ပေးပါလို့လည်း တိုက်တွန်းချင်ပါတယ်"ဟုမြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌက ဆက်လက် ပြောကြားခဲ့သည်။

ရေဘေးသင့်မြို့နယ်များတွင် ဖွင့်လှစ်မည့် ဆန်လက်ကားဆိုင်များတွင် ဆန်များကိုဈေးနှုန်းရင်းဖြင့် ရောင်းချသွားမည်ဖြစ်ပြီးဆန်လက္ကားဆိုင်များတွင် အခြေခံစားသောက်ကုန်များကိုပါပူးတွဲရောင်းချသွားမည်ဟုလည်း သိရသည်။

"ကျွန်တော်တို့ အသင်းဝင်တွေ အနေနဲ့က တော့ ပြည်သူတွေ အဓိကစားသုံးတဲ့ ပဲလေးမျိုးဖြစ်တဲ့ စားတော်ပဲ၊ ပဲကတ္တီပါ၊ ထောပတ်ပဲ၊ ကုလားပဲတွေကို ရေဘေးသင့်ပြည်သူတွေအတွက် ဆန်အရောင်းဖွင့်မယ့်နေရာတွေမှာ တွဲပြီးသက်သာတဲ့ ဈေးနှုန်းတွေနဲ့ ရောင်းချပေးသွားမှာပါ"ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်းဥက္ကဋ္ဌ ဦးထွန်းလွင်က ဆိုသည်။

"လက်ရှိ ပြည်တွင်းမှာ ကြက်သွန်နီ၊ ကြက်သွန်ဖြူဈေးတွေ ကျဆင်းသွားမယ်လို့ မှန်းဆပါတယ်။ ကျွန်တော်တို့ လက်ရှိဈေးကွက် အနေအထားအရ ပြည်တွင်းစားသုံးမှု လုံလောက်ပြီးပိုလျှံနိုင်ပါတယ်။ ပြည်ပကိုတင်ပို့ဖို့ ကန့်သတ်ထားမျိုးမရှိပါဘူး။ ဈေးကွက်အခြေအနေအရ ပြည်ပဈေးကွက်နဲ့ ပြည်တွင်းဈေးကွက် ကိုက်ညီမှုမရှိလို့ မတင်ပို့တာပါ။ ပြည်သူတွေ အခြေခံစားကုန်တွေ မလုံမလောက်မဖြစ်မှာ မစိုးရိမ်ပါနဲ့။

အခြေခံစားကုန်တွေအနေနဲ့ ရန်ကုန်မှာ ကုန်စည်စီးဆင်းမှုရော နယ်ကကုန်စည် စီးဆင်းမှု ရောပုံမှန်အနေအထားပါ။

ကျွန်တော်တို့အနေနဲ့လည်း ရေဘေးသင့်ဒေသတွေမှာဖွင့်လှစ်မယ့် ဆန်အရောင်းဆိုင်တွေမှာငရုတ်၊ ကြက်သွန်၊ အာလူးစတဲ့ အခြေခံစားကုန်တွေကို တွဲပြီးဖွင့်နိုင်ဖို့ စီစဉ်သွားမှာပါ။ ဈေးရင်းအတိုင်းရောင်းချနိုင်ဖို့ စီစဉ်ဆောင်ရွက်သွားမှာပါ။

ပြည်တွင်းမှာအခြေခံစားကုန်တွေ လုံလုံလောက်လောက်ရှိနေတယ်။ ပစ္စည်းရှားပါးဖို့၊ ပြတ်လပ်မှာတို့ မရှိနိုင်ဘူးဆိုတာ ပြည်သူတွေသိစေချင်ပါတယ်။ ကျွန်တော်တို့ ရေဘေးသင့်ဒေသတွေမှာရှိတဲ့ ကုန်စည်ဒိုင်တွေနဲ့ ဆက်သွယ် ဆောင်ရွက်သွားပါ့မယ်"ဟုမြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်က ဆိုသည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးသိန်းဟန်ကလည်း ဆန်ဈေးတက်သွားမယ်၊ ဆီဈေးတက်သွားမယ်ဆိုပြီး စိုးရိမ်စိတ်နဲ့ ကျန်တဲ့ဒေသတွေက ဝယ်ပြီးစုဆောင်းစရာ မလိုပါဘူး။ ကျွန်တော်တို့မှာဆန်၊ ဆီကအစ အခြေခံစားသောက်ကုန်အထိ လုံလုံလောက်ရှိပါတယ်။ တကယ်လို့ ကျွန်တော်တို့ ပြည်တွင်းစားသုံးမှုနဲ့ မနိုင်ခဲ့ရင် ပြည်ပကနေတင်သွင်းပါ့မယ်။

ဒီလိုဆောင်ရွက်တာကလည်း အဆင်ပြေအောင် ဆောင်ရွက်တာဖြစ်ပြီး ပြည်တွင်းထုတ်လုပ်မှုကို မထိခိုက်အောင်လို့ ခေတ္တသာတင်သွင်းမှာပါ။ ကျွန်တော်တို့ ဈေးမတက်အောင် နည်းမျိုးစုံနဲ့ ထိန်းသိမ်းပြီးဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့ ကုန်သည်စက်မှုအသင်းချုပ်နဲ့အတူ ဂီတအစည်းအရုံးတို့၊ အနုပညာအသိုင်းအဝိုင်းကတို့၊ ဈေးတွေက ပြည်သူတွေတို့ကလည်းလာရောက်ပူးပေါင်းလှူဒါန်းတာတွေ ရှိပါတယ်။

ပစ္စည်းစာရင်း၊ ငွေစာရင်းစသဖြင့် လှူဒါန်းတာတွေကိုစာရင်းပြုစုထားပါတယ်။ ဒါတွေက အခု အရေးပေါ်ကာလ လှူဒါန်းမှုတွေပါ။

နောက်ပိုင်းမှာလည်း ရေဘေးသင့်ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာလည်း လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမယ်။ ကျန်တဲ့ အသင်းအဖွဲ့တွေအားလုံးနဲ့လည်း ပူးပေါင်းပြီးဆောင်ရွက်သွားပါမယ်"ဟုပြောသည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် ရေဘေးသင့် ပြည်သူများအတွက် ဆန်အိတ်ပေါင်း ၁၉၀၀၀၊ ဆီတစ်လီတာဘူး ၂၆၀၀၀ ကျော်၊ ရေသန့်ဗူးတစ်လီတာဘူး ၂၁၀၀၀ ကျော်၊ ခေါက်ဆွဲခြောက်ထုပ် တစ်သိန်းကျော်၊ အမိုးအကာနှင့် အခင်းအဖြစ်ပါ အသုံးပြုနိုင်သည့်မိုးကာချပ် ၇၇၈ ချပ်၊ ဆေးခြောက်မျိုးပါ အထုပ်ပေါင်း ၆၆၀၀၊ ရေသန့်ဆေးပြားတစ်သိန်း၊ ပဲကတ္တီပါ ၁ ပိဿာထုပ် ၆၀၀၀၊ ခြင်စောင် တစ်ယောက်အိပ် ၂၀၀၀၊ နှစ်ယောက်အိပ် ၂၀၀၀၊ ရေစုပ်စက် ၁၇ လုံး၊ ငါးသေတ္တာဘူးကြီး ၈၀၀၀ ကျော် စုစုပေါင်းတန်ဖိုးအားဖြင့် သိန်းပေါင်းသုံးထောင်သုံးရာဆယ့်နှစ်သိန်းကျော် ပေးပို့လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

သဘာဝဘေး ကျရောက်မှုနှင့် အတူ သဘာဝဘေးဒဏ်ခံဒေသများတွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ထို့သို့ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က "မြန်မာနိုင်ငံကနေ နှစ်စဉ်ဆန်တန်ချိန် ၂ သန်းနီးပါး ပြည်ပသို့ တင်ပို့ပါတယ်။ ဒီနှစ် တန် ၂၀၀ တင်ပို့ပြီးသွားပါပြီ။ မနှစ်ကတင်ပို့မှုနဲ့ နှိုင်းယှဉ်ရင်တော့ တင်ပို့မှုများပါတယ်။ ဒီကာလမှာတော့ ဆန်တင်ပို့မှုတွေကို ယာယီအနေနဲ့ ရပ်ဆိုင်းထားပါမယ်။ တစ်ဖက်ကလည်း ဆန်ဈေးနှုန်း တည်ငြိမ်အောင် ဆောင်ရွက်ပါ့မယ်။

"ဒီနေ့ ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီကစပြီး မန္တလေးဘက်က ၁၆ မိုင် ဂိတ်ကစပြီး ယာယီဆန်တင်ပို့တာရပ်တန့်ဖို့ မေတ္တာရပ်ခံဆောင်ရွက်သွားပါ့မယ်။ ဒါကလည်းခေတ္တ ယာယီပဲဖြစ်ပါတယ်။ အခြေခံစားကုန်တွေ၊ ဆန်၊ ဆီကအစဈေးကွက်ရဲ့ supply နဲ့ demand မျှအောင် သက်ဆိုင်ရာ ဆန်ကုန်သည်အသင်းတွေ၊ ဆီကုန်သည်အသင်းတွေနဲ့ တခြားအခြေခံစားကုန် အသင်းအဖွဲ့တွေ အားလုံးနဲ့ ဆောင်ရွက်နေပါတယ်"ဟုပြောပြသည်။

"ကျွန်တော်တို့ ဝန်ကြီးဌာနပိုင် ရေဘေးသင့် ဒေသတွေ အဆောက်အအုံတွေ သိုလှောင်ရုံတွေကို ရေဘေးသင့်ပြည်သူတွေအတွက် အသုံးမယ်ဆိုရင် အခမဲ့ အသုံးပြုနိုင်အောင် စီစဉ်ထားပါတယ်။ ပြည်သူတွေက ကိုယ်ရဲ့ဆန်တွေ စပါးတွေ ရေလွတ်ရာမှာ ထားချင်တယ်ဆိုရင်၊ ဆန်စပါးအသင်းချုပ်ရဲ့ ဆန်တွေ ထားချင်တယ်ဆိုရင် အသုံးပြုနိုင်ပါတယ်။

"ရေဘေးသင့်ဒေသတွေက ကျွန်တော်တို့ ဝန်ထမ်းတွေကလည်းရေဘေးသင့် ဒေသတွေမှာဆန်ဆိုင်တွေ ဖွင့်တဲ့အခါ နေရာထိုင်ခင်း အခက်အခဲဖြစ်ရင်၊ သယ်ယူပို့ဆောင်ရေး အခက်အခဲတွေ ဆက်သွယ်ရေး အခက်အခဲတွေရှိရင်လည်းကူညီဆောင်ရွက်ပေးသွားမှာပါ။

ရေဘေးသင့်ဒေသတွေက ပြည်သူတွေအတွက် ကူညီထောက်ပံ့ရေးတွေနဲ့ အတူ ရေရှည်မှာလည်းတခြားဒေသတွေလိုဈေးနှုန်းမှန်မှန်ကန်ကန်နဲ့ ဝယ်ယူစားသုံးနိုင်ရေးဟာ အရေးကြီးပါတယ်။

" ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း နိုင်ငံတကာလာတဲ့ အကူအညီတွေဟာ နယ်စပ်ဂိတ်တွေကတစ်ဆင့် လာမယ်ဆိုရင် လွယ်ကူမြန်ဆန်စွာနဲ့ ရေဘေးသင့်ပြည်သူတွေထံ ရောက်ရှိအောင် ဆောင်ရွက်ပေးပါတယ်။

လက်ရှိ ကျွန်တော်တို့ ဆောင်ရွက်မှုတွေအပေါ်မှာ အကြံပေးပြောကြားချင် တာရှိရင်လည်း ကျွန်တော်တို့ဝန်ကြီးဌာနကို ဆက်သွယ်ဆောင်ရွက်ပေးပါ။ ကျွန်တော်တို့ ဘက်နေဆောင်ရွက်ပေးပါ့မယ်"ဟုလည်း ဦးတိုးအောင်မြင့်က ဆက်လက်ပြောကြားခဲ့သည်။

**ဟန်နီဝင်း**

## အခြေခံစားကုန်တွေ၊ ဆန်၊ ဆီကအစဈေးကွက်ရဲ့ Supply နဲ့ Demand မျှအောင် သက်ဆိုင်ရာ ဆန်ကုန်သည်အသင်းတွေ . . .

# ညောင်တုန်းမြို့ ရေဘေးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်



**ညောင်တုန်း ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ဩဂုတ် ၁၀ နံနက် ၆ နာရီအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေအမှတ်သည် ၂၅ ဒသမ ၀ ပေတွင်သာရှိပြီး ပြန်လည်ကျဆင်းလျက်ရှိနေကြောင်းသိရသည်။

ထို့ပြင် လူမှုကူညီအသင်းအဖွဲ့များမှလည်း ရေလျှံခြင်း၊ တာကျိုးပေါက်မှုမရှိစေရေးအတွက် ရေစိမ့်ဝင်နေသောနေရာများတွင် နေ့ ညမပျက် အင်တိုက်အားတိုက် ဆက်လက်ကူညီလုပ်ဆောင်လျက်ရှိသည်။

ညောင်တုန်းမြို့ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး ကွပ်ကဲမှုရုံးသို့ ဩဂုတ် ၉ ရက် ညနေ ၄ နာရီအထိ စေတနာရှင်ပြည်သူများ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် လူမှုရေးအသင်းဖွဲ့များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ကမ္ဘောဇဘဏ်လီမိတက်မှ ဆန်၊ ဆီ၊ ရေသန့်ဗူးများ၊ ခေါက်ဆွဲခြောက်ဘူးများ၊ VeVe အချိုရည်ဗူးများနှင့် အသက်ကယ်အင်္ကျီများ၊ ဧရာဝတီဘဏ်မှ ဦးဇော်ဇော်နှင့်အဖွဲ့က ဒီဇယ်ဆီဂါလန် ၁၀၀၀၊ ပီနန်အိတ်အလုံး ၅၀၀၀၀ နှင့် အသင့်စားသောက်ကုန်ပစ္စည်းများကို လှူဒါန်းခဲ့သည်။

ထို့အပြင် ကြည်မြင့်တိုင်လေဟာပြင်ဈေးအဖွဲ့၊ ဖောင်ဒေးရှင်းအဖွဲ့အစည်းများ၊ အဲပုဂံ(လေထုတ်လုပ်ပြင်ဆင်ရေး)၊ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအသင်း(ရန်ကုန်)၊ စင်ကာပူနိုင်ငံကြက်နီအသင်းမှ စင်ကာပူဒေါ်လာ ၂၀၀၀၀၊ Golden Power မိသားစုမှကုန်မျိုးစုံနှင့် ကျပ် ၄၅၆၀၀၀၀၊ ကိုအောင်မျိုးသန်း+မအေးအေးမွန် မိသားစုမှ စားသောက်ကုန်မျိုးစုံ ကျပ်သိန်း ၈၀၊ ဖျာပုံဘိုးဘွားရိပ်သာ၊ မြန်မာနှလုံးသား အလှူရှင်အဖွဲ့(ရန်ကုန်) ကျပ် ၁၀ သိန်း၊ မြောက်ဒဂုံ ၃၃ ရပ်ကွက်မှ လူသုံးကုန်ပစ္စည်းမျိုးစုံကျပ် ၃၁ သိန်း၊ Lotteria မိသားစုရန်ကုန်မှ လူသုံးကုန်ပစ္စည်းမျိုးစုံကျပ် ၃၈သိန်း၊ ဓမ္မဂုဏ်ရောင်အသင်း(ရဲမွန်၊ လှည်းကူး) မှ ဆန်နှင့်ပစ္စည်းမျိုးစုံ ကျပ်သိန်း ၆၀ တို့ကို လှူဒါန်းခဲ့သည်။

ၾ၎င်းအပြင် ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့အစည်းများ၊ အထည်ချုပ်စက်ရုံများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ တစ်ဦးတည်းအလှူရှင်များမှ ဆန်၊ ဆီ၊ ရေသန့်ဆေးဝါးပစ္စည်းမျိုးစုံ၊ ထမင်းထုပ်နှင့် အသင့်စားသုံးပစ္စည်းများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းမျိုးစုံအား ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်းခြင်းနှင့် မြို့နယ်ရေဘေးကူညီကယ်ဆယ်ရေး သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးကွပ်ကဲမှုရုံးသို့ရေဘေးသင့်ပြည်သူများနှင့် ရေဘေးရှောင်ပြည်သူများအတွက် လာရောက်လှူဒါန်းလျက်ရှိသည်။

ဩဂုတ် ၉ ရက် ညနေ ၄ နာရီအထိလူသုံးကုန်ပစ္စည်းမျိုးစုံနှင့် တန်ဘိုးငွေကျပ်စုစုပေါင်းကျပ် ၄၀၃၄ သိန်းကျော် လှူဒါန်းခဲ့ပြီး ရေဘေးကြီးကြပ်မှုကော်မတီများက စိစစ်ကြီးကြပ်၍ ရေဘေးသင့်အိမ်ထောင်စု ၁၀၆၇၄ စုနှင့်ရေဘေးသင့်လူဦးရေ ၄၆၇၀၃ ဦးသို့ လှူဒါန်းပေးလျက်ရှိသည်။

လက်ရှိညောင်တုန်းမြို့၏ဩဂုတ် ၁၀ ရက်နံနက်၆နာရီအထိရေမှတ်မှာ ၂၅ ဒသမ ၀ ဖြစ်ပြီး၊ အန္တရာယ်ရှိ လိမ္မော်ရောင်အဆင့် အန္တရာယ်ရှိအနေအထား သတ်မှတ်ထားဆဲဖြစ်ကြောင်းသိရသည်။**ထွန်းကျော်(ညောင်တုန်း)**

# ထူးချွန်စွာသင်ကြားပေးသည့် ဆရာ ဆရာမများအား ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ဒုတိယအကြိမ်မြောက် ဆုချီးမြှင့်မည်

**ရန်ကုန် ဩဂုတ် ၁၁**

ပညာတန်ဆောင်နှင့် မတည်အလှူရှင် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ပူးပေါင်းကာ ပညာရေးမြှင့်တင်ပေးသည့်အနေဖြင့် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများမှ ထူးချွန်သော ဆရာ ဆရာမများအား ရွေးချယ်ကာ ဒုတိယအကြိမ်ချီးမြှင့်နိုင်ရန် စာနယ်ဇင်းရှင်းလင်းပွဲကို ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ ဩဂုတ် ၉ ရက် ညနေပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများမှ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြဆရာ ဆရာများအားလုံးကိုသက်ဆိုင်ရာကျောင်းအုပ်မှတစ်ဆင့် မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ ပြည်နယ်အဆင့် ရွေးချယ်ရေးကော်မတီများမှ ထူးချွန်ဆရာများကို လွတ်လပ်စွာရွေးချယ်အကဲဖြတ်ခွင့်ပေးထားပြီး ဘာသာရပ်သင်ပြထူးချွန်မှုအဓိက ၅၀ ရာခိုင်နှုန်း အမှတ်ပေးပြီး စာရိတ္တကောင်းမွန်မှု၊ အသိပညာကြွယ်ဝမှုကို တိုင်းတာခြင်း၊ စဉ်းစားချင့်ချိန်မှု၊ ဝေဖန်ပိုင်းခြား တွေးခေါ်သုံးသပ်မှု၊ စည်းကမ်းကောင်းမှု၊ ဆရာအချင်းချင်း ချစ်ခင်လေးစားမှု၊ တပည့်များ၏ ကြည်ညိုလေးစားမှု၊ အသင်အပြကောင်းမွန်မှု၊ အများအကျိုးသယ်ပိုးပြီး လူမှုရေးတာဝန်သိမှု၊ ထူးခြားသောစွမ်းဆောင်မှုများရှိခြင်း စသည်တို့ကို အဆင့်ဆင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများအားလုံးသို့လည်း ထူးချွန် ဆရာဆရာမများကို ရေးဖြေ၊ နှုတ်ဖြေဖြင့် ရွေးချယ်တင်ပြနိုင်ရန် အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

ထူးချွန်ဆရာများ ရွေးချယ်ရေးဆိုင်ရာမူဝါဒများနှင့် ပတ်သက်ပြီး နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးပုဂ္ဂိုလ် ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဦးက “၂၁ ရာစု ပညာခေတ်မှာ ပညာကိုလေးစားပြီးအားပေးရမယ်။ အတွင်းရတနာတစ်ခုပါ။ အရည်အသွေးကောင်းမွန်တဲ့ပညာကို အရည်အသွေးကောင်းမွန်တဲ့ ဆရာတွေက ပေးနိုင်မှာဖြစ်လို့ အရည်အသွေးကောင်းမွန်တဲ့ ဆရာတွေ၊ ဆရာမတွေကို ဆရာဆိုတာ ပညာရေးရဲ့ အသည်းနှလုံးအဖြစ်ပင် တင်စားပြီးပြောထားသလို အထောက်အပံ့ပေးနိုင်ဖို့ တော်ဝင်ဦးကိုကိုထွေးက ချီးမြှင့်ဖို့ လာပြောရာကနေ ၂၀၁၄ ခုနှစ်က ပထမအကြိမ်ဆုပေးခဲ့ပြီး ယခု ဒုတိယအကြိမ် ထူးချွန်ဆရာဆု ရွေးချယ်ဖို့ လုပ်တာပါ။ မြန်မာနိုင်ငံမှာ ၁၉၈၈ ခုနှစ်ကတည်းက လူရည်ချွန်တွေ ၇၀၀၀ ကျော်မွေးထုတ်ပေးခဲ့ပြီ။ အခု ဆရာရည်ချွန်ဆုပေးဖို့လည်း လုပ်နေပါပြီ” ဟု ပြောကြားခဲ့သည်။

ကျောင်းအဆင့်ရွေးချယ်မှုကို စက်တင်ဘာ ၁၃ ရက်နှင့် မြို့နယ်အဆင့်ကို စက်တင်ဘာ ၂၇ ရက်တွင်လည်းကောင်း တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ကို နိုဝင်ဘာ ၂၉ ရက်တွင်လည်းကောင်း၊ ဗဟိုအဆင့်ကို ဒီဇင်ဘာ ၂၇ ရက်တို့တွင်လည်းကောင်း အသီးသီးစိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

‘ပထမအကြိမ်မှာ သိန်းကိုးရာကျော်တစ်ထောင်ဝန်းကျင်၊ ဒုတိယအကြိမ်မှာလည်း သိန်းတစ်ထောင်ကျော် မတည်လှူဒါန်းပေးပါတယ်။ ထူးချွန်ဆရာ ဆရာမတွေကို ဒီထက်ပိုပြီး ချီးမြှောက်ချင်တယ်ဆိုရင် ပါဝင်ပူးပေါင်းလှူဒါန်းလိုရင်တော့ Stake Holders တွေ အနေနဲ့ ပါဝင်ခွင့်ပြုပါတယ်။ ပညာရေးမြှင့်တင်ပေးစေချင်တဲ့ သဘောပါ” ဟု မတည်အလှူရှင် တော်ဝင်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကျောင်းပေါင်း လေးသောင်းခွဲခန့်ရှိပြီး ဆရာ ဆရာမ သုံးသိန်းခွဲမှ ထူးချွန်ဆရာ ဆရာမများကို တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီမှ ကိုးဦးစီဖြင့် အားလုံး ၁၆၂ ဦး ပေါ်ထွက်မည်ဖြစ်ပြီး ဗဟိုအဆင့် (မူ၊ လယ်၊ ထက်) ထူးချွန်ဆရာ ဆရာမ ပထမဆု ကျပ်သိန်း ၄၀၊ ဒုတိယဆု ကျပ်သိန်း ၂၀၊ တတိယဆု ကျပ် ၁၀ သိန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ထူးချွန်ဆရာဆုအဆင့်တွင် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု သုံးသိန်း၊ တတိယဆု နှစ်သိန်းချီးမြှင့်မည်ဖြစ်သည်။ ယခုနှစ်တွင် ဗဟိုသို့ လာရောက်ယှဉ်ပြိုင်သည့် ဆရာ ဆရာမ ၅၄ ဦးအတွက် လမ်းခရီးစရိတ်ကို ဗဟိုမှ ကုန်ကျခံမည်ဟု သိရသည်။

ကျန်အဆင့်စရိတ်များကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုင်ပင်ထားကြောင်း လုပ်ငန်းကော်မတီ ဒေါက်တာတင်ညိုက ပြောသည်။ ယှဉ်ပြိုင်သည့် ဆရာ ဆရာမများသည် ပညာရေးဌာနတွင် လုပ်သက်သုံးနှစ်နှင့်အထက် ရှိရမည်ဖြစ်ပြီး မိမိကျောင်းအုပ်ဆရာကြီးနှင့်ဆက်သွယ်ကာ ယှဉ်ပြိုင်ပုံစံဖြည့်ပြီး ပါဝင်လျှောက်ထားနိုင်သည်။ ပြိုင်ပွဲနှင့်ပတ်သက်ပြီး အသေးစိတ်သိလိုသည့် ဆရာ ဆရာမများသည် ရန်ကုန်မြို့ စမ်းချောင်းမြို့ရှိ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ရုံးဖုန်း ၀၁-၅၃၉၇၃၈၊ ၅၁၈၁၃၇၊ ၀၉-၂၅၉၃၄၄၈၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မေးခွန်းမှာ ဓမ္မဓိဋ္ဌာန်မေးခွန်း၊ မှန်-မှား၊ ညၢဏ်စမ်းဗဟုသုတများ၊ ကွက်လပ်ဖြည့်၊ အင်္ဂလိပ်စာ စသည်ဖြင့်ပါဝင်ကြောင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်က ပြောသည်။

**သန့်ဇင်ဝင်း**

# ရေဘေးသင့်ပြည်သူများအတွက် ဝေဠုကျော်ဖောင်ဒေးရှင်းသို့ စေတနာရှင်ပြည်သူများက ငွေလှူဒါန်း

**ရန်ကုန် ကမာရွတ် ဩဂုတ် ၁၁**

ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော ဝေဠုကျော်ဖောင်ဒေးရှင်း လူမှုကူညီကယ်ဆယ်ရေးအဖွဲ့သို့ စေတနာရှင်ပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်းကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီက ကမာရွတ်မြို့နယ် ပြည်လမ်း မာလာဆောင်ရှေ့ရှိ ကမ္ဘောဇဘဏ်ခွဲ တွင် ကျင်းပခဲ့သည်။

အဆိုပါလှူဒါန်းပွဲတွင် ကလေးမြို့ရေဘေးကယ်ဆယ်ရေးနှင့် ပတ်သက်၍ သရုပ်ဆောင် ကိုဝေဠုကျော်က “အချို့နေရာတွေမှာ သက်စွန့်ဆံဖျားလုပ်ရတာတွေရှိပါတယ်။ တောင်ကျရေတွေများလို့ ဘယ်လိုမှ ကူးလို့မရတဲ့ နေရာတွေမှာ ထမင်းငတ်ပြီး ရှိနေတဲ့ ရွာတွေ ကလေးဘက်မှာ ရှိပါတယ်။ အဲဒီအတွက် ကျွန်တော်တောင်ကျချောင်းကို ဖြတ်ကူးပြီးတော့ စက်သီးကြိုးနဲ့ ဆန်အိတ်တွေ ပို့ခဲ့ပါတယ်။ အဲဒီဘက်မှာ အများကြီးကျန်ပါသေးတယ်။ အဲဒီရွာတွေဟာ တောင်ကျရေတွေရှိတဲ့ အတွက်ဘယ်လိုမှ ပို့လို့မရပါဘူး” ဟု ပြောကြားခဲ့သည်။

၎င်းအနေဖြင့် ယခုအခါ မိတ်ဖက်အသင်းအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်နေပြီး ရေပြန်ကျချိန်တွင် ပြန်လည်ထူထောင်ရေးကာလ ပိုမိုကြာမြင့်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး “ဒီလိုဖြစ်သွားတာက သဘာဝဘေးပါ။ ဒါပေမယ့် အဲဒီသဘာဝဟာလည်း လူတွေဖျက်ဆီးလို့ ပျက်စီးတယ်လို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သစ်တောတွေ “ဖန်တီးသွားခဲ့ပါပြီ။ သဘာဝတွေ ပျက်စီးသွားတဲ့အတွက် ကျွန်တော်တို့ရဲ့လည်ပတ်မှုကြီးဟာ လွဲကုန်တဲ့အတွက် အခုလို မိုးခေါင်ရေရှားတဲ့ နေရာတွေမှာ မိုးတွေအများကြီးရွာပြီး ရေကြီးမှုတွေ ဖြစ်လာတာပါ”ဟု ကိုဝေဠုကျော်က ပြောကြားသွားခဲ့သည်။

ထို့ပြင် ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းလည်း ရေဘေးသင့်ပြည်သူများအတွက် ဇူလိုင် ၇ ရက်မှ စတင်ကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန် ဒေသများသို့ ကိုယ်တိုင်သွားရောက်၍ လက်တွေ့ထိရောက်စွာ ဆောင်ရွက်နေကြသော လူမှုရေး ပရဟိတအဖွဲ့များအား ငွေကြေးလှူဒါန်းခြင်း၊ ချက်ပြုတ်ကျွေးမွေးခြင်း၊ ထမင်းထုပ်များ ဝေငှခြင်း တို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများနှင့် ကယ်ဆယ်ရေးဆောင်ရွက်လျက်ရှိသော ကယ်ဆယ်ရေးအဖွဲ့ဝင်များအတွက် အသက်ကယ်အင်္ကျီများ၊ အသက်ကယ်လှေများ၊ မိုးကာဖျင်များ၊ ယာယီရွက်ဖျင်တဲများအစရှိသော ကူညီထောက်ပံ့ပေးပစ္စည်းများကို လှူဒါန်းလျက်ပြီး ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေးအတွက် ဘိလပ်မြေအိတ် ၆၀၀၀ နှင့် အိမ်မိုးသွပ်အချပ်ရေ ၆၀၀၀ ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

စေတနာရှင်များ လာရောက်ပေးပို့ လှူဒါန်းသော အလှူပစ္စည်းများကိုလည်း ကမ္ဘောဇအုပ်စုပိုင် MAI လေကြောင်းလိုင်းမှ Air Bus A 320၊ AIR KBZလေကြောင်းလိုင်းမှ ATR 72-600 လေယာဉ်တို့ ဖြင့်တင်ဆောင်၍လည်းကောင်း၊ MI17 ရဟတ်ယာဉ်များ၊ Y8 သယ်ယူပို့ဆောင်ရေး လေယာဉ်များဖြင့်လည်းကောင်း၊ သင်္ဘောများ စက်လှေများ ဆယ်ဘီကားကြီးများဖြင့်လည်းကောင်း ပရဟိတလူမှုရေးအသင်းများနှင့် ရေဘေးသင့်ပြည်သူများလက်ဝယ်အရောက် နေ့စဉ်အခမဲ့ သယ်ယူပို့ဆောင်ပေးနေကြောင်း သိရသည်။ ကမ္ဘောဇအုပ်စုပိုင် MAI လေကြောင်းလိုင်းနှင့် AIR KBZ တို့ အနေဖြင့် လေယာဉ်ခရီးစဉ် စုစုပေါင်း ၄၈ ခေါက်ကို အခမဲ့ပျံသန်းပေးပို့ခဲ့ကြောင်း သိရသည်။

ရေဘေးသင်းပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာမှ ငွေသားနှင့်ကယ်ဆယ်ရေးပစ္စည်း ကျပ်သိန်းပေါင်း ၄၂၀၀၀ သိန်းပေါင်းလေးသောင်းနှစ်ထောင်ကျော် လှူဒါန်းခဲ့ပြီး ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်သွားမည်ဖြစ်သည်ဟု သိရသည်။

မြန်မာကိုးကန့်တိုင်းရင်းသားများစုပေါင်း ပရတိတအဖွဲ့မှ ကိုမိုးမြင့်ကျော်က “ကျွန်တော်တို့ အဖွဲ့အနေနဲ့ ကိုဝေဠုကျော်ဖောင်ဒေးရှင်းနဲ့ ပူးပေါင်းပြီး ဒေသခံပြည်သူတွေမှာ တကယ်လိုအပ်နေတဲ့ ထောက်ပံ့ရေး ပစ္စည်းတွေပေးမယ်။ ထောက်ပံ့ငွေပေးမယ်။ သွားနိုင်သလောက် ရောက်နိုင်သလောက် ဒေသတွေကိုသွားပြီးတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို လုပ်မယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။

ကိုဝေဠုကျော်နဲ့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ လူမျိုးတွေက ကိုးကန့်ဒေသမှာ စစ်ဘေးရှောင်ပြည်သူတွေအတွက် အများကြီးအကူအညီပေးခဲ့တယ်။ ကိုးကန့်လူမျိုးတွေကလည်း မြန်မာတိုင်းရင်းသားတွေဖြစ်တဲ့အတွက် ချစ်ကြည်ရင်းနှီးမှုစည်းလုံးမှုပိုရှိအောင်လို့ ရေဘေးဒုက္ခဖြစ်တဲ့အခါမှာ အပြန်အလှန် အကူအညီပေးတာပါ။ အားလုံးဟာ တိုင်းရင်းသားတွေဖြစ်တဲ့အတွက် ဒီထက်ပိုပြီး ချစ်ကြည်ရင်းနှီးမှုတွေလည်းဖြစ်စေချင်တယ်ဟု ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပတ်သက်၍ ၎င်း၏အမြင်ကို ပြောကြားသွားခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ဘဝအလင်းရောင် အမျိုးသားစာကြည့်တိုက် ဖွင့်ပွဲ မြိုင်မြို့နယ်၌ ကျင်းပ

**မြိုင် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ညောင်ရွာအုပ်စု ပန်းတိုင်းတောကျေးရွာတွင် ဘဝအလင်းရောင် အမျိုးသားစာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီက အဆိုပါစာကြည့်တိုက်တွင်ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပန်းတိုင်းတောကျေးရွာရာအိမ်မှူး ဦးမြင့်သိန်း၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းထိုက်နှင့် ဒေါ်သန်းသန်းလွင် (လွင်စတားနည်းပြ) တို့က အဆိုပါစာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်က စာကြည့်တိုက်ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့် စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းခဲ့သည်။ မိမိတို့ရပ်ရွာတွင် စာကြည့်တိုက်ရှိလာခြင်းအတွက် ကလေးလူငယ်များနှင့် စာပေဝါသနာဖတ်ရှုသူများ၊ ကျောင်းသားလူငယ်များအတွက် ဗဟုသုတပြည့်ဝစေရန် ပြုလုပ်ပေးခြင်းကို ရပ်ရွာပြည်သူများကိုယ်စား ကျေးဇူးတင်ကြောင်း ကျေးရွာရပ်မိရပ်ဖတစ်ဦးက ပြောကြားခဲ့သည်။

**လှဝင်း(ပြန်/ဆက်)**



ချောက်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများနှင့် နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် ပဒေသာ(တောင်)၊ ပဒေသာ(မြောက်)နှင့် ကျွန်းသစ်(အရှေ့) ကျေးရွာပြည်သူများမှ ဆိပ်ဖြူမြို့နယ်သို့ ရွှေ့ပြောင်းနေထိုင်ကြသော ရေဘေးရှောင်ပြည်သူ ၆၄၆ ဦးအတွက် ဆန်၊ ခေါက်ဆွဲခြောက်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၂၃၂၀၀ ကျပ်အား ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ချောက်(ပြန်/ဆက်)

## ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကြို့ကန်ကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေး ဟောပြောပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်

**ခင်ဦး ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကြို့ကန်ကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေး ဟောပြောပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးမှူး အဆင့် (၁) ဦးစောဦးမှ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းနှင့် ကြိုတင်ကာကွယ်ရေးအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကျေးရွာမှ ဟောပြောပွဲတက်ရောက်လာသည့် ကလေးမိခင်များ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများကို ရွာစဉ်တိုက်နယ်ဆေးရုံလက်အောက်ရှိ သားဖွားဆရာမများက ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့တို့က ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး ကြို့ကန်ကျေးရွာမှ ဦးသိန်းဟန်-ဒေါ်စောရီမြ မိသားစုက ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၄ ဦးကို အာဟာရဆန်ပြုတ်ဖြင့် ဒါနပြုခဲ့ကြောင်းသိရသည်။

**ခင်ဦးစိုးဝေ**

# တီးတိန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ကျေးရွာချင်းဆက်နှင့် အဝေးပြေးလမ်း ၁၄၃၂၁၄ ပေနှင့် တံတား ၅၁ စင်း ပျက်စီးဆုံးရှုံး



ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရေးအဖွဲ့များ သွားရောက်တွေ့ဆုံစဉ်။

**တီးတိန် ဩဂုတ် ၁၁**

တီးတိန်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကျေးရွာ ၁၇ ရွာရှိ လူနေအိမ်ခြေ ၂၁၉ အိမ်၊ ဌာနဆိုင်ရာအဆောက်အအုံနှစ်လုံး၊ ဘာသာရေးအဆောက်အအုံနှစ်လုံးပျက်စီး၍ လူဦးရေ ၁၄၁၉ ဦး ရေဘေးသင့်ခဲ့သည်။ ကျေးရွာချင်းဆက်နှင့် အဝေးပြေးလမ်း ၁၄၃၂၁၄ ပေ ကာလတန်ဖိုး ၅၇၂ သန်းကျော် ပျက်စီးခဲ့ရပြီး ပေ ၂၀ အောက် တံတား ရှစ်စင်း၊ ပေ ၄၀ အောက်တံတား ၂၂ စင်းနှင့် ပေ ၄၀ အထက် တံတား ၂၁ စင်း ပျက်စီးခဲ့ကြောင်း သိရသည်။

လတ်တလောအခြေအနေအရ တီးတိန်-ကလေးလမ်း၊ တီးတိန်-ရိဒ်(ရိဒ်ခေါဒါရ်) လမ်းများတွင် ဂျစ်ဘီလူးများ၊ ယာဉ်ငယ်များ ပြေးဆွဲနိုင်သည်အထိ ယာယီပြုပြင်ပြီးစီး၍ တီးတိန်း-ဖလမ်း-ဟားခါးလမ်းမှာ ပြုပြင်ဆဲဖြစ်သည်။ ကျေးရွာအုပ်စု ၃၂ အုပ်စု၊ ကျေးရွာ ၃၉ ရွာရှိစိုက်ပျိုးမြေဧက ၁၄၅၅ ဧကနှင့် ရေသွယ်မြောင်း ၂၃၄၃၇ ပေ ပျက်စီးပြီး ကာလတန်ဖိုး ၅၇၅ သန်းကျော် ဖြစ်သည်။ ကျေးရွာရေအား လျှပ်စစ် ၁၁ ခု (ကာလတန်ဖိုး ၂၅၃ သန်းကျော်) ပျက်စီးပြီး ငါးကန် တစ်ဧကနီးပါး ပျက်စီးခဲ့သည်။ တိရစ္ဆာန်သေပျောက်မှုအနေဖြင့် ဝက် ၁၀ ကောင်၊ နွားနောက် ၅၂ ကောင်၊ မြင်း ၁၇ ကောင် ကာလတန်ဖိုး ၁၄ သန်းကျော် ဆုံးရှုံးခဲ့ရကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဦးစီးကော်မတီမှ သိရသည်။ လက်ရှိအချိန်အတွင်း နေရာအချို့တွင် မြေပြိုမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး ဘေးကင်းရာသို့ ပြောင်းရွှေ့နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်နေကြောင်း သိရသည်။

တီးတိန်မြို့နယ်တွင် ဩဂုတ် ၇ ရက်၌ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းအမှတ်(၁) ကို စကောလမ်းနှစ်ခြင်းအသင်းတော်တွင်ဖွင့်လှစ်ထားပြီး မြေပြိုမှုများနှင့် ကြုံတွေ့နေရသည့် ကဂင်ကျေးရွာအုပ်စု၊ ကဂင်ကျေးရွာမှ ပြောင်းရွှေ့လာသည့် ကျောင်းသား ကျောင်းသူ ၄၇ ဦးအပါအဝင် လူဦးရေ ၁၂၇ ဦးကို လက်ခံစောင့်ရှောက်ထားသည်။

ကယ်ဆယ်ရေး စခန်း အမှတ် (၂) ကိုစကောလမ်းရပ်ကွက် ရိုမန်ကက်သလစ်အသင်းတော်တွင် ဖွင့်လှစ်ထားရှိပြီး ဝေါင်မွာလ်ကျေးရွာအုပ်စု ဝေါင်မွာလ်ကျေးရွာ မြေပြိုမှုကြောင့် ပြောင်းရွှေ့လာသည့်လူဦးရေ ၁၀၀ ကျော်ကို လက်ခံစောင့်ရှောက်ထားဆဲဖြစ်သည်။ ကလေးမြို့နှင့်ထိစပ်လျက်ရှိသည့် တီးတိန်နယ်အတွင်းမှ နောက်ထပ်ပြောင်းရွှေ့လာမည့် ရေဘေးသင့်ကျေးရွာများ ရှိသေးကြောင်းနှင့် သက်ဆိုင်ရာက မော်တော်ယာဉ်များနှင့် သွားရောက်ခေါ်ဆောင်နေကြောင်း သိရသည်။

ကယ်ဆယ်ရေးစခန်းများ၏ နေထိုင်စားသောက်မှုကို တီးတိန်မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ၊ ဇိုမီးလူငယ်များအသင်း (Zomi Youth Association)၊ တီးတိန်လူငယ်များအဖွဲ့ (Tedim Youth Fellowship)၊ ရှလုန်လူမှုကူညီရေးအဖွဲ့ အစရှိသည့် လူမှုကူညီရေးအဖွဲ့များ၊ သက်ဆိုင်ရာ ဘာသာရေးအသင်းတော်များ ပူးပေါင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လောလောဆယ်ကလေးမြို့သို့ ယာဉ်ငယ်များ သွားလာနိုင်ပြီဖြစ်၍ စားနပ်ရိက္ခာရရှိရေးအတွက် ပိုမိုအဆင်ပြေလာသည့် အနေအထားဖြစ်သည်။ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်က ၄၀ ကီလိုဂရမ်ပါ ဆန်ချောတစ်အိတ်ကို နှစ်သောင်းရှစ်ထောင်၊ ၅၀ ကီလိုဂရမ်ပါ ဆန်ချောတစ်အိတ်ကို သုံးသောင်းသုံးထောင်ပတ်ဝန်းကျင်ဖြင့် တီးတိန်မြို့နယ်အရောက် ပို့ဆောင်ရောင်းချနေကြောင်း သိရသည်။

စားနပ်ရိက္ခာပြတ်လပ်ရှားပါးမှုများ ဖြစ်ပေါ်နေသည့် တွန်းဇံမြို့နယ်ကို ဩဂုတ် ၈ ရက်တွင် ဇိုမီးလူငယ်များအသင်း (Zomi Youth Association) က ဆန်အိတ် ၁၅၀၊ လောင်စာဆီများ၊ စားသောက်ကုန်နှင့် အဝတ်အထည်များ သွားရောက်လှူဒါန်းခဲ့ပြီး သန့်ရှင်းသည့်သောက်သုံးရေရရှိရေးနှင့် လိုအပ်သည့်ထောက်ပံ့မှုများရရန် တီးတိန်လူငယ်များအဖွဲ့ (Tedim Youth Fellowship)ကလည်း ကိုယ်တိုင်သွားရောက်ဆောင်ရွက်နေကြပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကလေးမြို့ဘက်လမ်းကို အဓိကလုပ်ကိုင်နေရသည့်အတွက် တွန်းဇံလမ်း ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်နေသည့် ကယ်ဆယ်ရေးစခန်းများနှင့် ပြည်လည်ထူထောင်ရေးအတွက် အလှူရှင်များ လိုအပ်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်း တီးတိန်မြို့နယ်အတွင်းက ပျက်စီးသွားသည့် အိမ်အလုံး ၅၀ အတွက် World Vision က သိန်းနှစ်ဆယ်တန် တန်ဖိုးနည်းအိမ်များ ဆောက်လုပ်ပေးနိုင်ရန် သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပျက်စီးသွားသည့် ကျေးရွာချင်းဆက်လမ်းများ၊ တံတားများနှင့် စိုက်ပျိုးမြေများကို သက်ဆိုင်ရာအနေဖြင့် ရန်ပုံငွေမရရှိသေးသောကြောင့် လက်ရှိအချိန်ထိ အကြီးစားပြုပြင်မှုများ မလုပ်နိုင်သေးဘဲ ရပ်ရွာလူထု၏အစီအစဉ်ဖြင့်သာ ဆောင်ရွက်နေရဆဲဖြစ်ကြောင်းသိရသည်။

**ရွှေမိုးကျော်**

# တောင်တွင်းကြီး ညောင်ဝန်းကျေးရွာ၌ လျှပ်စစ်မီးရရှိရေး ငွေကျပ်သိန်း ၆၄၀ ကျော်ဖြင့် ဆောင်ရွက်



**တောင်တွင်းကြီး ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ညောင်ဝန်းကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ပံ့ငွေကျပ် ၂၁၀ ဒသမ ၆၆ သိန်း၊ ပြည်သူများထည့်ဝင်ငွေကျပ် ၄၃၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၆၄၀ ကျော်ဖြင့် မီးလင်းရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းခွင်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းနှင့် တာဝန်ရှိသူများက ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုပြီး သတ်မှတ်ကာလအတွင်း ပြီးစီးရေး မှာကြားခဲ့သည်။

**နိုင်ဝင်း**

# Horizon RTK GPS များ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းပို့ချ

**မြစ်ကြီးနား ဩဂုတ် ၁၁**

ကချင်ပြည်နယ်အတွင်း ခေတ်မီအဆင့်မြင့် မြေတိုင်းကိရိယာဖြစ်သည့် Horizon RTK GPS များကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို မြစ်ကြီးနားခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန သင်တန်းခန်းမ၌ ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ပြည်နယ်ဦးစီးမှူး ဦးစောသင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်ပို့ချသည့်သင်တန်းသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်) မှ သင်ကြားပို့ချခဲ့သည့် Horizon RTK GPS များကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ပညာရပ်များအား ကချင်ပြည်နယ်အတွင်းရှိ ဝန်ထမ်းများအား ဆင့်ပွားပြန်လည်ပို့ချခြင်းဖြစ်ကြောင်း၊ ခေတ်မီအဆင့်မြင့် မြေတိုင်းကိရိယာဖြစ်သည့် Horizon RTK GPS ဖြင့် မြေပြင်တိုင်းတာပြီး Digital Map များထုတ်လုပ်၍ One Map System ထူထောင်ရေး ဆောင်ရွက်ရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ယခုသင်ကြားသည့်ပညာရပ်သည် ဌာနအတွက် အမှန်တကယ်လိုအပ်သည့်အတွက် အထူးအလေးထား၍ စနစ်တကျ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားကြရန်လိုအပ်ကြောင်း၊ ယခုသင်တန်းမှ ပို့ချချက်များအား မိမိတို့တာဝန်ကျမြို့နယ်များတွင် လက်တွေ့အကျိုးရှိစွာ ပြန်လည်အသုံးချရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဦးစီးဌာနမှူး၊ ဒုပြည်နယ်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူးများ၊ လက်ထောက်ဦးစီးမှူးများနှင့် မြေတိုင်းစာရေးအဆင့် သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

**စိန်ဝင်း(ပြန်/ဆက်)**

# မြင်းခြံခရိုင် ဘက်ထရီရှော့တိုက်မှုပပျောက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများ၊ အင်းသားကြီးများ၊ ရေလုပ်သားများအား ဂုဏ်ပြုခြင်းနှင့် ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့လှူဒါန်းခြင်းပြုလုပ်

**တောင်သာ ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီကျေးရွာ သိမ်ကျောင်း အလင်းစေတမာန်မွှာရုံတွင် ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီ၌ မြင်းခြံခရိုင်အတွင်း ဘက်ထရီရှော့တိုက်မှုပပျောက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများ၊ အင်းသားကြီးများ၊ ရေလုပ်သားများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့လှူဒါန်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာန မြင်းခြံခရိုင်ဦးစီးမှူး ဦးသော်ထွန်းဦးက ဘက်ထရီရှော့ဖမ်းဆီးရမိဖြစ်စဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြင်းခြံခရိုင်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးသော်ထွန်းဦး၊ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်နှင့် တာဝန်ရှိသူများက ဘက်ထရီရှော့ဖမ်းဆီးရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများ၊ အင်းသားကြီးများ၊ ရေလုပ်သားများကို ဂုဏ်ပြုလွှာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောဇီကျေးရွာသို့ ရောက်ရှိနေသောရေဘေးရှောင်ပြည်သူများအား အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ၊ အင်းသားကြီးများ၊ ရေလုပ်သားများ၊ ဒေသခံပြည်သူများ၊ ရေဘေးရှောင်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၁၅) ထီးလင်း၌ဖွင့်လှစ်

**ထီးလင်း ဩဂုတ် ၁၁**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး သင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်နှင့် ဌာနဆိုင်ရာဝန်ထမ်း ၁၈ ဦး စုစုပေါင်းအင်အား ၄၄၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်စိန်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သန်းတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပို့ချမည့်အကြောင်းအရာအကျဉ်းချုပ်အား ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်း၊ အဖွဲ့ဝင် ဦးထွန်းကြည်၊ အဖွဲ့ဝင် ဦးလူဇော် (မြို့နယ်ဥပဒေအရာရှိ)၊ အဖွဲ့ဝင် ဦးဘွေကြီးအောင် (မြို့နယ်စည်ပင်အမှုဆောင်အရာရှိ)၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်ဖြူလှတို့က သင်တန်းသားများနှင့် နိုင်ငံရေးပါတီကိုယ်စားလှယ် ၁၀ ဦးအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာများ၊ ဥပဒေများ၊ တာဝန်များအကြောင်း သင်တန်းပို့ချခဲ့ကြကြောင်းသိရသည်။

**ဓမ္မတုု(မကွေး)**

## စလင်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်း

**စလင်း ဩဂုတ် ၁၁**

မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများက ဩဂုတ် ၉ ရက် နံနက် ၉ နာရီခွဲက စားနပ်ရိက္ခာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝန်ကြီးနှင့်အဖွဲ့သည် စလင်းမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဝင်နစ်မြုပ်ခဲ့သည့် ဆုံကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆုံကုန်း၊ ကြက်ဟင်းခါးကျွန်းအလယ်ရွာ၊ ကြက်ဟင်းခါးကျွန်းမြောက်နှင့် ရေနံစုကျေးရွာများမှ အိမ်ထောင်စု ၂၀ အားလည်းကောင်း၊ စွန်းညိုကျေးရွာအုပ်စုအတွင်းရှိ ကျွန်းညို၊ ကျောင်းကြား၊ ဘိုကုန်း၊ ကွယ်စုနှင့် ရေနားကျေးရွာများမှ အိမ်ထောင်စု ၃၀ စု အားလည်းကောင်း၊ မြောက်ဇီးကုန်းကျေးရွာအုပ်စု၊ ရေနားကျေးရွာမှ အိမ်ထောင်စု ၈၆ စုအားလည်းကောင်း၊ နတ်တပ်ကျေးရွာ၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဝင်နစ်မြုပ်ခဲ့သည့် ကျေးရွာများမှ ခေတ္တပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စု ၇၆ စုအားလည်းကောင်း တစ်အိမ်ထောင်လျှင် ဆန်လေးပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကုလားပဲလေးဘူးနှင့် ကြက်သွန်နီ တစ်ပိဿာတို့အား ထောက်ပံ့လှူဒါန်းခဲ့သည်။

စလင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၇ အုပ်စု၊ ကျေးရွာ ၈၇ ရွာ၊ အိမ်ခြေ ၉၄၇၉ အိမ်၊ အိမ်ထောင်စု ၉၇၈၅ စု လူဦးရေ ၄၀၄၅၆ ဦးတို့မှာ ရေဘေးနှင့် ဆက်စပ်သည့် အခက်အခဲများ ကြုံတွေ့ခဲ့ရပြီး အကူအညီများ လိုအပ်လျက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ကူညီထောက်ပံ့မှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဧယျာတု(မကွေး)**

## ရေကျသွားသောလယ်မြေများတွင်ပြန်လည်စိုက်ပျိုးနိုင်ရေး အတွက် ထွန်စက်ဆယ်ငါးစီးဖြင့် ဆောင်ရွက်ပေးလျက်ရှိ



**မိုးကောင်း ဩဂုတ် ၁၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် ရေဘေးသင့်၍ လယ်မြေ ၁၂၀၄၂ ဧက ရေနစ်မြုပ်သည့်အနက် ဧက ၈၂၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ရာ ရေကျသွားသောလယ်များ၌ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဟိုပင်မြို့ရှိ အမှတ် ၉၃ စက်မှုလယ်ယာစခန်းမှ ထွန်စက် ၁၀ စီး၊ ရွှေကူမြို့ စက်မှုလယ်ယာ(ဆွယ်)မှ ထွန်စက်ငါးစီးတို့ဖြင့် အချိန်မီ ကူညီထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၈ ရက် နံနက်တွင် ကြာအင်းကျေးရွာအုပ်စုရှိ တောင်သူ ဦးလှမောင်ပိုင်လယ်မြေ ၁၅ ဒသမ ၀၇ ဧကကို ထွန်စက်များဖြင့်ထွန်ယက်ရာသို့ ပြည်နယ်စက်မှု လယ်ယာဦးစီးဌာနမှူး ဦးသောင်းထိုက်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတူးမိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးပြီး လုပ်ငန်းများ စနစ်တကျရှိစေရေး အတွက် ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးတင်မောင်ထွန်း၏ ဦးဆောင်စီမံမှုဖြင့် ဌာနမှစက်ပြင်ဝန်ထမ်းများက ဩဂုတ် ၈ ရက်အထိ ရေနစ်မြုပ်၍ ပြန်လည်ပြုပြင်ရန်လိုအပ်သော တောင်သူများပိုင်ဆိုင်သည့် လက်တွန်းထွန်စက် ၄၀ နှင့် ရေစုပ်စက် ၂၀ တို့ကို အချိန်မီ ပြင်ဆင်ပေးနိုင်ခဲ့ကြောင်းသိရသည်။

**(၄၉၉)**

## မြဝတီမြို့ သုခလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်၊ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေ

**မြဝတီ ဩဂုတ် ၁၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြဝတီမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော အမှတ်(၅)ရပ်ကွက် သုခလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက်က အဆိုပါလမ်းဖွင့်ပွဲမုခ်ဦးရှေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက စည်ပင်သာယာရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးလွင်က လမ်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် ရပ်ကွက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် သုခလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲမုခ်ဦးအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်၊ လူမှုရေးဝန်ကြီး ဦးချစ်လှိုင်၊ မြို့မိမြို့ဖ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ၁၈ လမ်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၃၇၀၃ သိန်းလျာထားခဲ့ပြီး လမ်း ၁၈ လမ်းအား ၁၀၀ ရာခိုင်နှုန်း အောင်မြင်စွာခင်းပြီးဖြစ်ကြောင်းနှင့် ယခု သုခလမ်း ကွန်ကရစ်လမ်းမှာ အရှည် ၁၇၄၂ ပေ၊ အကျယ် ၂၂ ပေ၊ ဒုခြောက်လက်မရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် ၅၉၅ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အခုလို ကွန်ကရစ်လမ်းသစ်ကြီးခင်းပေးတဲ့အတွက် တာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ်။ အရင်က ကတ္တရာလမ်းတွေဆို မိုးတွင်းရောက်ပြီးတာနဲ့ ပျက်စီးတာက များပါတယ်။ အခုလမ်းတော်တော်များများ ကွန်ကရစ်လမ်းတွေ ဖြစ်တာကြောင့် မိုးတွင်းပဲဖြစ်ဖြစ်၊ ရေကြီးတာပဲဖြစ်ဖြစ် ပျက်စီးတာမတွေ့ရပါဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## Unicef မှပစ္စည်းရှစ်မျိုးပါ HygieneKit ၁၀၀လှူဒါန်း

**ကျွန်းလှ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအားUnicef မှပစ္စည်းရှစ်မျိုးပါ HygieneKit ၁၀၀ လှူဒါန်းထောက်ပံ့ရာ ကျွန်းလှမြို့ပေါ်လေးရပ်ကွက်နှင့် ရှမ်းစု၊ တပ်ကုန်း၊ မကျီးအင်း၊ ငှက်ပျောတောကျေးရွာများကို ဩဂုတ် ၈ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ထွန်းသန်းနှင့် ဝန်ထမ်းများက ရေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်းခဲ့ကြသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

**Management & Accountancy Training Ltd**
*In Collaboration with*
**Guardian Independent Certification (GIC) Myanmar Co., Ltd.**
MAT Quality & Success
Awareness Training On
**ISO 9001:2015**
**Quality Management Standard**

About the Training
- About transition arrangement to the new ISO 9001:2015 Quality Management Systems (QMS)
- About the changes from ISO 9001:2008 to ISO 9001:2015
- Grasp the latest concepts and requirements defined in ISO 9001:2015

Programme
Hour • 9:00 AM to 5:00 PM
Date • 5th September 2015
Facilities • Reading Material, Tea/Coffee and Lunch
Location • NOVOTEL HOTEL (YANGON) No. 459, Pyay Road, Kamayut Township, Yangon.

Trainer
Foreign Expert who involved in 1400 of third party Auditing Engagements against various International Standards in Asia Pacific, Eastern Europe and Middle East Countries.

No. 355, 2nd Floor, Theinphyu Road, Mingalar Taung Nyunt Township, Yangon.
Email: lla.gicm@gmail.com, myintoo.mat@gmail.com. Phone: 951-242431, 951-246618, 95-9-5062354

**ဆရာကန်တော့ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများတွေ့ဆုံပွဲ**

Meiktila University ဓာတုဗေဒမိသားစု၏ အငြိမ်းစားဆရာ၊ ဆရာမကြီးများကို ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တွေ့ဆုံပွဲကို ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၂၈၊ ၂၉ရက်များတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ ကော်မတီဝင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ဒေါ်ခင်နန်းရွှေ(ဥက္ကဋ္ဌ) | ၀၉-၂၂၀၁၂၄၁ |
| ဒေါ်ခင်လှကြည်(အတွင်းရေးမှူး) | ၀၉-၂၅၉၂၅၄၀၉၄ |
| ဒေါက်တာစန်းတာအောင်(ဘဏ်/မှူး) | ၀၉-၄၂၀၇၀၂၄၇၃ |
| ဒေါက်တာထွန်းဇော်မိုး (Meiktila) | ၀၉-၂၂၅၇၀၃ |
| ဒေါ်အေးမြဖြူ (Meiktila) | ၀၉-၁၉၉၁၀၃၅၆၅ |
| ဦးမြင့်ကျော်သူ(ညောင်ဦး) | ၀၉-၂၀၄၂၄၃၂ |
| ဒေါ်ခင်ချိုအေး(ကျောက်ပန်းတောင်း) | ၀၉-၂၂၂၀၈၄၁ |
| ဦးစံလင်းထွေး(ရမည်းသင်း) | ၀၉-၄၀၂၅၆၈၇၄ |
| ဦးကိုအောင်(ပျော်ဘွယ်) | ၀၉-၄၃၁၇၁၅၁၅ |
| ဦးအောင်မြင့်(တောင်သာ) | ၀၉-၉၇၄၈၁၀၂၈၈ |
| ဒေါက်တာကေသီမွန်(မလှိုင်) | ၀၉-၇၃၁၀၀၇၆၄ |
| ဦးမြတ်သူ(သဲတော) | ၀၉-၂၁၆၅၅၅၄ |



# oD/fvmretql&Saumif q&mawmf;Dqmif a&ab;uhD;aqmifGuf

**လားရှိုး ဩဂုတ် ၁၁**

သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညနန္ဒ ဦးဆောင်မှုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော အရေးပေါ်ရေဘေးသင့် လူမှုကူညီရေးအသင်းအဖွဲ့များသည် စေတနာရှင်များထံမှ အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို စုစည်း၍ ရေဘေးဒုက္ခခံစားနေရသော ပြည်သူများထံ စားသုံးကုန်များကို အမြန်ဆုံးပေးပို့ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်မှ ရေဘေးသင့်ပြည်သူများထံသို့လည်း ဆက်လက်ပေးပို့ လှူဒါန်းသွားမည်ဟု ဆရာတော်က ဩဂုတ် ၈ ရက်တွင် မိန့်ကြားတော်မူခဲ့သည်။

ရှမ်းပြည်နယ်ရှိ မြို့နယ်အသီးသီးမှ ဒေသခံတိုင်းရင်းသားများနှင့် စေတနာရှင်များကလည်း အလှူငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများကို စုစည်း၍ တစ်တပ်တစ်အား သွားရောက်လှူဒါန်းကူညီပေးခဲ့ကြသည်။ လောက်ကိုင်တိုက်ပွဲမှ တိုက်ပွဲရှောင်ဒုက္ခသည်များအား အထူးကူညီစောင့်ရှောက်ပေးခဲ့သော လားရှိုးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒ ဦးဆောင်၍ လားရှိုးမြို့ အရေးပေါ်ရေဘေးသင့်လူမှုကူညီရေးအသင်း ၃၂ သင်းနှင့် နည်းပညာတက္ကသိုလ်အပါအဝင် ကျောင်းသား ကျောင်းသူလေးများကလည်း အလှူငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများကို စေတနာရှင်များထံမှ အလှူခံစုစည်းပြီး ရေဘေးသင့်ပြည်သူများထံသို့ အရောက်ပေးပို့လှူဒါန်းခဲ့သည်။

ယခုနှစ် ဇွန်၊ ဇူလိုင်လအတွင်း၌ မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာနိုင်ငံရှိ ဒေသများတွင် ရေကြီးရေလျှံခဲ့သဖြင့် ရဟန်းရှင်လူပြည်သူများ ရေဘေးသင့်ပြီး ဒုက္ခများစွာကြုံတွေ့ခဲ့ရသည်။ အဆိုပါ ရေဘေးသင့်ပြည်သူများအပေါ် လူသားချင်းစာနာထောက်ထားသောအားဖြင့် စေတနာရှင်များက တစ်စိတ်တစ်ဝမ်းတည်း တူညီစွာ ဝိုင်းဝန်းလှူဒါန်းကူညီပေးလျက်ရှိကြသည်။ ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်များအနေဖြင့် လားရှိုးမြို့ အရေးပေါ်လူမှုကူညီရေးအသင်းများနှင့် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညနန္ဒ ဖုန်း ၀၉-၅၂၆၂၆၇၄၊ ၀၈၂-၂၃၅၅၉၊ ၀၈၂ -၂၅၉၂၀) ထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။

**သီပေါကိုလတ်**

# ppfuikwdkif;a'oBuD;rS ,ifrmyifc&dkifwGif a&BuD;a&vQHrI;aMumifh vrf;rsm;? ausmif;rsm; ppfuikwdkif;a'oBuD;rS ,ifrmyifc&dkifwGif rsm; aqmif&Gufpqif

**ကနီ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ကျေးရွာပေါင်း ၆၅ ရွာ အိမ်ထောင်စု ၇၅၆၂ စုမှ ၇၃၄၀ အိမ်၊ စာသင်ကျောင်း ၂၈ ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းတို့တွင် ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့ပြီး မြစ်ရေနှင့်အတူ သဲနုန်းနှင့် နွံများဝင်ရောက်မှုများ ရှိခဲ့သည်။

အဆိုပါ နွံများဝင်ရောက်မှုကြောင့် ကျေးရွာများရှိ လမ်းများ၊ စာသင်ကျောင်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ကျောင်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျန်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထိန်စိုးနှင့် မြို့နယ်ပြန်လည်ထူထောင်ရေးကော်မတီဝင်များသည် ဩဂုတ် ၉ ရက်က ကင်းကျေးရွာ မြစ်



ကမ်းပါးပြိုကျမှု၊ လမ်းများ၊ အခြေခံအထက်တန်းကျောင်းဝင်းနှင့် စာသင်ခန်းများအတွင်း နွံဝင်ရောက်မှုများကို ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကင်းကျေးရွာ ကမ်းပါးပြိုမှု၊ ကျေးရွာလမ်းများနှင့် စာသင်ကျောင်းများအတွင်း နွံများဝင်ရောက်နေသဖြင့် ကျောင်းအမြန်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ကျနယ်မြေမှူးများနှင့် ကျေးရွာ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေများ၊ ကူညီထောက်ပံ့မှုများပေးခဲ့ကြောင်း သိရသည်။ **သန်းငွေအောင်(ကနီ)**

# u&ifjynfe, f tpdk;&tzGJU rS BuD;rSL; obm0ywfeufu ikfxdef;odrf;a&; taxmuf tul y&rD ofpfawmfydk;yifpkaygif;pdkufysdK;yGJ usif;y

**မြဝတီ ဩဂုတ် ၁၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ လေးကေ့ကော်မြို့သစ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ သစ်တောဦးစီးဌာနနှင့် PARAMI ENERGY GROUP OF COMPANIES တို့ ပူးပေါင်းပြုလုပ်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းငွေက သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ အမှတ်(၁၂)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဗိုလ်မှူးချုပ်မျိုးမိုးအောင်၊ သက်နှင်းညီနောင်အခြေချ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမျိုးခိုင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ KNU နှင့် BGF တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ပါရမီအင်နာဂျီမှ တာဝန်ရှိသူများက ပျိုးပင်များဖြန့်ဝေပေးရာ တာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများက သစ်ပင်များအား စုပေါင်းစိုက်ပျိုးခဲ့ရာ ငု၊ ကုက္ကို၊ မာတာကွတ်၊ ပိတောက်၊ ပျဉ်းကတိုး၊ ယမနေ အစရှိသည့်ပျိုးပင်ပေါင်း ၄၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ပြီး သစ်တောပျိုးပင် ၃၆၀၀၀ အား အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး၏ အလှူငွေကျပ်သိန်း(၁၅၀)ကို အမှုဆောင် ဒေါက်တာဒေါ်ခင်တင့်အုပ်ချုပ်ရေးမှူး ဦးစန်းလွင်၊ ဘိုးဘွားများနှင့် ဝန်ထမ်းများက ရေဘေးဒုက္ခခံစားနေရသော ပြည်သူများအတွက် ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်မှ လက်ခံရယူနေပုံ။






ကြော်ငြာ


## ဟိန္ဒူမိသားစုများ၏ (၂၁)-ကြိမ်မြောက်
## စုပေါင်းဝါဆိုသင်္ကန်း နှင့် ဆွမ်းအလှူဒါနပြုပွဲ ဖိတ်ကြားခြင်း

သနာတန ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်မှ ကြီးမှူး၍ (၂၁)-ကြိမ်မြောက် ဟိန္ဒူမိသားစုများ၏ စုပေါင်းဝါဆို သင်္ကန်း နှင့် တစ်နေ့တာဆွမ်းအလှူဒါနပြုပွဲကို ၁၃၇၇-ခုနှစ်၊ ဝါခေါင်လဆန်း(၁)ရက်၊ (၁၆-၈-၂၀၁၅) တနင်္ဂနွေနေ့ နံနက်(၉း၀၀)နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ သံဃမဟာနာယကကျောင်းဆောင်သစ်၌ သီတင်းသုံးတော်မူကြကုန်သော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဝိနည်းဓိုရ် ဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)မှ စာချဆရာတော်ကြီးများနှင့် စာသင်သံဃာတော်များအား ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစား ကျောင်းဆောင်တွင် ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါ၍ မိသားစုနှင့်တကွ ကြွရောက်တရားတော်နာယူ ကုသိုလ်သဒ္ဒါပွားများနိုင်ကြရန်နှင့် လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနိုးဆော်အပ်ပါသည်။

**095179532, 0943334445, 095108541, 09450010762, 095000453, 0973150779**



**POPULAR STAR** TRAVEL & SERVICES

ဖုဌ္ဌဝယာခရီးစဉ်

Promotion

ခရီးစဉ်ရက် - အောက်တိုဘာ ၂၆၊ နိုဝင်ဘာ ၁၅၊ ၂၉၊ ဇန်နဝါရီ ၂၇၊ ဖေဖော်ဝါရီ ၁၀၊ ၂၄၊ မတ် ၂၊ ၁၆၊

amazing THAILAND

Oct - 28

တောင်ကြီး၊ အင်းလေး
Oct - 28
Nov - 25

amazing THAILAND

Oct - 28

မြင်းဦးလှိုင် ခရီးစဉ်
Nov - 25

Packages
Scania Bus, 3Stars Hotel, Restaurant

၀၁ ၂၃၀၁၈၆၆၊ ၀၉-၅၁၂၉၁၃၄၊ ၀၉-၇၈၆၅၁၆၅၂၀၊ ၀၉-၇၈၅၀၂၂၄၅၂



**ASIA KING 09-43114301,01-543319**

+ ကျောက်စိမ်းစေတီ၊ မန္တလေးမဟာမြတ်မုနိ (နေပြည်တော်)
Breakfast, Lunch, Dinner- Package Tour (နေ့ချင်းပြန်)40000
+ ကျောက်စိမ်းစေတီ၊ မန္တလေးအနန်၊ မုံရွာ၊ စစ်ကိုင်း ရေဘေးအလှူ
(၁)ညအိပ် Hotel Package-75000 ကားမျိုးစုံငှားရမ်းလိုပါ 30% Discount
ရေဘေးအလှူပစ္စည်းများ တပါတည်းယူဆောင်နိုင်ပါသည်။



“(၆၃)နှစ်မြောက် အဘဘိုးမင်းခေါင်ထွက်ပွဲ”
**ဧင်ပြင်ရွာ၊ ပုပ္ပါး၊ မယ်ဘေ့ကုန်း**

50000 ks (28-9-2015)ရက်နေ့ထွက်မည်။

DPTOA-No.161

ရွှေစေတီ

Ph:09 450024419



**GOLDEN STAR** Travels & Tours

✿ တောင်ကြီး-မန္တလေး-မြင်ဦးလှိုင် Aug-24
✿ ကျိုက်ထီးရိုး/ရွှေသာလျောင်း/ငွေဆောင်

Ph :544383
209200
430480
703448
705968






သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ပါ

**ဂေါ်ဇီလာ**

ခြင်နှိမ် ဆေးခွေ

09 5152737



အောင်ချက်များစွာနှင့် အစဉ်အလာကြီးမားခဲ့သော
**EPS-TOPIK**
ဘာသာစကားအထူးသီးသန့်သင်တန်းကျောင်း

★ စာမေးပွဲအတွေ့အကြုံရှိ၊ သင်ကြားရေးအတွေ့အကြုံရှိ၊ လုပ်ငန်းခွင်အတွေ့အကြုံရှိ ဆရာ **နေမင်းသော်တာ** ကိုယ်တိုင်ဦးစီးသင်ကြားမည်။
★ အခြေခံမှစ၍စာမေးပွဲအောင်သည်အထိ ရိုးရှင်းလွယ်ကူစွာသင်ကြားပေးမည်။
★ ဆေးစစ်ခြင်း၊ ပတ်(စ်)ပို့လျှောက်ထားခြင်း၊ စာမေးပွဲလျှောက်လွှာ၊ အလုပ်လျှောက်လွှာ တင်ခြင်းများကို သင်တန်းကျောင်းမှ လိုက်လံကူညီဆောင်ရွက်ပေးပါသည်။

ဇူလိုင်းစာမေးပွဲအတွက် အနီးကပ်အထူးသင်တန်းစပြီ။
လစဉ်တန်းခွဲသစ်များ ရှိသည်
နယ်ကျောင်းသားများ နေ/စားစီစဉ်ပေးသည်၊



မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ လိုအပ်သော
အသက်မွေးဝမ်းကျောင်းပညာ (Vocational) ကျွမ်းကျင်သူများလေ့ကျင့်သင်ကြားနိုင်ရန်



**MCC Polytechnic (MCC.p)**
များဖွင့်လှစ်လိုက်ပါပြီ

အင်္ဂလန်နိုင်ငံတက္ကသိုလ်များမှ ချီးမြှင့်မည့်

**MCC Institute**
- B.Sc (Computing)
- B.Sc (Engineering)
- B.B.A

edexcel Approved Centre
BTEC Approved Centre

**MCC Polytechnic**
Level (4) & Level (5)
Higher National Diploma (HND)
- အင်ဂျင်နီယာ ဒီပလိုမာ (Civil, Mechanical, Electrical)
- ကွန်ပျူတာ ဒီပလိုမာ
- စီးပွားရေး ဒီပလိုမာ

- MCC Polytechnic (Yangon) - 01-245762, 01-249152, 01-395512
- MCC Polytechnic (Mandalay) - 09-402671562,09-91034062, 011-202113, 02-77930
- MCC Polytechnic (Naypyitaw) - 09-31354842, 09-254148940
- MCC Polytechnic (Yatanarpon) - 02-5178112, 02-5178132

August Intake

Hot-Line: 01-246634, 01-2304156
www.facebook.com/mcc.institute



**VAC** VALUE ADDED CONSULTANCY

မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

**Job Openings for Foreign Firms**

**Project Sales Manager** M/F(2)
- Any Grad, 5 ~ 7yrs Exp in Electrical, Lighting, CCTV, Fire Alarm, Cable, Elevator Field;

**Channel Development Manager** M(1)
- Any Grad, 5 ~ 10yrs Exp in FMCG / Paper Product Field; Fluent in English;

**Sales & Marketing Manager** M/F(2)
- Any Grad, Exp in FMCG / Construction Materials / Real Estate / Mobile Phone / Cargo Sales;

**BDD Executive** - Chemical Products M/F(2)
- Any Grad, 3yrs Exp in Relevant Field; Fluent in English;

**Sales Executive** - Electrical - Lighting M/F(2)
- Any Grad, 3yrs Exp in Construction, Distribution, Project, Interior Decoration Field;

**Project - Site - Planning Engineer** - Yangon - Other Region M(10)
- BE / GTI ( Civil ), 5yrs Exp in Road & Bridge / Building Construction Field;

**Sales Engineer** - Oil & Gas - USD 700 M(1)
- BE / GTI ( Mechanical ), 1yr Exp in Oil & Gas Sales Field; Fluent in English;

**Sales Engineer** - Water Purifier - USD 400 M(1)
- Any Engg Degree, 2yrs Exp in Related Sales Field; Fluent in English;

**Sales / Service Engineer** - German Co M/F(5)
- BE/GTI(ME/EP/EC/MC), 2yrs Exp in Heavy Machinery Field; Fluent in English;

**Microwave Engineer** - BE (EP), 3yrs Exp in Relevant Field; M(1)
**Safety Supervisor** - Japan Co - Any Grad, 3yrs Exp in Construction Field; M(1)
**Project / Site Supervisor** - Construction - Telecom - Any Grad, 2yrs Exp; M(5)

**Secretary - Office Secretary** - Ygn - Npt - Any Grad , 3 ~ 5yrs Exp; M/F(8)
**Document Controller** - Any Grad, 2yrs Exp in Construction Field; F(1)
**Fleet / Transport Supervisor**- Ygn-Npt - 3yrs Exp in Vehicle / Transport M(2)
**Driver** - Japan Co - Any Grad , 3 yrs Exp , Fluent in English; USD 250 M(2)
**Chinese / Japanese / Korea / French Translator** M/F(5)

E-mail ဖြင့် အလုပ်လျှောက်နိုင်သည် ။ CV ကို MS Word File & Photo ကို Jpg File ဖြင့်ပို့ပါ။

Value Added Consultancy
No.118, 6th Floor,23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

ကြော်ငြာ

**GOURMET {ယခင် AD လမ်း}၏ မန္တလေး မုံ့တီ စစ်စစ် ကို (14.8.2015) ရက်နေ့မှစ၍**

**THE PROME RESTRAUNT ပြည်လမ်း၌ နံနက် ( ၆း၀၀ ) နာရီမှ (၁၁း၀၀) နာရီ အတွင်း**

**သုံးဆောင်နိုင်ပါသည်။**

THE PROME Restraunt – အမှတ်(၆၅၃)၊ မြကန်သာ(၂)လမ်း၊ တံတားဖြူမှတ်တိုင်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်။
၀၉-၇၉၇၅၁၂၆၇၁၊ ၀၉-၇၉၇၉၇၇၇၄၀၊ ၀၉-၇၉၇၉၇၇၇၅၀

Moon Bakery – အမှတ်(၃၀၆)၊ ပြည်လမ်းနှင့် မြေနုလမ်းထောင့်၊ စမ်းချောင်းမြို့နယ်။ ၀၉-၄၂၁၀၈၃၉၆၄၊ ၀၁-၅၃၆၀၂၈
အချိန် – နံနက်(၇း၀၀)နာရီမှ နံနက်(၁၁း၀၀)နာရီအထိ

GOURMET မန္တလေးမုံ့တီ – အမှတ်(၁၉၀/က)၊ ပါရမီလမ်းမ၊ သုမင်္ဂလာလမ်းနှင့်သံသုမာလမ်းကြား၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၆၈၀၄၇၇၇၊ ၀၉-၂၀၀၆၇၇၇၊ ၀၉-၄၃၁၂၅၀၈၀၊ ၀၉-၃၃၃၁၄၀၇၈
အချိန် – နံနက်(၆း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ

**နိုင်းပွိုင့်နိုင်း (9.9) ဘက်စုံသုံးဆပ်ပြာရည်**
စားသောက်ကုန်နှင့်လူသုံးကုန်လုပ်ငန်း(ရေသန့်စက်ရုံ၊ မုန့်တိုက်၊ စားသောက်ဆိုင်)အတွက် အထူးစီမံဖော်စပ်ထားသော ဆပ်ပြာရည် 5 Liter, 20 Liter ဘူးများကို အိမ်/စက်ရုံ အရောက်ပို့ပေးသည်။
Phone: 09 - 333 557 81

**ချမ်းမိုင်းသစ္စာ** 562829,09-73198239 569782,09-450006779

**23 မဆလာ**
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ကဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

**အမေရိကန်ပညာရေး စိတ်ဝင်စားသူများအတွက်**

တက္ကသိုလ်ဝင်တန်း (or) IGCSE အောင်ပြီးပါက ကုန်ကျစရိတ်သက်သာစွာဖြင့်
မိမိကြိုက်နှစ်သက်ရာ Major ကိုရွေးချယ်ကာ (၄)နှစ်အတွင်း USA ဘွဲ့ရနိုင်ခြင်း
မိမိသင်ယူလိုသောဘာသာရပ်ကို USA College and University များသို့ တိုက်ရိုက် တက်ရောက်ပညာသင်ကြားနိုင်မည့် အခွင့်အရေးရှိခြင်းတို့ကြောင့်
မှန်ကန်သော ပညာရေးလမ်းကြောင်း ရွေးချယ်နိုင်ရန် (အခမဲ့) လာရောက်ဆွေးနွေးနိုင်ပါသည်။
Study in USA @ Effortable price

**Myanmar TELESIS** Call Us: 01 - 527168 09 - 796114575






Hot Line No-0930500100

# အားနည်းချက်များရှိနေသည့် နယ်ပယ်များကို မဟာဗျူဟာကျကျပြုပြင်ခြင်းဖြင့် ကောင်းမွန်စွာအစပျိုးနိုင်

နေပြည်တော် ဩဂုတ် ၁၁

**မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်ချက်(Sovereign rating) သတ်မှတ်နိုင်ရန်အတွက် ဖွဲ့စည်းထားသည့်လုပ်ငန်းအဖွဲ့နှင့် ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်ချက် လုပ်ငန်းစဉ်အတွက် ပူးတွဲအကြံပေးမည့် အင်္ဂလန်နိုင်ငံအခြေစိုက် Standard Chartered Bank နှင့် အမေရိကန်နိုင်ငံအခြေစိုက် Citi Bank တို့အကြား လုပ်ပိုင်ခွင့်စာလွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel၊ Grand Ball Room ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ဗဟိုဘဏ်ဒုတိယ ဥက္ကဋ္ဌများ၊ Thailand and Greater Mekong, Standard Chartered Bank ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စ လင်းကော့ခ်၊ Thailand၊ Myanmar၊ Laos and Cambodia, Citi Bank ၌ နေကိုယ်စားလှယ် မစ္စတာ ဒယ်ရမ် ဘာကလီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်ချက်ရရှိရေး အဓိကရည်ရွယ်ချက်မှာ မိမိတို့နိုင်ငံ၏ လက်ရှိရောက်ရှိနေသည့် အဆင့်နေရာကိုသိရှိပြီး အားနည်းချက်များရှိနေသည့် နယ်ပယ်များကို မဟာဗျူဟာကျကျပြုပြင်ခြင်းဖြင့် ကောင်းမွန်စွာအစပျိုးနိုင်ရန် ဖြစ်ပါကြောင်း၊ ၎င်းနယ်ပယ်များကို ရှာဖွေသတ်မှတ်ပြီး တိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်ရန် ကမ္ဘာ့အထင်ကရဘဏ်ကြီးနှစ်ခုမှ ပူးတွဲကူညီပေးသွားမည်ဖြစ်၍ အားရကျေနပ်မိပါကြောင်း၊ သိသာထင်ရှားသည့်ရလဒ်များရရှိရန် မိမိတို့အပိုင်းမှ ဆောင်ရွက်ပေးနိုင်သည့် ကိစ္စမှန်သမျှကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Thailand and Greater Mekong, Standard Chartered Bank ဥက္ကဋ္ဌနှင့်

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ◆**

## မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၁**

**စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်မှု အခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ အချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့ နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်မှု အခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင်သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း နှစ်ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကသတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## ကလေးဒေသနှင့် ချင်းပြည်နယ်ရေဘေးသင့်ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများ မုံရွာမှ အဆက်မပြတ် ပို့ဆောင်ပေးလျက်ရှိ

**မုံရွာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ရေဘေးသင့်ဒေသများအတွက် ထောက်ပံ့ပစ္စည်းများကို ရဟတ်ယာဉ်၊ လေယာဉ်၊ ကုန်တင်မော်တော်ယာဉ်များဖြင့် ပေးပို့လျက်ရှိရာ မုံရွာမြို့မှ ဦးထွန်းဦး-ဒေါ်ရေးရေး (တော်ဝင်စတား) ရေယာဉ်မိသားစု၏ ကုန်တင်ဇက်ရေယာဉ်ကြီးလည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။

ကုန်တင်ရေယာဉ်များဖြင့် ရေဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့မှုအခြေအနေနှင့် ပတ်သက်ပြီး တော်ဝင်စတား ရေယာဉ်မိသားစုမှ ဒေါ်ရေးရေးက "အခုလို ရေဘေးသင့်ဒေသတွေကို ပေးပို့မယ့် အနယ်နယ်အရပ်ရပ်က အလှူရှင်တွေရဲ့ ထောက်ပံ့ကူညီရေးပစ္စည်းတွေကို ကျွန်မတို့မိသားစုပိုင် ဇက်ရေယာဉ်နဲ့ အခမဲ့ပေးပို့ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကမ်းနားကိုလာရင်း ကလေးရေဘေးသင့်ဒေသကိုတင်မယ့်ပစ္စည်းတွေ၊ ကားတွေနဲ့ တန်းစီနေတာကို တွေ့တယ်။ နောက်ပြီး နိုင်ငံတော်ကလည်း ရဟတ်ယာဉ်တွေ၊ လေယာဉ်တွေနဲ့အားချင်းကို ပစ္စည်းတွေပို့နေတာတွေ ပုဂ္ဂလိက

**စာမျက်နှာ ၄ ကော်လံ ၄ သို့ ○**



ယ ၎ နေ့ မာတိကာ

ကြုံကြိုက်ခဲ့သည့် မြတ်ဒါန — စာမျက်နှာ - ၂

လူလိုသိသူ လူကိုရွေးပါ — စာမျက်နှာ - ၆

ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အကူအညီပေးရန် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဇက် - ၁၀၈ ရေယာဉ်အား ကလေးဝမြို့သို့စေလွှတ် — စာမျက်နှာ - ၇




themirror.npt@gmail.com
www.facebook.com/themirrordaily
R/184